
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်


- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သောမျိုးချစ်စိတ်ဓါတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓါတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဦးအောင်မြင့်၊
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
အောင်မြင်ပုံနှိပ်တိုက်၊
ဖြန့်ချိရေး
အောင်မြင်စာပေ၊
ပထမအကြိမ် - ၂၀၁၃ ခုနှစ်၊ (ဖေဖော်ဝါရီလ)၊
အုပ်ရေ(၅၀၀)၊

၈၉၅.၈၃
ဝိဏ္ဏာ
မြေထိုးမှားတဲ့ကကွက် / ဝိဏ္ဏာ၊ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၃၊
၁၅၀ - စာ၊ ၁၃.၅ × ၂၁ စင်တီ၊
(၁) ဝိဏ္ဏာ

BURMESE CLASSIC .com



ယောကျ်ားတွေရဲ့ ချစ်သူဘဝ ဆိုတာ
အဲဒီမိန်းကလေးအတွက်
ထောင်ကျရက် မရောက်ခင် ကတည်းက
ထောင်ထဲ ကြိုဝင်နေရတဲ့
ရာဇဝတ်သားတွေလိုပဲ
ကိုယ့်ရဲ့အခွင့်အရေးတွေကို
အဝမ်းမရ လက်ဝါးကြီးအုပ် စိုးမိုးခံရတော့တာပဲ

(ရွှေဘုန်းလှ)




www.burmeseclassic.com

www.burmeseclassic.com




မိန်းမတွေဟာ ချစ်သူအဖြစ်
သူတို့ကိုတန်ဖိုးထားလိုက်တာနဲ့
မျက်နှာသာပေး ရွှေအားပန်းကန်တတ်
ဆိုသလို ယောကျ်ားတစ်ယောက်ရဲ့
လူပျိုဘဝ လွတ်လပ်ပိုင်ခွင့်တွေကို
အဲဒီယောကျ်ားရဲ့ ကုပ်ပေါ်ခွစီးပြီး
ကြိမ်တစ်ချောင်းနဲ့ နွားကျောင်းသလို
ကျောင်းချင်ကြတဲ့ နွားကျောင်းသမတွေ
(ဇော်ထက်



မိန်းမတစ်ယောက်ကို
လေးစားနေရုံ ချစ်နေရုံနဲ့
အိမ်ဦးခန်းမှာတင်ပြီးနတ်ဘုရားမလို
ကိုးကွယ်ထားရမှာလား၊
မိန်းမဆိုတာ ချစ်ဖို့ မြတ်နိုးဖို့ပဲ၊
ကိုးကွယ်လေးစားဖို့ သူ့ဆရာလုပ်သမျှကို
နာခံဖို့မဟုတ်ဘူး။

(ချမ်းမြေ့)



www.burmeseclassic.com

www.burmeseclassic.com

မိန်းမတွေက
သူတို့နား
ကပ်မိလိုက်တာနဲ့
စုပ်ဂလူးလိုပဲ
လုံးဝကို ခွာလို့မရတော့ဘူး
(ရှိုင်း)







# အခန်း (၁)

"လုပ်ပါ ဒီတစ်ခါတည်းပါကွာနော်"

"အို . . ခွင့်မပြုနိုင်ပါဘူး"

"ခွင့်ပြုလိုက်ပါ ဇေလေးရယ်၊ မင်းမှခွင့်မပြုရင် သူငယ်ချင်းတွေက ကိုယ့်ကို ဒီလောက်လေးတောင်မှ မပိုင်ဘူးလားဆိုပြီး လူညွန့်တုံးအောင် ဝေဖန်ကြတော့မှာကွ"

ရွှေဘုန်းလူ လက်အုပ်မချီရုံတမယ် တောင်းပန်တိုးလျှိုးကာ ခွင့်ပြုချက် ပါမစ်တောင်းခံနေသော သနားစရာပုံစံကို ကြည့်ပြီး ဇေယျာ



www.burmeseclassic.com

www.burmeseclassic.com



နွယ်၏ စုကျုံ့ထားသော မျက်မှောင်အနည်းငယ် ပြေလျော့လာသည်။

"ဒါဆို ဇေလည်းလိုက်မယ်"

"အင်း"

သူမပါ လိုက်မည်ဆို၍ ရွှေဘုန်းလူ မျက်လုံးပြူးသွားသည်။ သူမ ပါမှတော့ သူငယ်ချင်းတွေ ဘယ်မှာလာပြီး လွတ်လွတ်လပ်လပ် တဲခွင့်ရှိတော့မှာလဲ။

ကိုယ့်မှာတော့ သိပ်မကြာခင်မှာ အိမ်နေထောင်ဆိုသော အချုပ်ထောင်ကို ရာသက်ပန် တစ်သက်တစ်ကျွန်း ကျတော့မှာမို့ မကျခင်လေးမှာ လက်ကျန်လူပျိုရက်ကလေးတွေကို လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါးလေး ကုန်ဆုံးမယ်ဟု အားခဲထားတာ. . .။

ခု ဒင်းက လိုက်မယ်ဆိုတော့ ဘာထူးမှာလဲ။ ထောင်ကျရက်မရောက်ခင်ကတည်းက ထောင်ထဲကြိုဝင်နေသလို ဖြစ်တော့မှာပေါ့. .

"သင့်. . သင့်တော်ပါ့မလား ဇေရယ်၊ ကိုယ်တို့က တခြားကိစ္စလေးတွေလည်း ရှိသေးတယ်"

"ဘာကိစ္စလဲ"

"ပြောလို့မဖြစ်ဘူး"

"ဒါဆို ပိုပြီးတောင် လိုက်ဦးမှာ"

"ကျွတ်. . ဇေရာ မင်းက မိန်းကလေး၊ ကိုယ်တို့ သူငယ်ချင်းလေးယောက်နဲ့ အတူ ဇေပါလိုက်မယ်ဆိုတော့ ဘယ်မျှမှာလဲ. . အများအမြင်မှာ လေးယောက်နဲ့ တစ်ယောက်ကြီးများတောင် ဆိုပြီး. . ဇေ့ကိုဝိုင်းပြီးကဲ့ရဲ့ကြမှာပေါ့"

"ဘာ"





"အဲ. . ပလုတ်တုတ်၊ ဟာ. . ဖြည်းဖြည်းအော်ပါကွာ လိပ်ပြာလွင့်တော့မှာပဲ"

ဘာခနဲ အော်လိုက်သော အသံကြောင့် ရွှေဘုန်း ပခုံးကို ဆတ်ခနဲ တွန့်သွားရင်း မျက်လုံးပေကလပ်ပေကပ်ဖြစ်ကာ သူ့ရင်ဘတ်ကို ယောကျ်ားမဆန်စွာ ဖိလိုက်သည်။

"ဘုန်း. . ဘယ်လိုပြောလိုက်တာလဲ ဇေက လေးယောက်နဲ့ တစ်ယောက်ကို ဘာလုပ်မှာမို့လဲ၊ စကားကို အနှောင့်အသွားလွတ်လွတ်ပြောပါ၊ ဒီကကိုယ့်ချစ်သူကို စိတ်မချလို့ လိုက်တဲ့ဟာကို ခုလို တလွဲလျှောက်တွေးစရာလား"

"အယ်. . တလွဲမတွေးပါဘူး၊ ဒဲ့တွေးလိုက်တာပါ ပတ်ဝန်းကျင်ဆိုတာ အမြင်နဲ့ အထင်ကို စကားအဖြစ် လုပ်ပြောပြီး ပါးစပ်အရသာခံ ဝေဖန်တတ်ကြတဲ့ လူစားမျိုးတွေလေ၊ ဇေက ယောကျ်ားလေး လေးယောက်ထဲမှာ ကန့်လန့်ကန့်လန့် ပါနေမယ်ဆိုရင် အများကဒီလိုပဲမြင်ကြမှာပဲ၊ နောက်ပြီး ကိုယ်တို့ဘီယာဆိုင် ထိုင်ဖြစ်ကြမယ် သောက်ကြစားကြမယ် လူမှန်းမသိအောင် မူးပြဲကြမယ်ဆိုရင် ဇေဘာလုပ်မလဲ"

"ထိုင်ကြည့်နေမှာပေါ့"

"ဟာကွာ ဇေကလည်း ပြောရတာ လက်ပေါက်ကပ်လိုက်တာ ကျွတ်"

"ဒီမှာလက်ပေါက်ကပ်တာတွေ ခြေပေါက်ကပ်တာတွေ ဇေနားမလည်ဘူး၊ ဇေ နားလည်တာ မင်္ဂလာဆောင်ခါနီး ဘုန်း သူငယ်ချင်းတွေနဲ့ ခရီးထွက်မယ့် ကိစ္စကို ဇေလုံးဝခွင့်မပြုဘူး၊ ခွင့်ပြုမယ်ဆိုရင်လည်း ဇေလိုက်ရမှ ခွင့်ပြုမယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အခွင့်အရေးတွေကို လက်ဝါးကြီးအုပ်နေသော ဇေ့ကို ကြည့်ပြီး ရွှေဘုန်းလူ ခေါင်းတွေတဖျင်းဖျင်း ကုတ်သည်။

ဇေယျာနွယ်၏ ဂျစ်ကန်ကန်မထီတရီ မျက်နှာကို စိတ်မသက်သာသော အမူအရာဖြင့် ရှုံ့မဲ့စွာ ကြည့်ပြီး. . သက်ပြင်းကို ဟင်းခနဲ ချတာ. . .

မိန်းမတွေ ကောင်းကိုမကောင်းဘူးလို့ သူငယ်ချင်းတွေ ပြောခဲ့သည့်. . မိန်းမ မကောင်းကြောင်း ဒဿနတွေကို လက်ခံချင်သလိုလို တောင်ဖြစ်သွားမိသည်။

"မိန်းမတွေဟာ ချစ်သူအဖြစ် သူတို့ကို တန်ဖိုးထားလိုက်တာနဲ့ မျက်နှာသာပေး ရွှေအေးပန်းကန်တက်. . ဆိုသလို ယောကျာ်းတစ်ယောက်ရဲ့ လူပျိုဘဝ လွတ်လပ်ပိုင်ခွင့် တွေကို. . အဲဒီယောကျာ်းရဲ့ ကုပ်ပေါ် ခွစီးပြီး ကြိမ်တစ်ချောင်းနဲ့ နွားကျောင်းသလို ကျောင်းချင်တဲ့ဟာတွေ"

မှန်လိုက်တာ ဇော်ထက်ရယ်ဟု အပြည့်အဝကို ထောက်ခံမိသည်။

"မိန်းမတစ်ယောက်ကို လေးစားနေရုံ ချစ်နေရုံနဲ့ အိမ်ဦးခန်းမှာတင်ပြီး နတ်ဘုရားမလို ကိုးကွယ်ထားရမှာလား၊ မိန်းမဆိုတာ ချစ်ဖို့ မြတ်နိုးဖို့ပဲ. . ကိုးကွယ်ဖို့ လေးစားဖို့ သူဆရာလုပ်သမျှကို နာခံဖို့ မဟုတ်ဘူး" ဟုပြောခဲ့သည့် ချမ်းမြေ့၏ ခံယူချက်ကိုလည်း ပြန်လည်ကြားယောင်ပြီး ဦးညွှတ်မိပြန်သည်။

ဒါတင်မကသေးဘူး "မိန်းမတွေဟာ သူတို့နား ကပ်မိလိုက်တာနဲ့ စူပါဂလူးလိုပဲ လုံးဝကို ခွာလို့မရတော့ဘူး" ဆိုတဲ့ ရဲနိုင်စကား





အလည်း ခုကိုယ့်လက်တွေ့ပဲ. . .။

မယုခင်လေးမှာ သူငယ်ချင်းတွေနဲ့ လွတ်လွတ်လပ်လပ် ခရီးထွက်မယ့်ကိစ္စမှာ သူမက ကိုယ့်အနားမှာ စူပါဂလူးလိုပဲ ခွာမရဘူးဖြစ်နေသည်။

"ဘယ်လိုလဲ. . ဇေလိုက်လို့ရတယ် မဟုတ်လား"

လက်မောင်းကို ခပ်ကြမ်းကြမ်း ကိုင်လှုပ်၍ မေးနေသော ဇေယျာနွယ့်ကို ကျောချမ်းသလို ပြန်ကြည့်လိုက်ပြီး. . .

"ဘာ. . ဘာမေးတာလဲ"

"ခြော်. . ဇေလည်း ဘုန်းတို့နဲ့အတူ လိုက်မယ်လို့"

ရွှေဘုန်းလူ တံထွေးမပါပဲ လေချည်းသက်သက် မျိုချလိုက်ပြီး အကြောင်းပြချက် ကောင်းကောင်းကို ကမန်းကတန်း စဉ်းစားလိုက်ပြန်သည်။

"အဲ. . လိုက်. . လိုက်လို့တော့ ရပါတယ်၊ ဒါပေမဲ့ ဟိုကောင်ချမ်းမြေ့ ကိစ္စလုပ်ရင် ဇေဘယ်လိုလုပ်မလဲ"

"ချမ်းမြေ့က ဘာကိစ္စလုပ်မှာလဲ"

"သူ့ဆီမှာ ပြူတစ်ပြူတစ်နဲ့ ဝင်စို့ထွက်စို့ ဖြစ်နေတဲ့ သူ့ဟာကြီးကို သွားဖြတ်မှာ. . ဇေထင်သလို ကိုယ်တို့က အပျော်ခရီး ထွက်ကြမှာ မဟုတ်ဘူး"

"ဟင်. . ဘာ. . ဘာကြီးကို သွားဖြတ်မှာလဲ"

ဇေယျာနွယ် အလန့်တကြားဖြစ်ကာ အလောတကြီး မေးလိုက်သည်။

"ဟို. . ဟိုဟာလေ၊ သူ့. . သူ့ဖင်မှာ ထွက်နေတဲ့ဟာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟမ်. . အမလေး၊ ဘာ. . ဘာကြီးတုန်း"

"လိပ်ခေါင်း"

"ဟယ်. . ထွီ. . ရွံ့စရာကြီး ချမ်း ချမ်းမြေ့မှာ အဲဒါကြီး ရှိတယ်ဟုတ်လား၊ အမလေး အဲလိုမှန်း သိရင်သူ့ကို သတိုးသားအရန် မလုပ်ခိုင်းပါဘူး"

မျက်နှာကြီး ရှုံ့မဲ့ကာ ပြောနေသော ဇေယျာနွယ်ကို ကြည့်ပြီး ရွှေဘုန်းလူ ရယ်ချင်မိသည်။ သို့သော် မရယ်မိအောင် ထိန်းရင်း. . .

"ဩော်. . ဇေရယ် သူလည်းဘယ်ဖြစ်ချင်မှာလဲ သူတို့က မျိုးရိုးရှိတယ်လေ၊ သူ့မှာလဲ လိပ်ခေါင်းရှိတာ မဆန်းပါဘူး၊ ခုလည်း ရန်ကုန်က ဆရာဝန်တွေနဲ့ပြရင် ဆေးရုံတက်ဘာတက်နဲ့ ခွဲရစိတ်ရ လုပ်ရမှာရှတ်လို့. . ၊

နယ်ကသူ့ဘကြီးရှိတဲ့နေရာမှာ ဗမာဆရာကောင်းကောင်း ရှိတယ်လေ၊ အဲဒီမှာ သူ့လိပ်ခေါင်းကို သွားဖြတ်မှာ ကိုယ်တို့က အဖော်လိုက်သွားပေးရမှာ၊ ဘယ်လောက်မှ မကြာဘူး အလွန်ဆုံးတစ်ပတ်ပဲ ဇေ လိုက်မယ်ဆိုလည်း လိုက်ခဲ့၊ သူ့လိပ်ခေါင်းကို ဖြတ်ထုတ်တဲ့ အချိန်မှာ ကိုယ်တို့က သူ့ရဲ့ခြေထောက်တွေ လက်တွေကို ဝိုင်းကိုင်ပြီး ချုပ်ပေးထားရမှာ ဆိုတော့. . ဇေပါတော့ လူအင်အားပိုတောင့်တာပေါ့"

"ဘယ်လို. . ဇေလိုက်တာနဲ့ လူအင်အားပိုတောင့်တာနဲ့ ဘာဆိုင်လို့တုံး"

ဇေယျာနွယ် မျက်စောင်းလေးချီကာ ပြော၏။

"ဆိုင်တာပေါ့ ကိုယ်တို့က သူ့ခြေထောက်တွေ လက်တွေကို ဝိုင်းချုပ်ပေးရမှာ ဆိုတော့. . ဇော်ထက်နဲ့ရဲနိုင်က လက်နှစ်ဖက်ကချုပ်





ပေးနဲ့ကိုယ်နဲ့က ခြေထောက်နှစ်ချောင်းကိုချုပ်၊ အင်း. . အဖော်တော့ရပါတယ်လေ လိုက်ရင်လိုက်ခဲ့ပါ၊ မမြင်ဖူးတာတွေ မြင်ဖူးသွားတော့သည်း ဘဝမှာ အတွေ့အကြုံသစ်တွေ တိုးတာပေါ့လေ"

ရွှေဘုန်းလူ လေသံအေးအေးဖြင့်ပင် ဇေယျာနွယ် လိုက်မှာကိုမမှုသလို ပြောလိုက်သည်။ ဇေယျာနွယ် တီကောင်ဆားပက်ခံရသလို တွန့်သွားကာ. . .

"အို. . ဘာအတွေ့အကြုံလဲ၊ ရွံ့စရာကြီး မလိုက်ဘူး လုံးဝမလိုက်တော့ဘူး၊ အမလေး လိပ်ခေါင်းဆိုတာကို ဇေကမမြင်ဖူးပေမယ့်ရွံ့စရာ ကောင်းမှန်းတော့ သိပါတယ်. . ဝေါ့. . ထွီ. . ."

"ဒါဆို ကိုယ်လည်း လိပ်ခေါင်းဖြစ်ကြည့်မယ်လေ၊ ဒါမှ ဇေသည်း လိပ်ခေါင်းဆိုတာ မြင်ဖူးသွားတာပေါ့. . အဟဲ"

"သွား. . ညစ်စုတ်တဲ့ စကားတွေ လာမပြောနဲ့"

ရွှေဘုန်းလူ သူ့အကြံ အောင်သွားသည်။ ဇေယျာနွယ် အော်ဂလီဆန်နေပုံကို ကြည့်ပြီး ရယ်ချင်တာက တစ်မျိုးကြောင့် ဇေယျာနွယ့်ခုံးကို လှမ်းဖက်ကာ. . တဟားဟား အော်ရယ်လိုက်သည်။

ဇေယျာနွယ် မျက်စောင်းလှဲ့လှဲ့လေး ထိုး၏။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂)

"မင်းကွာ အကြောင်းပြစရာ ရှားလို့ . . ဒီနည်းနဲ့ အကြောင်းပြရသလား၊ မင်းပြောသလို ငါလည်း တကယ် လိပ်ခေါင်း မထွက်ပဲနဲ့"

ချမ်းမြေ့၏ဖြူဖွေးနေသော မျက်နှာမှာ ရှက်၍လားမသိ နှာခေါင်းထိပ်မှ စကာ တဖြည်းဖြည်း ရဲတွတ်၍လာသည်။

ဇော်ထက်နှင့် ရဲနိုင်ကတော့ အရှက်ကြီးလွန်းသော ချမ်းမြေ့ကိုမှ လိပ်ခေါင်းပိုင်ရှင်ဖြစ်အောင် ထွင်လုံးတွေ သုံးလိုက်သော ရွှေဘုန်းလူ၏ လျှပ်တစ်ပြက် အစီအစဉ်ကို သဘောကျကာ တဟားဟားဖြင့်





အော်ရယ်ကြ၏။

"ဟော့ကောင်တွေ လာရယ်မနေနဲ့"

ဇော်ထက်နှင့်ရဲနိုင် ရယ်လေ ချမ်းမြေ့ရှက်ရကောင်းမှန်း ပိုသိသာလေ ဖြစ်ကာ ရှုံ့ရှုံ့ရှားရှား ဖြစ်နေသည်။

"ဟော့ကောင် . . လှန်စမ်း မင်းလိပ်ခေါင်း ဘယ်လောက်ကြီးလဲ ကြည့်ရအောင်"

ရဲနိုင် ချမ်းမြေ့၏ ဘောင်းဘီစကို လှမ်းဆွဲသဖြင့် ချမ်းမြေ့ ကိုယ်ကို တစ်ဖက်သို့ ကျုံ့၍ရှောင်လိုက်ပြီး . . .

"ဟော့ကောင်တွေ နိုင်ငံရေးတွေ ပါမလာနဲ့နော် ယောကျာ်းချင်း ဘာမှမထူးဘူး၊ ရွှေဘုန်း မင်းကွာ မသကာဆို ရဲနိုင်ကို အိတ်ရှိရောဂါ သွားကုမှာတို့ . . ဇော်ထက်ရဲ့ ဝက်ရူးပြန် ရောဂါကို လူမသိသူမသိ သွားကုမှာတို့ ဆိုရင် . . နည်းနည်း သဘာဝကျဦးမယ်ကွာ ဘယ်နှယ့် လိပ်ခေါင်းထဲကို ဒီအတွေးကြီး ဝင်သွားရတာလဲမသိဘူး"

"ဝင်ချင်လို့ဝင်တာ မဟုတ်ဘူး ငါ့ကောင်ရ၊ ဖေနဲ့ငါနဲ့ အဲဒီအချိန် စကားပြောနေတုန်း ကားလမ်းပေါ်က ချာတိတ်တစ်ယောက် ဝတ်ထားတဲ့ တီရှပ်အင်္ကျီ စတေကာက လိပ်ပုံကြီးနဲ့ ဆိုတော့ . . ငါလည်း ဖြန်းခနဲ အဲလိုအကြံရသွားပြီး ပါးစပ်ထဲတွေကရာ ပြောလိုက်တာ၊ ဘာဖြစ်ဖြစ် တစ်ရန်တော့ အေးသွားတယ် မဟုတ်လား၊ နို့မို့ဆို ငါ့ကောင်မလေးက ကန့်လန့်ကန့်လန့် ပါနေရင် ငါတို့ကဲရမှာ လွတ်လပ်မှာ မဟုတ်ဘူး"

"မင်းထင်လား သူချမ်းမြေ့လိပ်ခေါင်း ကြောက်ပြီး မလိုက်ရင် . . 24 hours all times ဖုန်းကြီးပဲဆက်နေမှာ မင်းမှာ ခေါ်ချိန်



www.burmeseclassic.com

www.burmeseclassic.com



ရှုရှူးပေါက်ချိန် ရရင်ကံကောင်း"

"ဒါများ လွယ်လွယ်လေးပါ ဇော်ထက်ရာ ဖုန်းပိတ်ထားလိုက်ရုံပေါ့"

"မင်းပိတ်ရဲလို့လား"

"အဲဒီကျရင် လက်တွေ့ကြည့်လိုက် ခုပြောရင် လေဖြစ်မယ်"

"အိုကေ ဒါဆိုရင်တော့ မင်းစိတ်လွတ်ကိုယ်လွတ်သာ လန်းပေတော့၊ အဟဲ. . အဲဒီမှာ မင်းကို ဖြားယောင်းမယ့် နတ်မိမယ်လေးတွေတောင် အဆစ်ပါဦးမယ်"

"ဟာ. . ဟေ့. . ဟေ့. . တော် ဒါတော့ငါ့မှာစည်းရှိတယ်ကွ လောကမှာ ဇေကလွဲလို့ ကျန်တာတွေကို ငါက မိန်းမလို့မြင်တာ မဟုတ်ဘူး"

"ဒါဆို မင်းအမေတွေ မင်းအစ်မတွေလည်း မိန်းမ မဟုတ်တော့ဘူးပေါ့"

"ဒါကတော့ ချွင်းချက်ပေါ့ကွာ"

"ကဲပါ ဒါတွေထားလိုက်ပါတော့ ငါတို့မနက်စောစော ထွက်မှာနော် မင်းတို့အားလုံး သွားဖို့လာဖို့ ပြင်ဆင်ပြီးပြီလား"

ရဲနိုင်အမေးကြောင့် ချမ်းမြေ့ လက်မထောင်ပြကာ. . .

"ကားထဲမှာ ဆီတောင် အပြည့် ဖြည့်ထားပြီးသား"

"အိုကေ. . ဒါဆို ဒီည ချမ်းမြေ့တို့ အိမ်မှာပဲ အိပ်ကြတာပေါ့"

"ငါတို့ ချောင်းသာကို သွားကြမှာ. . ငါတို့သူငယ်ချင်း လေးယောက်ကလွဲပြီး ဘယ်သူမှ မသိဘူးနော် ဘုန်းလူ. . မင်းရဲ့ ဇေယျာနွယ်ကိုရော ပြောပြထားလား"





"ဟာ. . ချမ်းမြေ့ရဲ့ လိပ်ခေါင်း သွားကုပါမယ်လို့ ညာထားတဲ့ အာကို ဘယ်လိုလုပ် ချောင်းသာ သွားမယ့်ကိစ္စကို ပြောခဲ့ရမှာလဲ ဇော်ထက်ရာ"

"အေးပါ. . ဒါဆိုလဲ ပြီးရော၊ အားလုံး အတိုင်အဖောက် မညီရင် အလိမ်တွေ ပေါ်ကုန်မှာ ကြောက်ရတယ်၊ ငါလည်း ရုံးက မနည်းကို ခွင့်ရအောင် ခိုင်လုံတဲ့ အကြောင်းပြချက်တွေ ပေးထားရတာ၊ ဒါတောင် ဌာနမှူးက သိပ်ပြီးပေးချင်တာ မဟုတ်ဘူး"

"မင်းကဘယ်လို လိမ်ညာပြီး ခွင့်တင်ထားလို့လဲ"

"ငါ့အဘိုး အသည်းအသန် ဖြစ်လို့ဆိုပြီး တင်ထားရတာ"

"ဟာ. . ဇော်ထက် မင်းကလည်း မလိမ်ကောင်းပါဘူးကွာ"

ရဲနိုင်စကားကြောင့် ဇော်ထက် မျက်မှောင်ကျုံ့ ကြည့်ပြီး. .

"ဘာလို့ မလိမ်ကောင်းတာလဲ"

"စကားနောက် တရားပါလေကွာ မင်းအဘိုး တကယ်ဖြစ်နေရင် ဘယ်လိုလုပ်မလဲ"

"ဟ. . ငါလည်း နပ်ပါတယ်ကွ၊ ခုဟာက ငါ့အဖေ ဘက်က အဘိုးက ဘိုးတော်ဦးဝိုင်း လက်ထက်ကတည်းက သေပြီးသား၊ အဟဲ ခုဆို လူပြန်ဝင်စားလို့ ကလေးတောင် ခြောက်ယောက်လောက်တောင် မွေးပြီးနေလောက်ပြီ"

"ဪ. . ဒီလိုလား"

"ငါကတော့ ရှင်းတယ် ဘယ်သူ့ကိုမှလည်း မဟုတ်က ဟုတ်က ညာစရာ မလိုဘူး၊ ငါ့ဆိုင်လေး ငါပိတ်ပြီး ဒိုးလိုက်ရုံပဲ၊ ငါ့အိမ်မှာက ငါပဲဆရာ ငါပဲတပည့် ငါပဲစီစဉ်တင်ဆက်သူ"



www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့ မင်းကတစ်ကောင်ကြွက်ကို ရနိုင်ရ"

"မင်းသူများကိုတော့ ဇွတ်ပြောနေတယ် ချမ်းမြေ့ မင်းကရော မင်းကောင်မလေးကို ဘယ်လိုအကြောင်းပြချက်တွေ ပေးခဲ့သေးလဲ"

"အဟဲ . . ဒီ . . ဒီလိုပေါ့ အထက်ကအရာရှိရဲ့ လုပ်ငန်းကိစ္စနဲ့ နယ်ကို ထွက်ရမှာမို့လို့ဆိုပြီး ရှိုးခဲ့တာပေါ့၊ မိန်းမတွေများက ဘယ်လို လှည့်လှည့် ရပါတယ်၊ သူတို့က သူတို့ဆီရောက်ရင် ငါတို့ဘက်က သူတို့ ကျေလောက်တဲ့ အီစီကလီတွေပေးလိုက် . . ငါတို့ဘာပြောပြော ယုံတယ်"

သူငယ်ချင်းလေးယောက် အကြောင်းပြချက် ကိုယ်စီဖြင့် လိမ်လည်ပြီး ထွက်လာကြသည့် ချောင်းသာ ခရီးစဉ်မှာ အတော်လေးကို ပျော်စရာကောင်းမှာတော့ သေချာသည်။

ထိုခရီးစဉ်သည် ရွှေဘုန်းလူ၏ လူပျို လက်ကျန်ရက်ကလေးတွေကို မီးကုန်ယမ်းကုန် ကဲခိုင်းမယ့် ပျော်စရာ ခရီးစဉ်ကလေး ဆိုလျှင် မမှားသလို နှစ်ထောင့်ဆယ့်နှစ်ကုန်ဆုံးပြီး နှစ်ထောင့်ဆယ့်သုံးကို ကြိုဆိုမည့် Happy new year ညချမ်းလေးကို ချောင်းသာကမ်းခြေမှာ သူငယ်ချင်းတွေနှင့် အတူကုန်ဆုံးကြမည့် အစီအစဉ်ကလေးလည်း ဖြစ်သည်။









# အခန်း (၃)

ဝေလီဝေလင်း ကောင်းကင်ယံသည် ကြယ်တွေစုံလင်နေဆဲ။ ကားလေးသည် လူသူကင်းမဲ့နေသေးသော ကားလမ်းမထက်မှာ တရှိန်ရှိန်ပြေးနေ၏။

ရွှေဘုန်းလူတို့ သူငယ်ချင်းအဖွဲ့သည် ပျော်စရာတွေနှင့်သာ ခရီးဆွဲ ဖွဲ့ရမည် ဆိုလျှင် . . မွေးရာပါ နိုးကြားချင်စိတ်တွေက အစဉ်အမြဲ ဝီရိယရှိပြီးသား။

"ချမ်းမြေ့ . . ငါတစ်လှည့် မောင်းမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် နေမှမထွက်သေးတာ ငါပဲမောင်းလိုက်တော့မယ်၊ အဟဲ. . နေထွက်ပြီ ဆိုရင်တော့ ငါနားမယ် မင်းတို့ဆက်ပြီးမောင်း"

"ဒီကောင် လူလည်ပဲကွ ငါတို့ကို ညှာပြီး သူအပင်ပန်းခံ မောင်းနေတာမှ မဟုတ်တာ"

"ညှာစရာလား. . လူဆိုတာ ကိုယ့်သက်သာပေါက် ကိုယ်ရှာရတယ်ကွ၊ ဒါမှလူပီသတာ ရဲနိုင်ရ"

"နေပါကွာ မင်းအကျင့်က ခုထိကို မပြောင်းသေးဘူး"

"ရွှေဘုန်း ဟိုတယ်ခန်းကို ကြိုပြီးငှားလုပ်ထားတာ ကျိန်းသေပါတယ်နော်"

"ကျိန်းသေပါတယ်ကွာ. . မင်းကလည်း ကြောင်ချေးထုပဲ၊ တစ်ချိန်လုံး ဒါပဲမေးနေတာပဲ"

"မေးရမှာပေါ့ကွ ဟိုရောက်မှ အခန်းတစ်ခန်းမှမရဘူးဆိုရင် ငုတ်တုတ်မေ့နေလိမ့်မယ်"

"ရတယ် ငုတ်တုတ်မေ့စရာ မလိုဘူး၊ ရပ်ကွက်ထဲ သွားတည်းမှာပေါ့ကွ အဲဒီမှာ အပန်းဖြေစရာတွေရှိတယ် မင်းတို့ အပျင်းပြေ ပိုကာ ဒေါင်းချင်လည်းရတယ်၊ လေဒီလေးတွေနဲ့ လန်းချင်ရင်လည်း ရတယ်"

ဇော်ထက်စကားကြောင့် ရွှေဘုန်းလူ မျက်မှောင်ကျုံ့ကြည့်ကာ. . .

"လာပြန်ပြီ ဒီလေဒီကိစ္စ၊ ဟိုရောက်ရင် မင်းတို့ဘာသာ ခေါ်ကဲရင်ကဲနော် ငါ့ကိုတော့ လာဆွဲမထည့်နဲ့ ငါကယင်နားစာ မစားဘူး"

"ဘာဖြစ်လို့လဲ ဝမ်းလျှောမှာ စိုးလို့လား"

"မဟုတ်ဘူး ဇေသီရင် ပြဿနာတက်မှာစိုးလို့. . အဟဲ"





"မင်းကလည်းကွာ သူသိတာမှမဟုတ်တာ သူနဲ့လက်မထပ်ခင်လေး ကဲရတာကို နောင်တစ်ချိန် ဒီလို သူငယ်ချင်းတွေနဲ့ ကဲချင်ပါတယ်လို့ တောင့်တရင်တောင် ခုလို အခြေအနေမျိုး မင်းဘယ်တော့မှ ပြန်မရနိုင်တော့ဘူး"

"ငါတို့နဲ့အတူ စိတ်လွတ်ကိုယ်လွတ် ကဲနေတဲ့အချိန်မှာ အဲဒီဇေအကြောင်းကို မပြောဘဲနေလို့မရဘူးလားကွာ"

"အေးလေ ရွှေဘုန်းရာ မင်းကလည်း တစ်ချိန်လုံး ဇေ နေတာပဲ အရက်ဇေသာဆိုရင် မင်းခုလောက်ဆိုရင် ဖင်ထောင်အောင်ကို မူးကွဲနေလောက်ပြီ"

"ဟေကောင်တွေ. . ပေါက်တော. . ပေါက်တော"

ရဲနိုင် နောက်ခန်းမှ ထအော်သဖြင့် ချမ်းမြေ့ကားကို လယ်ကွင်းဘေးသို့ ထိုးရပ်လိုက်သည်။ ရဲနိုင် ကားပေါ်မှ ဆင်းကာ. . ချုံတိုးလိုက်သည်။

လင်းရောင်ခြည်သည် အရှေ့ဘက် လယ်ကွင်းပြင်တွေဘက်မှ ခပ်လဲ့လဲ့လေး လင်းစပြုလာပြီ. . .။

ရွှေဘုန်းလူ ကားပေါ်မှ ဆင်းပြီး လတ်ဆတ်သော လေတွေကို ခပ်ပြင်းပြင်း ရှူသွင်းလိုက်သည်။

လွတ်လပ်ခြင်းရသကို မြည်းစမ်းခွင့်ပြုပါ လောကကြီးရေ. . ။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၄)

ဟိုတယ်ရှေ့ရောက်သည်နှင့် ရွှေဘုန်းလူတို့သူငယ်ချင်းလေ
ယောက် ကားပေါ်မှ ဆင်းကြသည်။ ဇော်ထက်က ကားနောက်ဖုံးဖွင့်ပြီ
အထုပ်အပိုးတွေကို ချသည်။

ချမ်းမြေ့နှင့် ရွှေဘုန်းလူက ဟိုတယ်ထဲ အရင်ဝင်နှင့်ကြသည်
ညှော့ကြိုဝန်ထမ်း ကောင်လေးနှစ်ယောက် ဇော်ထက်နှင့်ရဲနိုင် လက်ထဲ
ခရီးဆောင်သေတ္တာတွေကို အပြေးအလွှား လာဝိုင်းကူသည်။

ဟိုတယ်ထဲရောက်တော့ ရွှေဘုန်းလူ လက်ထဲမှ အခန်းသော





တို့ ထောင်ပြကာ သူတို့နောက်လိုက်ခဲ့ဟု အချက်ပြသဖြင့် ဇော်ထက်နှင့်ရဲနိုင် ရွှေဘုန်းလူနှင့် ချမ်းမြေ့နောက်သို့ လိုက်ခဲ့လိုက်သည်။

"ဘယ်လိုလဲ. . သဘောကျတယ် မဟုတ်လား"

တည်းမည့် ဘန်ဂလိုရှေ့ ရောက်တော့ ရွှေဘုန်းလူနှင့်ချမ်းမြေ့ ဘန်ဂလိုကို အသေအချာ ခါးထောက်ကြည့်ပြီး ညှော့ကြိုဝန်ထမ်း နှစ်ယောက်နှင့် အထုပ်အထုပ်အပိုးတွေ သယ်လာသော ဇော်ထက်နှင့် ရဲနိုင်တို့ လှမ်းမေးသည်။

"သဘောကျလား မမေးနဲ့. . ဒီမှာ လာဝိုင်းသယ်ဦး မနိုင်တော့ဘူး. . ခွီးတဲ့မှ ငါတို့ကို သူတို့အခိုင်းအစေများ မှတ်နေလား မသိဘူး"

ဂစ်တာ တစ်ဖက်လွယ် အဝတ်သေတ္တာတစ်ဖက်နှင့် ရှန်ပိန်ဘူးတွေ ထည့်ထားသော လက်ဆွဲအိတ်ကိုယ်စီဖြင့် မနိုင်မနင်း ဖြစ်နေသော ဇော်ထက်နှင့်ရဲနိုင်ပုံစံက ဖရိုဖရဲဖြင့် ရယ်ချင်စရာကို ဖြစ်လို့နေသည်။ ညှော့ကြိုနှစ်ယောက် ဘန်ဂလိုရှေ့မှာ အဝတ်သေတ္တာတွေချလိုက်ပြီး ပြန်ထွက်သွားကြသည်။

ရွှေဘုန်းလူနှင့်ချမ်းမြေ့ အဝတ်သေတ္တာတွေ ဆွဲမကာ ဘန်ဂလို လှေကားထစ်တွေပေါ်ကို တက်ခဲ့လိုက်ကြသည်။

"ဝါး. . ကမ်းခြေရနံ့လေးက သင်းပျံ့လိုက်တာကွာ၊ ငါ့မှာ ဒီရနံ့လေးကို ရဖို့မျှော်လိုက်ရတာ"

အထုပ်အပိုးတွေ နေရာချပြီး ဝရန်တာမှာ ထွက်ရပ်ရင်း တဖြူး ဖြူး ဝင်လာသော ကမ်းခြေမှလေကို တစ်ဝရှိုက်ကာ ပြောလိုက်သော ရွှေဘုန်းလူ စကားကြောင့်. . . မှန်ဘီလူးကြီး လွယ်၍ထွက်လာသော ဇော်ထက်မှာ လက်နှစ်ဖက်ကို ရှေ့ဆန့်လိုက် ဘေးကို ဆန့်လိုက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



သူပါ လေကို တစ်ဝရှုနေ၏။

"ငါတို့ ဒီညကစပြီး အပီကဲမှာနော် ဘုန်းလူ"

"ကဲပေါ့ . . ကဲဖို့လာတာပဲ၊ ငါလည်းလက်ကျန် လူပျိုဘဝလေးကို ချောင်းသာကမ်းခြေမှာ သွန်လိုသွန်မှောက်လိုမှောက် ကဲပစ်မှာ"

"ဟေ့ကောင်တွေ . . မင်းတို့ ဗိုက်မဆာကြဘူးလား"

ရဲနိုင် ဗိုက်ကလေး ပွတ်ကာ သူ့အခန်းထဲမှထွက်လာ၏။

"လမ်းမှာလည်း တနင့်တပိုး မျိုဆို့လာသေးတယ် မင်းဗိုက်က ထပ်ဆာသေးလား"

"ငါ့ညီတို့ ဘာလိုအပ်ပါလဲ ခင်ဗျား၊ လိုအပ်တာရှိရင် ကောင်တာကို ဖုန်းဆက်ပြီး မှာပါ"

မန်နေဂျာ ကိုသန်းအောင် ဆိုသူ ရောက်လာသဖြင့် သူတို့လိုအပ်တာကို တိုးတိုးတိတ်တိတ် မေးကြသည်။

ပျော်တတ်ပုံရသော ကိုသန်းအောင်မှာ တဟဲဟဲဖြင့် သဘောတွေကျရင်း . .

"ရပါတယ် ငါ့ညီတို့က အပီကဲချင်မှတော့ အစ်ကိုဘက်က အစွမ်းကုန် ကူညီရမှာပေါ့ . . ဟုတ်ဘူးလား . . အဟဲဟဲ"

"ဒါမှ ငါတို့ အကိုကြီးကွ၊ ညီလေးတို့က ခင်တတ်ပါတယ်၊ အစ်ကိုသာကဲဖို့ ဝါသနာပါရင် ညီလေးတို့နဲ့လာပြီး ပူးပေါင်းလို့ ရတယ်နော် . . အဟဲ . . အထုပ်ရော ရုပ်ရော အားလုံး အဆင်ပြေပြီးသား"

"ဘယ်နှယ့်ပြောလိုက်တာလဲ ငါ့ညီရယ်၊ အစ်ကိုကလည်း မိန်းမလစ်တာနဲ့ ငါ့ညီတို့လို ခပ်ကဲကဲပဲ၊ စိတ်ချ အစ်ကိုတာဝန်ချိန် ပြီးတာနဲ့ ငါ့ညီတို့ဆီကို ကူးခဲ့မယ်၊ အဲ . . တစ်ခုတော့ရှိတယ် ဒီဟိုတယ်မှာကဲဖို့





ဒီလင်မလာရင် ဟိုဘက်ရွာထဲကိုလည်း သွားကဲလို့ ရတယ်နော် . . အဲဒီမှာ အစ်ကို့ဘော်ဒါတွေအများကြီး ဒီမှာထက်ပိုပြီး လွတ်လပ်တယ်၊

မင်းတို့သာ ဝါသနာပါရင် လူမသိ သူမသိ ဆောင်ကြာမြိုင်လေးလည်း ရှိတယ်ကွ"

"ဟမ် . . ဟုတ်လား၊ အဟီး . . ခွီးခွီးခွီး . . ဂွတ်တာပေါ့ အစ်ကိုရာ"

ဇော်ထက် တဟီးဟီး တခွီးခွီးဖြင့် ရယ်ရင်း မန်နေဂျာ ကိုသန်းအောင်နှင့် တခဏချင်းမှာပင် အဖွဲ့ကျသွား၏။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၅)

တိတ်ဆိတ်သော ပင်လယ်ပြင်ကြီးသည် လကွေးကွေးအောက်တွင် ငြိမ်းချမ်းစွာဖြင့် အနားယူနေ၏။ တကယ်တမ်း အနားမယူနိုင်သည်က ရွှေဘုန်းလူတို့ သူငယ်ချင်းတစ်သိုက်. . ကမ်းခြေမှာ ဂစ်တာ တဒေါင်ဒေါင် တဒင်ဒင်ဖြင့် တီးကာ. . ပေါက်ကရ သီချင်းပေါင်းစုံ အော်ဟစ်သီဆိုနေကြ၏။ နယူးရီးယား ညကို ကြိုနေကြသော ကမ်းခြေအဖွဲ့တွေထဲမှာ ရွှေဘုန်းလူတို့တစ်စု အဆိုးဆုံး၊ ထိုအဖွဲ့ထဲမှာ ကိုသန်းအောင်က ခေါင်းဆောင်။





"ကိုသန်းအောင် ဂစ်တာကြီးပဲ မတီးချင်ဘူးဗျာ၊ ဒီည ပျော်အောင် ဖန်တီးပေးမယ့် ကောင်မလေး တစ်ယောက်လိုတယ်. . အဟတ်. . ဟား. . ပေါက်တယ်နော် ပေါက်တယ် မဟုတ်လား ဟာ့ဟ"

"ပေါက်တယ်၊ ငါ့ညီတို့လိုတာ အစ်ကို အားလုံးစီစဉ်ပေးမယ် စိတ်ချ"

ကိုသန်းအောင်လည်း သူတို့နှင့် အပြိုင်လိုက်မူးနေချေပြီ. . .

ဇော်ထက် သဲသောင်ပြင်ပေါ် လှဲအိပ်နေရာမှ ဒယီးဒယိုင်ဖြင့် ထလာပြီး ကိုသန်းအောင်နား ဝင်ထိုင်ကာ. . .

"အစ်ကို ကျွန်တော်ပိုကာ ဖိုက်ချင်တယ်ဗျာ၊ ဘယ်မှာဝိုင်းကောင်းကောင်းရှိလဲ"

"မင်းတို့က ကျွမ်းကျွမ်းကျင်ကျင် ဆော့တတ်လို့လား"

"ဟာ. . ကျွမ်းသလားမမေးနဲ့ ကျွန်တော့်နာမည် ပိုကာဇော်ထက်တဲ့၊ ဟောဒီလို. . ဟောဒီလို မျက်စိမှိတ်ပြီးတောင် ဒေါင်းအောင် ကစားနိုင်တယ်"

ဇော်ထက် ဖဲသမားအထာဖြင့် လက်မနှင့်လက်ညှိုးကို ဖဲပွတ်သလို ပွတ်ပြ၏။

"ဒါဆို မနက်ဖြန်မှ လိုက်ပို့မယ်"

"ဟာ. . နိုး ဒီညပဲ ကစားချင်တာဗျ"

ဇော်ထက်နှင့်ရဲနိုင်က တကယ်ဇွတ်။

"ညဘက်ရောက်ပြီလေ. . ညကြေးကကြီးတယ်ကွ သိန်းနဲ့ချီလောင်းရတာ"

"ကြီးပါစေဗျာ ဒီည လုံးဝမအိပ်ဘူး၊ ဒီလောက်သာယာလှပတဲ့



www.burmeseclassic.com

www.burmeseclassic.com



နယူးရီးယားညချမ်းလေးကို အိပ်ပစ်ရမှာ နှမြောဖို့ ကောင်းပါတယ်ဗျာ၊ ဟော့ကောင်. . ဘုန်းလူ မင်းရောငါပြောတာ ထောက်ခံလား"

ဘုန်းလူ ဇော်ထက် အမေးကြောင့် လက်ကျန်ဘီယာကို မော့ရင်း လက်မထောင်ပြ၏။

"ပြောနေရင် ကြာတယ်ကွာ. . ခုပဲသွားကြမယ်၊ ကဲ. . ကိုသန်းအောင် ခုလိုက်ပို့"

ချမ်းမြွေ့သဲသောင်ပြင်ပေါ်တွင် မှောကျဲနေသော ဘီယာဘူးခွံတွေဆီသို့ လက်ထဲမှဘီယာဘူးခွံကို လွှင့်ပစ်လိုက်ပြီး ထိုင်ရာမှ ဆတ်ခနဲထပြီး ဆော်ဩလိုက်သည်။

"ဒါဆို လိုတရ ဒေါ်ခင်မေ အိမ်ကို သွားမယ်လေ"

"အိုကေ သွားကြမယ်၊ ဒီည အပျော်တွေ အားလုံးပိုက်ပြီး နယူးရီးယားညကို ကြိုဆိုမယ်၊ ချောင်းသာ ကမ်းခြေကြီးကို စိစိညက် ညက် ချေမွပစ်မယ်၊ ကြားလား ကမ်းခြေကြီးရေ"

"ဝေး. . ဟေး. . ဖေး. . မင်္ဂလာပါ အားလုံးကို ကျေးဇူးတင်ပါတယ်. . ဝူး. . ဟူး. . ဟူး. . ဟူး"

"ဝိုး. . မာ. . ဂလင်. . ပါ. . ဝိုး. . ဟိုး. . ဟိုး"

စိတ်လွတ်ကိုယ်လွတ် အော်ဟစ်နေကြသော သူတို့အား တခြားအဖွဲ့တွေပင် စိတ်ဝင်တစား ကြည့်နေကြသည်။ ထို့နောက် အားလုံး စိတ်တူကိုယ်တူဖြင့် ကိုသန်းအောင် ဦးဆောင်ခေါ်သွားရာ ရွာထဲသို့ ချီတက်ခဲ့ကြတော့သည်။

အသိစိတ်ပျောက်အောင် ကဲကြမည့် ထိုညသည် သူတို့ကြောင့် ချောင်းသာ ကမ်းခြေကြီးပဲ စိစိညက်ညက် ကြေမလား။ ချောင်းသာ





ကမ်းခြေကြောင့်ပဲ စိစိညက်ညက်ကြေမလား။

ကံကြမ္မာပဲ သိနိုင်ပေတော့မည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၆)

ချောင်းသာကမ်းခြေ၏ နေဝန်းနီနီသည် အတော်ရင့်ရင့်ပင် လင်းပလျက် ရွှေဘုန်းလူတို့ ဘန်ဂလို ပြတင်းပေါက်တွေမှ တစ်ဆင့် အခန်းထဲသို့ ထိုးကျနေသည်။

တစ်ခန်းလုံး မွစာကျဲထားသော အဝတ်အစားတွေ ဂစ်တာနှင့် ဘီယာဘူးခွံတွေ၊ အမြည်းပန်းကန်တွေ၊ အခန်း၏ တံခါးအဝတွင် တောင်တစ်ဖက် မြောက်တစ်ဖက် ချွတ်ထားသော ဖိနပ်တွေ. . .

ညက အသောက်လွန်ပြီး အန်ထားသော ချဉ်စူးစူး အန်ဖတ်





အန်တွေ. . ဒါတွေအားလုံးထက် ထူးဆန်းသည်က 'အူဝဲ. . အူဝဲ' ဟု ရုတ်တရက် ထအော်လိုက်သော ကလေးငယ်တစ်ယောက်၏ အသံ သေးသေးလေးဖြစ်သည်။

ထိုအသံကို အရင်ဆုံး ကြားလိုက်ရသည်က ရွှေဘုန်းလူပင်ဖြစ် သည်။ အိပ်နေရင်းမှ စက်ရုပ်တစ်ရုပ်လို ဆတ်ခနဲထထိုင်လိုက်သော ရွှေဘုန်းလူ၏ အကြည့်တွေသည် သူ့ဘေးနားတွင် ယက်ကန်ယက်ကန် ဖြင့် ငိုနေသော ကလေးငယ်ကို တွေ့သွားပြီး. . .

"ဟိုက်. . ဗုဒ္ဓေါ၊ ဒါ. . ဒါဘယ်က ကလေးလည်း၊ ဒီကလေးက ငါ့အိပ်ရာဘေး ဘယ်လိုရောက်နေတာလဲ. . ဘုရား. . ဘုရား"

ရွှေဘုန်းလူ မျက်ကလူး ဆန်ပြာဖြင့် ဘေးဘီကို အူယားဖားယား ဝေ့ဝဲကြည့်သည်။ ချမ်းမြေ့က သူ့ခုတင်ပေါ်တွင် အပေါ်ပိုင်းက တင်ပြီး ခုတင်အောက်တွင် ခြေထောက်နှစ်ချောင်း တွဲလောင်းချလျက် ဖားကပြုတ်ကြီးတစ်ကောင်လို ကုန်းကုန်းကွကွ အိပ်ပျော်နေ၏။

"ဟင်"

ရွှေဘုန်းလူ ချမ်းမြေ့ပုံစံကို ကြည့်ကာ ရယ်ချင်နေရာမှ ပို၍ အံ့သြရသည့် အဖြစ်မှာ ချမ်းမြေ့၏ခေါင်းမှာ ဆံပင်သည် ကမ္ဘာ့မြေပုံလို ကွက်ကျားဖြစ်နေသည်။

"အူဝဲ. . အူဝဲ. . အူဝဲ"

"ဟာ. . ဒုက္ခပါပဲ ဘာတွေဖြစ်ကုန်တာလဲကွာ"

ရွှေဘုန်းလူ ငိုသံပါကြီးဖြင့် တစ်ယောက်တည်းပြောကာ တဗြဲဗြဲ ငိုနေသောကလေးကို မချီတတ်ချီတတ်ဖြင့် ကောက်ချီလိုက်သည်။ ကလေး၏ကိုယ်မှာပတ်ထားသည်က ရွှေဘုန်းလူ၏ မျက်နှာသုတ်ပဝါ



www.burmeseclassic.com

www.burmeseclassic.com



တစ်ထည်။

ညက ဘာတွေဖြစ်ခဲ့လို့ ဒီအခန်းထဲမှာ ဒီကလေးက ရောက်နေရတာလဲ ဘာမျှစဉ်းစား၍မရလောက်အောင် ခေါင်းတွေ ထိုးကိုက်လာပြီး ကလေးကိုချီလျက် ချမ်းမြေ့နားသို့ လျှောက်လာလိုက်၏။

"ဟေ့ကောင်. . ချမ်းမြေ့. . ချမ်းမြေ့ ထ ထစမ်း"

"အင်း. . ဘာလဲကွာ"

"ထဦးကွ. . ဒီမှာ ဘာတွေဖြစ်သွားတာလဲ၊ ငါ. . ငါတို့ တခြားတစ္ဆာတစ်ခုထဲ ရောက်သွားသလို ခံစားနေရတယ်"

"အင်း. . အီး. . ဝါး"

ချမ်းမြေ့အိပ်ချင်မူးတူးဖြင့် မျက်လုံးမဖွင့်သေးဘဲ လက်နှစ်ဖက်ကို ဘေးသို့အကြောဆန့်လိုက်လျက် ဝါးခနဲ သမ်းလိုက်သည်။

"ဟေ့. . ဟာ. . အရေးထဲ သောက်ဖျင်းက ကြီးနေသေးတယ်၊ မျက်လုံးလေးဘာလေး ဖွင့်ကြည့်စမ်းပါဦး၊ အရေးကြီးပါတယ်ဆိုမှ"

ရွှေဘုန်းလူ ကလေးချီထားလျက်နှင့် ချမ်းမြေ့၏ ခြေထောက်ကို သူ့ခြေထောက်ဖြင့် ကန်၍နှိုးလိုက်သည်။

"အူဝဲ. . အူဝဲ. . အူဝဲ. . အဲ. . အဲ. . အဲ"

"ဟမ်. . က. . ကလေးငိုသံ"

ချမ်းမြေ့ကလေးငိုသံ ကြားတော့မှပဲ တို့လို့တွဲလောင်း အိပ်နေတဲ့ သူ့ခန္ဓာကိုယ်ကို အတင်းကျုံးထခိုင်းလိုက်ပြီး ရွှေဘုန်းလူ လက်ထဲမှ ကလေးကို ပြူးတူးပြဲတဲဖြင့် တအံ့တသြကြည့်ကာ. . .

"ဒါ. . ဒါကဘယ်ကဟာလေးလဲ၊ မင်း. . မင်းမွေးလိုက်တာတော့ မဟုတ်ပါဘူးနော်"





"ဟာ. . ငါကယောက်ျားလေး ကလေးမွေးမလားကွ"

"ဒါဆို ဘယ်သူ့ကလေးလဲ၊ မင်းသွားကောက်ထားတာလား"

"ဘယ်က ကောက်ထားရမှာလဲ ငါ့ခုတင်ပေါ်ရောက်နေလို့ ဒီကလေးငိုသံကြောင့် ငါလန့်နိုးလာတာ"

"ဟမ်. . မင်း. . မင်းခုတင်ပေါ် ရောက်နေတယ် ဟုတ်လား"

"ဟုတ်တယ်"

"ဟာ. . ဘုရားဘုရား. . ဘာတွေဖြစ်ကုန်ပြီလဲ"

ချမ်းမြေ့ အူတိအူကြောင်ဖြစ်နေသည်။

"ဘာတွေဖြစ်နေသလဲဆိုတာ ငါလည်းမသိဘူး၊ မင်းပုံစံလည်း ဘယ်လိုဖြစ်နေပြီလည်းဆိုတာကို မှန်ထဲမှာသေချာပြန်ကြည့်လိုက်"

"ဟင်. . ငါ့ပုံစံက ဘာဖြစ်နေလို့လဲ"

ချမ်းမြေ့ စွပ်ကျယ်ချိုင်းပြတ်နှင့် ဘောင်းဘီအတိုကျပ်ကျပ်ကို ဝတ်ထားသော သူ့ပုံစံကို သူပြန်ငုံ့ကြည့်ပြီး ရွှေဘုန်းလူကို ပြန်၍ မေးခွန်းထုတ်သည်။ ရွှေဘုန်းလူ ကလေးချီထားရင်းမှ ကျွတ်ခနဲ စုတ်သတ်လိုက်ပြီး. . .

"ကျွတ် ငါ့ကိုမေးနေရင် ငါလည်းမင်းနားလည်အောင် ရှင်းမပြတတ်ဘူး၊ မင်းကိုမင်းမှန်ထဲသာ ပြန်ကြည့်လိုက် ငါဘာကိုပြောနေသလဲဆိုတာ သဘောပေါက်သွားလိမ့်မယ်"

ချမ်းမြေ့ ခုတင်တစ်ဖက်တွင် ရှိနေသော မှန်တင်ခုံဆီသို့ ခုတင်ပေါ်မှတက်ကာ သွားလိုက်သည်။

"ဟား. . ဒါ. . ဒါ ဘယ်လိုဖြစ်တာလဲ"

ချမ်းမြေ့မျက်လုံးမှာ အံ့သြလွန်း၍ အဆမတန် ပြူးထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



ကာ စိတ်ရေတွလှုပ်ရှားသွားပြီး ကွက်ကျားရိုက်ထားသော သူ့ခေါင်းမှ ဆံပင်တွေကို သူမယုံကြည်သလို ပြန်ကိုင်ကြည့်နေ၏။

"ငါ့. . ငါ့ဆံပင်ကို ဘယ်သူရိုက်သွားတာလဲ"

"ငါဘယ်သိမလဲ"

"ဟ. . မသိလို့ရမလားကွ ဒီအခန်းထဲမှာ မင်းနဲ့ငါ နှစ်ယောက်ပဲရှိတာ"

"ဒါဆို ငါ့ခုတင်ပေါ်ကို ဒီကလေးဘယ်လိုရောက်လာသလဲ ဆိုတာကိုရော မင်းသိလား"

"ငါဘယ်လိုလုပ်သိမှာလဲ"

"အေး. . ငါလည်းမင်းလိုပဲ မနက်မိုးလင်းမှ မြင်လိုက်ရတဲ့ ဒီအခြေအနေကြီးကို ငါတို့ဘယ်လိုပုံစံနဲ့ လက်ခံကြမလဲ"

"ဟိုနှစ်ယောက်ရော"

"သူတို့အခန်းထဲမှာနေမှာပေါ့"

ချမ်းမြေ့အခန်းထဲမှ ဝုန်းခနဲ ပြေးထွက်ကာ ဇော်ထက်နှင့် ရဲနိုင်ရှိရာသို့ကူးသွားသည်။ ဇော်ထက်တို့ အခန်းဆီသို့ ရောက်ခါနီးမှ တစ်စုံတစ်ခုကို သတိရဟန်ဖြင့် အခန်းထဲပြန်ပြေး ဝင်လာပြီး မှံစာကျဲနေသော သူ့အဝတ်သေတ္တာထဲမှ ကောင်းဘွိုင်ဦးထုပ်ကို ယူကာ သူ့ခေါင်းမှာ ဆောင်းလိုက်သည်။ သူ့အရှက်ကိုတော့ သူကာကွယ်ဖို့ သတိရသေး၏။ ချမ်းမြေ့ပုံစံမှာ စွပ်ကျယ်နှင့် ဘောင်းဘီတိုတိုကျပ်ကျပ်နှင့် မလိုက်ဖက်သော ကောင်းဘွိုင် ဦးထုပ်ကြီးနှင့်မို့ ရယ်စရာ အလွန်ကောင်းနေသဖြင့် ရွှေဘုန်းလူ စိတ်ပျက်စွာ ရယ်လိုက်မိသေးသည်။

ဝရန်းသုန်းကားဖြင့် ပြန်ထွက်သွားသော ချမ်းမြေ့နောက်သို့





ကလေးကိုချီလျက် ရွှေဘုန်းလူပါ တစ်ခါတည်း လိုက်သွားလိုက်သည်။ ဇော်ထက်တို့အခန်းထဲရောက်တော့ ခုတင်ထက်မှာ ရဲနိုင်ရော ဇော်ထက်ရော မရှိကြ။

"ရဲနိုင်. . ရဲနိုင်"

"ဇော်ထက်. . ဇော်ထက်"

"ဟာ ဒီကောင်တွေ ဘယ်မှာမွေးပြီး ကျန်ခဲ့ကြသလဲ မသိပါဘူးကွာ"

ချမ်းမြေ့တစ်ယောက်ထဲ ခပ်ညည်းညည်းပြောရင်း ရေချိုးခန်းတံခါးကို ဖွင့်ကြည့်သည်။ မရှိ။

အိမ်သာတံခါးကို ဖွင့်ကြည့်သည်။

"ဟာ"

"တွေ့လား သူတို့ကိုတွေ့လား"

ရွှေဘုန်းလူပါ ကလေးကြီးချီလျက် အိမ်သာနားသို့ လျှောက်လာ၏။

"ဇော်ထက်ကိုတွေ့ပြီ၊ အိမ်သာအဖုံးပေါ် မေးတင်ပြီး အိပ်နေတယ်"

အားကျစရာကောင်းလောက်အောင် တခွီးခွီးဖြင့် အိပ်မောကျနေသော ဇော်ထက်ကို အရင်တွေ့သည်။ မေးတင်ထားသော ဘိုထိုင်အိမ်သာအဖုံးသည် သူ့အတွက် အိစက်ညက်ညောသော ခေါင်းအုံးတစ်လုံးနှယ်။

ညကဘယ်လောက်တောင် သောင်းကျန်းထားကြလို့ ခုလိုမျိုး လူမှန်းမသိအောင် ဖြစ်နေကြရတာလဲဆိုတာ ရွှေဘုန်းလူ စဉ်းစား၍မ



www.burmeseclassic.com

www.burmeseclassic.com



ရ။

"ဇော်ထက်. . ဇော်ထက်. . ဟော့ကောင်"

"အူဝဲ. . အူဝဲ. . အူဝဲ"

ချမ်းမြေ့၏ ဇော်ထက်ကို နှိုးနေသော အသံနှင့် ကလေးငိုသံက လုံးထွေးနေသည်။

"အေ့. . အေ့. . အေ့. . တိတ်ပါ. . တိတ်ပါ ကလေးရယ်၊ မင်းအမေကို ရှာပေးပါ့မယ် တိတ်ပါကွာ"

ချမ်းမြေ့ ဇော်ထက်ကို အတင်းလှုပ်နှိုးနေရင်းမှ ကလေးကို ချော့မြူနေသော ရွှေဘုန်းလူကို အကြံအိုက်စွာဖြင့် မော့ကြည့်သည်။

သူငယ်ချင်းလေးယောက်ရှိသည်။ တစ်ယောက်က ပျောက်နေသည်။ သုံးယောက်ကတော့ အတူတူရှိနေကြသည်။ သို့သော်ပုံစံ တစ်မျိုးစီဖြင့် ထူးဆန်းနေတာတော့ အမှန်ပင်။

"ငါတို့ဘယ်လိုလုပ်ကြမလဲ ရွှေဘုန်း မင်းကလေးကလည်း အာပြဲစိန်ပဲ၊ စိတ်ညစ်နေပါတယ်ဆိုမှ အော်နေလိုက်တာ လေးဖြူတို့ အငဲတို့အတိုင်းပဲ"

"ဟာ. . ဘယ်က ငါ့ကလေးကမှာလဲ"

"လောလောဆယ် ပိုင်ရှင်ကလည်းမရှိ မင်းလက်ထဲမှာ ဆိုတော့ မင်းကဒီကလေးရဲ့ ယာယီအုပ်ထိန်းသူပဲလေကွာ"

"ကဲပါ အဲဒါက အရေးမကြီးဘူး၊ ဇော်ထက်ကို နိုးအောင် အရင်နှိုးရမှာလေ၊ ညက ငါတို့တွေဘာတွေဖြစ်ကြသလဲဆိုတာ ဒီကောင်သိချင်သိမှာကွ"

မျှော်လင့်ချက်ဖြင့် ဇော်ထက်ကို မရမက အတင်းကန်ကျောက်





လှုပ်နှိုးကြသည်။ တော်တော်လေး ပင်ပင်ပန်းပန်း အာပေါက်မတတ် နှိုးတော့မှ ဇော်ထက် မျက်လုံးမဖွင့်ချင် ဖွင့်ချင်နှင့် လေးပင်စွာ ဖွင့်လာသည်။

"ဘာလဲ အိပ်ကောင်းနေတုန်းကွာ"

အိပ်ချင်မူးတူး အသံဖြင့် အာလေးလျှာလေးပြောကာ ခေါင်းထောင်လာသော ဇော်ထက်ကို ပြန်အိပ်မပျော်သွားစေရန် မေးစေ့မှ ဆွဲကိုင်မော့လျက်. . .

"ဇော်ထက် အမြန်ထစမ်း ငါတို့အရေးကြီးတဲ့ အခြေအနေကို ရောက်နေပြီ"

"ဟမ်. . ဘာ. . ဘာအရေးကြီးတဲ့ အခြေအနေလဲ"

ကျိန်းစပ်နေသော မျက်လုံးကို အတင်းပွတ်သတ်ဖွင့်ရင်း ဇော်ထက်မေး၏။ မေးနေရင်းမှ ရွှေဘုန်းလူ လက်ထဲမှ တအဲအဲငိုနေသော ကလေးကိုမြင်တော့ အိပ်ချင်စိတ်တွေ ပြေသွားဟန်ဖြင့်

"ဟင်. . ဟော့ ဒါ ဘယ်က ကလေးလဲ"

"အဲဒါနောက်မှမေး၊ မင်း အခု ဘယ်မှာအိပ်နေတာလဲ ဆိုတာ ပြန်ကြည့်ဦး"

ချမ်းမြေ့သတိပေးမှ ဇော်ထက်ဘေးဘီကို ဝေ့ကြည့်လိုက်ပြီး မျက်လုံးပြူးသွားကာ. . .

"ဟာ. . ဒါ. . အိမ်. . အိမ်သာကြီး၊ ငါက. . ငါက ဘာလို့ ဒီမှာအိပ်နေရတာလဲ၊ ဟာ. . ခွေးတဲ့မှုပဲ ဘယ်လိုဖြစ်တာတုန်းဟ"

ဇော်ထက်မသတိသော မျက်နှာ အမူအရာဖြင့် ရှုံ့မဲ့ကာ အိမ်သာဖုံးဘေးမှာ ကျကျနနထိုင်နေရာမှ ဝုန်းခနဲ ထရပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အောင်မလေး . . ဘုန်းကံတွေတော့ နိမ့်ကုန်ပါပြီကွာ . . ထွီ"

"ဟော့ကောင် . . အဲဒါ အသာထား ဟိုကောင်ရဲရိုင်ရော သူ့ကိုမတွေ့ဘူး၊ နောက်ပြီး ညကငါတို့တွေ ဘာတွေဖြစ်ကြလဲ မင်းမှတ်မိလား"

ချမ်းမြေ့ သူ့ခေါင်းပေါ်က ကောင်းဘွိုင်ဦးထုပ်ကို ချွတ်ဖို့ လက်လှမ်းရင်း . . ဇော်ထက်ကို သူသိချင်တာတွေ အငမ်းမရမေး၏။

ဇော်ထက် ခေါင်းတွေတဗျင်းဗျင်းကုတ်ကာ ခေါင်းကိုခပ်လေးလေးခါပြသည်။

"ငါ . . ငါ ဘာမှမမှတ်မိတော့ဘူး"

ချမ်းမြေ့ရော ရွှေဘုန်းလူပါ မျှော်လင့်ချက်မဲ့သွားကြသလို ဟာခနဲ စိတ်ပျက်သွားကြသည်။

ညက ဘာတွေဖြစ်ခဲ့ကြတာလဲ။

"ဟာ . . ဇော် . . ဇော်ထက်၊ မင်း . . မင်းရဲ့သွားတစ်ချောင်း ဘယ်တုန်းက ကျိုးသွားတာလဲ"

"ဟမ်"









# အခန်း (၅)

"ဘာအလိုရှိပါသလဲရှင်"

"ဒီဟိုတယ်က မန်နေဂျာ ကိုသန်းအောင်နဲ့ တွေ့ချင်လို့ပါ"

ရွှေဘုန်းလူ၏ အမေးကြောင့် ဟိုတယ်ဝန်ထမ်း ကောင်မလေးနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မေးငေါ့ပြကြသည်။ ပြီးမှ ရွှေဘုန်းလူတို့ဘက်ကို လှည့်ကြည့်ပြီး

"သူ ဒီမနက်ပဲ ဟိုတယ်အလုပ်ကိစ္စနဲ့ ရန်ကုန်ကို တက်သွားပါတယ်ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . သွားပြီကွာ"

ကိုသန်းအောင်ကိုတွေ့လျှင် ညကသူတို့ အဖြေရှာမရသည့် ပုစ္ဆာတစ်ပုဒ်ကို အဖြေရှာလို့ရပြီဟု ပုံသေတွက်ထား၍ အားခဲပြီးလာခဲ့ကြတာ ခုတော့ဝေးပြန်ပြီ။

"သူ ဘယ်တော့လောက် ပြန်လာမလဲ ညီမ"

"တစ်ပတ်လောက်တော့ ကြာမယ်ထင်တယ်"

"ကျွတ်. . ဘယ်လိုလုပ်ကြမလဲ ရွှေဘုန်း"

ချမ်းမြေ့ ကူကယ်ရာမဲ့သော လေသံဖြင့် ရွှေဘုန်းလူထံ လှမ်းပြီး အဖြေညှိသည်။ ရွှေဘုန်းလူ သက်တောင့်သက်သာ မရှိသော မျက်နှာကြီးဖြင့် ခေါင်းခါပြကာ. . .

"ဒီ. . ဒီမှာ. . ညီမလေးတို့ရယ် အစ်ကိုတို့ တစ်ခုလောက်မေးလို့ရမလား"

"ဟုတ်ကဲ့ မေးပါ"

"ဒီကလေးကို သိကြလားဟင်၊ ဒါ. . ဒါ. . ဘယ်သူ့ကလေးလဲ သူ့အမေကို သိတယ်ဆိုရင် ပြောပေးကြပါ၊ သူ့ကလေး အစ်ကိုတို့ဆီကို ရောက်နေပါတယ်လို့"

"အို. . အဟင်း. . ခစ်ခစ်ခစ်. . အစ်ကိုကလည်း လာနောက်နေပြန်ပြီ၊ အစ်ကိုမိန်းမကို ညီမတို့က ဘယ်သိမှာလဲလို့"

"ဟာ. . သွားပြီ၊ ရှင်းလေ ရှုပ်လေ ဖြစ်တော့မှာပါလား"

"အူဝဲ. . အူဝဲ. . အူဝဲ"

"အို. . အေ့. . အေး အိပ်ပါကလေးရယ်၊ မင်းအမေကို ရှာနေပါတယ်ကွယ် ခဏလေး သည်းခံပေးပါ"





ကောင်မလေးတွေရှေ့မှာ ရှက်ရှက်နှင့်ပင် ကလေးအငိုတိတ်အောင် မချော့တတ်ချော့တတ်နှင့် ချော့နေရ၏။

"ဟော့ကောင် ခုပဲ ကိုးနာရီထိုးပြီ ကလေးနို့ဆာလို့ နေမှာပေါ့ ဆွ"

ဇော်ထက် သူ့ပါးစပ်ကို လက်ဝါးနှင့်အုပ်ပြီး ရွှေဘုန်းလူကို လှမ်းသတိပေး၏။ သူ သွားတစ်ချောင်းကျွတ်တာ ကောင်မလေးတွေ ရှေ့မှာလည်း စိုးရိမ်နေပုံရသည်။

"အေး ဟုတ်သားပဲ၊ ကလေးနို့ဆာလို့နေမှာ ငါတို့ ဘယ်လိုလုပ်ကြမလဲ"

ရွှေဘုန်းလူ အကြံရသွားသည်။ ထိုအကြံကို ချက်ချင်းပင် အကောင်အထည် ဖော်သည့်အနေဖြင့် ကောင်တာစာရေးမလေးတွေဘက်ကို လှည့်ကာ မျက်နှာချိုသွေးရယ်လိုက်ပြီး

"ဒီ. . ဒီမှာ ဒီကလေးက နို့ဆာနေတာကွ၊ ဟို. . ဟိုလေ ညီမတို့မှာ. . နို့. . နို့လေးများ ရှိလားဟင်"

"ဘာ. ."

"ရှင်နော် ပါးကျိုးသွားချင်လား"

ကောင်မလေးတွေ မျက်နှာမှာ ဆေးနီရည်တွေ လှမ်းပက်လိုက်သလို ချက်ချင်းရဲတက်သွားပြီး မိန်းမကောင်းရန်တွေ့ ပြဿနာရှာဖို့ ဟန်ပြင်ကြသည်။

ချမ်းမြေ့ အခြေအနေကို အမှီထိန်းသည့် အနေဖြင့် ရွှေဘုန်းလူအား ကုပ်ပိုးမှ အကျီစကိုဆွဲကာ. . .

"လာ. . လာတော့ ရွှေဘုန်း၊ မင်း အပြောမတတ်ပုံနဲ့ ငါတို့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ပါးတွေ ရေခဲမရိုက်ရခင် ပုပ်ကုန်တော့မယ်"

သုံးယောက်သား ဟိုတယ်ထဲမှ ကမန်းကတန်း ပြန်ထွက်လာခဲ့ကြရသည်။

"ဒီကလေး နို့ဆာနေတာ ဘယ်လိုလုပ်မလဲကွ"

"မင်းနို့ကို လှန့်တိုက်လိုက်လေ"

"ဟာ. . အရေးထဲ လာနောက်နေသေးတယ် ခွီးတဲ့မှပဲ"

"ငါတို့ ရဲနိုင်ကို ဘယ်မှာရှာရမလဲ"

"ရဲနိုင်ကိုရှာတာ နောက်ကိစ္စ၊ အခုလောလောဆယ် ငါ့လက်ထဲက အရှုပ်ထုပ် ကလေးပြဿနာကို အရင်ရှင်းရမှာ ဇော်ထက်ရဲ"

ရွှေဘုန်းလူ တအီအီဖြင့် ငိုနေသော ကလေးကို ငိုတော့မယ့်မျက်နှာကြီးဖြင့် ငုံ့ကြည့်ပြီး မရှုနိုင် မကယ်နိုင် ဖြစ်နေသည်။

"ကလေးက ချစ်ဖို့တော့ ကောင်းတယ်ကွ၊ မင်းပဲ မွေးစားထားလိုက်ပါလား"

"ဟော့ကောင် မဦးမချွတ်၊ မနက်ဖြန် သဘက်ခါပဲ မင်္ဂလာဆောင်ရတော့မယ့် သတို့သားလောင်းကို ဘယ်ကကလေးမှန်း မသိပဲလာမွေးခိုင်းနေတယ်၊ ငါနဲ့ ဇေယျာနွယ်ကို ကမ္ဘာခြားသွားအောင် လုပ်နေတာလားဟင်"

ရွှေဘုန်းလူ ရှုံ့ရှုံ့ရှားရှားဖြစ်သွားပြီး ဇော်ထက်ကို ဘုတော

"ဒါဆို ဒီကလေးကို မင်း ဘယ်လိုလုပ်မလဲ"

"ရော့ ခဏချီထား၊ ငါ ဘာလုပ်ရမယ်ဆိုတာ စဉ်းစားလိုက်ဦးမယ်"

ရွှေဘုန်းလူ သူ့လက်ထဲမှ ကလေးကို ဇော်ထက်ဆီ အတ





ထိုးပေး၏။ အမိကက သူ့လက်က လွတ်ဖို့ပင် မဟုတ်လား။

ဇော်ထက်ကလည်း နပ်သည်။ ကိုယ့်လက်ထဲရောက်ရင် ကိုယ့်အထုပ် ဖြစ်မှာစိုး၍. . ရွှေဘုန်းလှမ်းပေးနေသော ကလေးကို မချီပဲ နောက်ကို ဆုတ်သွားသည်။

"အိုး. . နိုးနိုး. . ငါ့လက်ထဲရောက်ရင် ငါ့ကလေး ဖြစ်သွားလိမ့်မယ်၊ ဒီကလေးက မင်း အိပ်ရာပေါ်ကရတာ၊ မင်းနဲ့ပဲ ဆိုင်တယ်"

"ငါ ညောင်းနေလို့ ခဏချီခိုင်းတာကွ"

"မင်းအထာကို ငါက ကြိုနပ်ပြီးသား ဟော့ကောင်၊ မင်း ညောင်းလာရင် မြက်ခင်းပေါ် ခဏချထားလိုက်"

"ကဲပါကွာ မင်းတို့နှစ်ယောက်ကလည်း အရေးထဲ သူ့ကလေး ကိုယ့်ကလေး ခွဲခြားနေသေးတယ်၊ ဒီအချိန်မှာ ဘယ်သူ့ပြဿနာ ဖြစ်ဖြစ် ငါတို့အားလုံး အတူတူပူးပေါင်းပြီး ဖြေရှင်းရမှာ မဟုတ်ဘူးလား၊ ခုလောလောဆယ် ငါတို့ ဘာလုပ်သင့်တယ်ဆိုတာကို အရင်စဉ်းစားရမယ်"

ချမ်းမြေ့ပြောတာ မှန်နေသဖြင့် ဇော်ထက်ရော ရွှေဘုန်းလူရော ငြိမ်သွားကြသည်။

"ဒါဆို ခုလောလောဆယ် ငါတို့ရဲ့ ဗိုက်ဆာနေတဲ့ ပြဿနာကို အရင်ရှင်းရမယ်၊ ပြီးရင် ဒီကလေးကို နို့တိုက်မယ်"

"ခု ငါတို့ အဆောင်အရင် ပြန်ကြမယ်၊ မျက်နှာတောင် မသစ်ရသေးတဲ့ ရုပ်ကြီးနဲ့ စားသောက်ခန်းထဲ သွားလို့ မဖြစ်ဘူး"

သူတို့သုံးယောက် ကလေးနှင့်အတူ အဆောင်ကို ပြန်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်စလုံး၏ အတွေးထဲမှာ အလျှဉ်းမပြတ် သိချင်နေတာက ညတုန်းက သူတို့ ဘာဖြစ်ခဲ့ကြသလဲ။။









# အခန်း (၈)

"ဟာ. . ငါ့. . ငါ့ပိုက်ဆံတွေရော"

ရွှေဘုန်းလူ ကလေးချိထားရင်း တန်းလန်းနှင့် အဝတ်သေတ္တာထဲမှ ပိုက်ဆံအိတ်ကို နှိုက်လိုက်သည်။ ပိုက်ဆံအိတ်ထဲမှာ ပိုက်ဆံတွေ မရှိတော့သဖြင့် ခေါင်းနားပန်းကြီးသွားသည်။

တစ်သောင်းတန်တွေ အထပ်လိုက် ထည့်လာတာ တစ်ရွက်မှ မရှိတော့ဘူးဆိုတော့ ညတုန်းက သူတို့ဆီကို အနုကြမ်းများ ဝင်ခိုးသွားကြတာလား။



www.burmeseclassic.com

www.burmeseclassic.com



"ရွှေဘုန်း ငါ့ပိုက်ဆံအိတ်လည်း ရှာမတွေ့ဘူး"

ချမ်းမြေ့ သူ့ခေါင်းအုံးအောက်တွေ ခရီးဆောင်သေတ္တာတွေထဲ နှံ့အောင်ရှာသည်။ ပိုက်ဆံအိတ် လုံးဝကို မတွေ့။

"ဟာကွာ. . တောက်. . သွားပါပြီ၊ ညက ငါတို့အခန်းထဲကို ဘယ် ကောင်များ ဝင်မွှေသွားပြီလဲ မသိပါဘူးကွာ၊ ကျွတ်ဆင်ပဲ"

"ချမ်းမြေ့ ငါတို့ကိစ္စကို စခန်းမှာ အမှုသွားဖွင့်ရင် ကောင်းမလား"

"မင်းက ဘာပုဒ်မနဲ့ သွားဖွင့်မှာလဲ"

"အယ်. . ဒါ. . ဒါတော့ စခန်းက ပုဒ်မ တပ်ပေးမှာပေါ့ကွ"

"သူတို့ ပုဒ်မတပ်ပေးတာ မှန်တယ်၊ ညက ငါတို့လည်း ဘာတွေသောင်းကျန်းပြီး ကျူးလွန်ထားလဲဆိုတာ ငါတို့ကိုယ်တိုင်တောင် သိတာမဟုတ်ဘူး၊ မင်းအိပ်ရာပေါ် ကလေးရောက်နေတဲ့ကိစ္စ ငါ့ခေါင်းက ဆံပင်တွေ ကွက်ကျားအရိတ်ခံထားရတဲ့ကိစ္စ၊ ဇော်ထက် သွားတစ်ချောင်း အနှုတ်ခံရတဲ့ကိစ္စ၊ ဒါတွေကို ဘယ်လိုပုံစံမျိုးနဲ့ ဖြစ်ခဲ့တာလဲဆိုတာ အရင်စုံစမ်းရမယ်"

ချမ်းမြေ့နဲ့ ရွှေဘုန်း တိုင်ပင်နေတုန်း ဇော်ထက် အခန်းထဲ ဝင်လာသည်။

"ဇော်ထက် မင်း ပိုက်ဆံအိတ် ရှာတွေ့လား"

"အေး. . ရှိ. . ရှိတော့ ရှိတယ်"

"မင်းဟာက ဘယ်လိုကြီးလဲ၊ ရှိတော့ ရှိတယ်ဆိုတော့ နောက်ဆက်တွဲက ဘာလဲ"

ချမ်းမြေ့ စိတ်ပူစွာဖြင့် မေးလိုက်သည်။ ဇော်ထက်မှာပါ ပိုက်ဆံ





မရှိတော့ဘူးဆိုလျှင် သူတို့သုံးယောက် ချောင်းသာကမ်းခြေမှာ ခွက်ဆွဲတောင်းရတော့မယ့် အခြေအနေ ဖြစ်ရချေမည်။

"ချမ်းမြေ့ မင်း. . မင်း. . စိတ်ကို ခိုင်ခိုင်ထားနော်"

"အေးပါ ရဲနိုင် ဘာဖြစ်လို့လဲ ငါ့ကို ပြောစမ်းပါ"

"ရဲနိုင် ဘာဖြစ်နေတယ်ဆိုတာကို ငါမသိဘူး၊ ငါ ငါသိတာက ညတုန်းက က. . ကစားဝိုင်းမှာ မင်းကားကို ပေါင်ထားခဲ့ပုံရတယ်"

"ဘာ. ."

"ရော့. . ဒီမှာ မင်းကား အပေါင်စာချုပ်၊ သိန်းနှစ်ဆယ်နဲ့ ပေါင်ထားခဲ့တာ"

ဇော်ထက်လှမ်းပေးသော ကားအပေါင်စာချုပ်ဆိုတာကို ချမ်းမြေ့မှာ လက်တုန်တုန်ဖြင့် မရဲတရဲ လှမ်းယူလိုက်သည်။ ချမ်းမြေ့ မျက်နှာမှာ သွေးပျက်လွန်းစွာဖြင့် ဇောချွေးတွေတောင် ပျံလာသည်။

ရွှေဘုန်းလူလည်း စိတ်ရှုပ်လွန်း၍ ထိုင်ရမလို ထရမလိုနှင့် ဂနာမငြိမ် ဖြစ်၍နေသည်။

"ဒါ. . ဒါတွေက ဥပဒေနဲ့ သိပ်ပြီး မညီတော့ဘူးထင်တယ်နော်၊ ရွှေဘုန်း"

"အေး. . ဖြုံသနာက ခပ်သေးသေး မဟုတ်တော့ဘူး၊ ဟဲဗီးဖြစ်လာပြီ၊ ငါတို့ အစရှာနိုင်ဖို့ပဲ လိုတယ်၊ အပေါင်စာချုပ်မှာလည်း ငါ့လက်မှတ်ကြီးနဲ့"

"ငါတို့သုံးယောက်စလုံး ညက ဘာတွေ ဖြစ်ခဲ့ကြလည်းဆိုတာ ဘယ်သူမှ မမှတ်မိကြဘူး၊ ဟိုကောင် ရဲနိုင်က ပျောက်နေတယ်၊ ဒီကောင်ဆိုရင်တော့ ညက ဘာတွေဖြစ်ခဲ့ကြလဲဆိုတာ သိနိုင်မှာ သေ



www.burmeseclassic.com

www.burmeseclassic.com



ချာတယ်"

"အေး ဟုတ်တယ် ငါတို့ ဒီကောင့်ကို တွေ့အောင်ရှာရမယ်"

ချမ်းမြေ့နှင့်ရွှေဘုန်းလူ ပြဿနာအရင်းမြစ်၏ အဖြေကို ရနိုင်ဆီသို့ ပုံချလိုက်၏။ ဇော်ထက် ဟင်းခနဲ သက်ပြင်းလုံးကြီးကို ချကာ တလေးပွေ့ချီထားသော ရွှေဘုန်းလူကို ကရုဏာအကြည့်ဖြင့် ကြည့်လိုက်ပြီး. . .

"နေဦး ပြဿနာက မင်းတို့ထင်ထားတာတွေထက် ပိုပြီး ရှုပ်ထွေးနေတယ် ချမ်းမြေ့ ကားအပေါင်စာချုပ်တင် မဟုတ်ဘူး ရွှေဘုန်းမင်းနဲ့ပတ်သက်တဲ့ စာချုပ်တစ်စောင်ကပါ ငါ့ဆီမှာရှိနေတယ် ဒီစာချုပ်တွေ ငါ့လက်ထဲ ဘယ်လိုရောက်လာသလဲ ဆိုတာတော့ ငါ့ကိုလာမမေးနဲ့ ငါ့မှာအဖြေမရှိဘူး ညကလူမှန်းမသိအောင် ကဲကြတဲ့အထဲမှာ ငါက ထိပ်ဆုံးက ပါချင်ပါနေမှာ"

"မင်းဘာတွေပြောနေတာလဲ စိတ်ရှုပ်ရတဲ့ကြားထဲ ဒွိပဲပြောစမ်းပါကွာ"

"အေး ဒွိပဲပြောမှာပါ ဒီမှာကြည့် သတို့သားနေရာမှာ မင်းကိုယ်တိုင် လက်မှတ်ထိုးထားတဲ့ လက်ထပ်စာချုပ်"

"ဘာ"

ဇော်ထက်စကား အဆုံး ရွှေဘုန်းလူ မိုးကြိုးပေါင်းများစွာ ပစ်ခွင်းခံလိုက်ရသလို ခေါင်းမွေးတွေထောင်ထသွားသည်။

"မဟုတ်ဘူး. . ဒါ လုပ်ကြံထားတာ လုံးဝမဖြစ်နိုင်ဘူး ငါက ဘယ်ကမိန်းမနဲ့ လက်ထပ်ရမှာလဲကွ"

ရွှေဘုန်းလူ စာချုပ်ကိုင်ထားသော လက်မှာ တဆတ်ဆတ်





တုန်နေသည်။ စိတ်လှုပ်ရှားလွန်းလို့ ဇောချွေးတွေပင် တဖြိုက်ဖြိုက်ကျလာသည်။ မျက်လုံးတွေပြူးကျယ်ကာ စိတ်တွေလွှတ်ထွက်မတတ်ကို တုန်လှုပ်ချောက်ချားနေမိသည်။

လက်ထပ်စာချုပ်ကို အသေအချာ ပြန်ကြည့်ဖြစ်သည်။ သတို့သမီးနာမည်က စုစုကျော်ဖြစ်သည်။ သတို့သမီးဘက်မှ အသိသက်သေနှစ်ယောက်လက်ရေးတွေ မလှမပနှင့် လက်မှတ်ထိုးထားကြသည်။ တစ်ယောက်က ကိုတိုင်းကျော် နောက်တစ်ယောက်က ဒေါ်ခင်မေဟူသော နာမည်တွေနှင့်ဖြစ်သည်။

သတို့သားဘက်မှာက ရွှေဘုန်းလူ လက်ရေးနှင့်ရေးထားသော နာမည်နှင့်လက်မှတ်။ အသိသက်သေနေရာမှာ ကိုသန်းအောင်နှင့် ချမ်းမြေ့. . .

ဒီလိုညမျိုး ရွှေဘုန်းလူဆီမှာ တကယ်ကြုံခဲ့တာလား။ ဒီစာချုပ်၊ ဒီကလေး ဒါတွေဟာ ဘယ်တုံးကမှ မရှိခဲ့တဲ့ ညတစ်ညရဲ့ သက်သေတွေလား။

ရင်ထဲမှာလှိုက်တက်လာသော. . သောကအပူလုံးကြီးသည် လည်ချောင်းဝမှာ တစ်ဆို့လျှက် ဘာတွေပြောရမှန်းပင် မသိတော့။

နောက်ဆုံးအီခနဲသာ ငိုချလိုက်တော့သည်။

ရှိုက်ကြီးတငင်ငိုကာ နံရံကိုလက်သီးဖြင့် တဒုန်းဒုန်းထုနေသော ရွှေဘုန်းလူကို ကြည့်ပြီး ချမ်းမြေ့နှင့်ဇော်ထက်ဘယ်လို နှစ်သိမ့်ရမှန်းနဲ့ ချွေးသိပ်ရပါ့မလဲ။ သူတို့မျက်နှာတွေပါ ရွှေဘုန်းလူ ငိုနေသလို ငိုမဲ့မဲ့ ဖြစ်လာကြသည်။

ညကသူငယ်ချင်းအားလုံး ကမ္ဘာသစ်တစ်ခုထဲကို ရောက်သွား



www.burmeseclassic.com

www.burmeseclassic.com



သလိုလိုနှင့် အဖြစ်အပျက်တွေက အိပ်မက်ဆန်လွန်း၏။ နိုးလာတော့ ထိုအိပ်မက်ကို ဘယ်လိုမှ အစဖော်၍မရတော့သလို ဘယ်လိုမှလည်း ရုန်းထွက်၍မရနိုင်တော့။

"သွားပြီ . . ငါ့ဘဝတော့သွားပါပြီကွာ၊ ငါ ဖေ့ကိုဘယ်လို ရင်ဆိုင်ရမလဲ၊ ဖေငါ့ကို လူယုတ်မာလို့ ထင်သွားတော့မှာကွ၊ ငါ့ကိုကယ်ပါဦး . . ဒီ ပြဿနာထုပ်ကြီး ငါ့ခေါင်းပေါ် ဘယ်လို ရောက်လာရတာလဲ၊ ဝိုင်းပြီးဖြေ ရှင်းပေးကြပါဦးကွာ၊ ဘာမှန်းမသိတဲ့မိန်းမရဲ့ ဘဝထဲမှာ ငါ့ဘဝကို ဘုမသိ ကိုးမသိ အမှောင်ချလိုက်ရတော့မှာလားကွာ၊ ငါ့ . . ငါက ဖေနဲ့လက်ထပ်ရတော့မှာလေ"

ငိုသံပါကြီးဖြင့် ဗလုံးဗထွေး ပြောနေသော ရွှေဘုန်းလူ အတွက်တော့ ထိုတဒင်္ဂသည် ကမ္ဘာပျက်နေသလားပင်။

ကံရယ် ဆိုးလိုက်တာမှ ကလေးအဖေပါ တန်းဖြစ်ရောသတဲ့လား။ ရင်နာဖို့ ကောင်းလေစွ။

ပျော်ချင်လို့ချောင်းသာမှာ လာကဲကြကာမှ ဒူးနဲ့မျက်ရည်သုတ်ရတဲ့ ကိုယ့်အဖြစ် ဘယ်သူကလာပြီး သနားမှာတဲ့လဲ။









# အခန်း (၄)

ပြဿနာကို အစဖော်ပေးနိုင်မည့် ကိုသန်းအောင်ကလည်း ရှိ ရဲနိုင်ကိုလည်း ရှာမတွေ့နှင့် ရွှေဘုန်းလူတို့ ကလေးတစ်ယောက်နှင့် ချာလည်နေသည်။

ကားကလည်းပေါင်ထားသည်မို့ ဘယ်သွားသွား ဘယ်လာလာ လမ်းကြောင်းသွားနေရတော့ သိပ်ပြီးခရီးမတွင်လှ။

လမ်းမှာတွေ့သမျှလူကို ရဲနိုင်၏ဓါတ်ပုံပြပြီး ဘယ်မှာတွေ့လဲ လိုက်မေးနေရတာ တကယ့်ကို အူကြောင်ကြောင်နိုင်လှသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟူး . . ရွှေဘုန်းရာ ငါတို့ခုလို ကလေးတစ်ယောက်နဲ့ နေပူကြီးထဲ လျှောက်သွားနေရတာ သိပ်တော့အဆင်မပြေဘူးကွ"

"အဲလိုမှ မရှာရင် ငါတို့ဘယ်လိုရှာမလဲ၊ ရဲနိုင်ကို နေရာအနှံ့လည်းရှာပြီးသွားပြီ တွေ့မှမတွေ့တာ"

"မတွေ့နိုင်သေးတဲ့ လူကိုရှာမှာထက် ဘုန်းလူရဲ့ လက်ထပ်စာချုပ်ထဲက အသိသက်သေတွေကို အရင်ရှာရမယ် မဟုတ်လား"

"အဲဒီလူတွေကို ဘယ်မှာသွားရှာရမလဲ"

"ရွာထဲမှာ သွားရှာပေါ့"

"အေး . . ဇော်ထက်ပြောတာ နည်းနည်းတော့ နီးစပ်တယ်ကွ ညကငါတို့ကို ကိုသန်းအောင် ရွာထဲခေါ်သွားတာတော့ သေချာတယ်"

"ဟုတ်တယ် ဒါဆိုရင် ရွာထဲကို သွားကြမယ်"

"ဒီကလေးကို တစ်နေရာမှာ ထားခဲ့ကွာ ကလေးကြီး တစ်တန်းတန်းနဲ့ သွားရတာ အလုပ်မဖြစ်ဘူး"

"ဒါဆိုဘယ်မှာ ထားခဲ့ရမလဲ"

"ဟိုတယ်က ဝန်ထမ်းတွေနဲ့အပ်ခဲ့ကွာ"

ချမ်းမြေ့အကြံက ကောင်းပေမယ့် ရွှေဘုန်းလူ လက်ခံ၍မဖြစ် ဒီကလေးကို ခေါ်သွားတာဟာ ပျောက်ဆုံးနေသည့် ကွင်းဆက်တွေကို ရှာဖွေနိုင်သည်။

"မဖြစ်သေးဘူးကွ ဒီကလေးပါမှ ဒီကလေးနဲ့ပတ်သက်တဲ့ လူတွေကို တစ်ဆက်တည်းရှာနိုင်မှာ ဒါဆိုရင်ညက ငါတို့ဘာတွေ ဖြစ်ခဲ့ကြသလဲဆိုတဲ့အဖြေကို တစ်ခါတည်းရှာလို့ရသွားပြီ"

"အေး . . ရွှေဘုန်းပြောတာလည်း သဘာဝကျတယ်ကွ၊ ည





တစ်ညတည်းမှာငါတို့ လူတော်တော်များများနဲ့ ဇယားတွေတော်တော်ရှုပ်ခဲ့ပုံပဲကွ၊ အဲဒီထဲက တစ်ယောက်ကိုရှာနိုင်ပြီဆိုရင် ငါတို့သိချင်တဲ့ ကိစ္စတွေကို တစ်ဆင့်ချင်းလိုက်ရှင်းလို့ရပြီ"

သူငယ်ချင်းသုံးယောက် စိတ်တူကိုယ်တူဖြင့် ရွာတန်းတွေရှိရာဘက်သို့ ထွက်လာခဲ့ကြ၏။

ကမ်းခြေမှာ ပြေးလွှားဆော့ကစားသူက ဆော့ကစား ရေကူးရှင်း ဘောစီးသူကစီး ရောင်စုံထီးလှလှကြီးအောက်မှာ ခပ်မိန့်မိန့် ဇိမ်ယူနေသူတွေကယူနေကြနှင့် သူတို့အားလုံးပျော်သလို မပျော်နိုင်ကြသူတွေက ရွှေဘုန်းလူတို့ အဖွဲ့တွေပင် ဖြစ်သည်။

သူတို့မျက်နှာမှာ အပျော်တွေကို မျှော်မှန်းဖို့ နေနေသာသာ မမြင်နိုင်တဲ့ နေရာက ချုံခိုတိုက်ခံနေရသည့် ပြဿနာတွေကို ရင်ဆိုင်ဖို့ခက်ခက်နှင့် ခြေလှမ်းတွေကို မနည်းအားတင်း လှမ်းနေကြရသည်။

ကံကြမ္မာကြီးက သူတို့ကို ဘယ်လိုအပြုံးနှင့် ဒဏ်ခတ်လိုက်ပြီလည်းဆိုတာတော့ ကံကြမ္မာကြီးသာ ပိုသိမည်ထင်၏။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၀)

အိမ်တွေ. . အိမ်တွေကိုယ်စီမှ လူတွေ၏အကြည့်တွေသည် ထောင်ထောင်မောင်းမောင်း ရုပ်ရည်ခပ်ဖြောင့်ဖြောင့် ရွှေဘုန်းလူတို့ သူငယ်ချင်းသုံးယောက်နှင့် ရွှေဘုန်းလူ လက်ထဲမှကလေးကို စိတ်ဝင်တစား စုပြုံနေကြသည်။

ရွာဆိုပေမယ့် အိမ်ကြီးအိမ်ကောင်းတွေနှင့် မြို့နေလူတန်းစားတွေလို အလယ်အလတ်တန်းစားတော့ ရှိကြ၏။

“ရွှေဘုန်း ငါတို့ဒီအတိုင်း ဆက်လျှောက်နေရင် မျောက်ပွဲ





လှည့်ပြနေသလို ဖြစ်နေမယ်၊ မင်းလက်ထပ်စာချုပ်ထဲက တိုင်းကျော်ဆိုတဲ့ကောင်ကို အရင်မေးကြည့်ပါလား”

ချမ်းမြေ့လမ်းလျှောက်နေရင်းမှ ခပ်တိုးတိုးသတိပေးသည်။

“အေးပါ. . ငါလည်း အခြေအနေကြည့်ပြီး မေးမလို့ပါ”

ထိုစဉ် လူကြီးတစ်ယောက် အိမ်တစ်အိမ်ထဲမှ ထွက်လာသဖြင့် ရွှေဘုန်းလူမေးရန် ဟန်ပြင်ကာ. . .

“ဦးလေး ဒီနားမှာ ကိုတိုင်းကျော်တို့ အိမ်များရှိသလား ခင်ဗျာ”

ရွှေဘုန်းလူ အမေးကြောင့် ထိုလူကြီး တိုင်းကျော်ဆိုသောလူ၏ နာမည်ကို စဉ်းစားသလို ဟန်ဖြင့် သူ့မုတ်ဆိတ်မွေး တိုစိစိတွေကို ပွတ်လိုက်ပြီး. . .

“ရှိတော့ရှိတယ်ကွ မင်းမေးတဲ့ တိုင်းကျော်ဆိုတဲ့နာမည်တွေက ဒီမှာသုံးလေးယောက်ရှိတယ်”

“ဒါ. . ဒါဆို ဦးလေးသိတဲ့ တိုင်းကျော်ကို အရင်ပြောပါဗျာ၊ ပြီးရင် နောက်တိုင်းကျော်တွေ ရှိတဲ့နေရာကို ညွှန်ပေးပါ ကျေးဇူးမမေ့ပါဘူးဗျာ”

“အေးလေ ဒါဆို ဦးလေးအိမ်က တိုင်းကျော်ကို အရင်ပြောရမှာပေ့ါ တိုင်းကျော်ရေ တိုင်းကျော် လာပါဦးကွာ”

ထိုလူကြီး သူ့အိမ်ထဲကို လှမ်းအော်ခေါ်လိုက်သည်။

လေးငါးနှစ်အရွယ် ကောင်လေးတစ်ဦး ပြေးထွက်လာပြီး. .

“ဗျာ. . အဘိုး တားကိုခေါ်လား”

“အေးကွ. . ဒီမှာ ငါ့မြေးနာမည်ကို ဒီကဦးဦး သုံးယောက်က လာမေးနေလို့”



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ . ဦးဦးတို့ကတားတာကို ဘာရို့မေးတာလဲ၊ တားကိုတိလို့လား"

ထိုကောင်လေး မပီကလာ ပီကလာမေးသည် ရွှေဘုန်းလူစိတ်လေသွားကာ ခေါင်းမှဆံပင်တွေကို ထိုးဖွလိုက်သည်။

"အဲ့ . အင်း . အင်း . အင်း"

အရေးထဲ ရင်ခွင်မှပိုက်ထားသော ကလေးက နိုးလာ၍တအင်းအင်းဖြင့် ငိုစပြုလာပြီ။

"ဦးလေး ကျွန်တော်တို့ပြောတာ ဒီအရွယ် တိုင်းကျော်ကိုမဟုတ်ဘူး ခင်ဗျာ၊ ဟို . ဟိုလေ လက်ထပ်စာချုပ်မှာ အသိသက်သေလက်မှတ်လိုက်ထိုးတဲ့ အရွယ်ကိုပြောတာ"

"ဩော် . . အဲဒီအရွယ်ကိုး . အင်း"

"အူဝဲ . အဲ့ . အင်း"

အဘိုးကြီး စကားပင် မပြတ်သေး၊ သကောင့်သားလေးကထအော်ပြန်သည်။

အဘိုးကြီး ကလေးကို အသေအချာကြည့်လိုက်ပြီး . .

"ဟ . ကလေးက လေနာလို့ထင်တယ်၊ ငိုလိုက်တာ ပြဲနေတာပဲ"

"လေနာတာမဟုတ်ဘူးအဘ နို့ဆာတာ"

"ဟော . ဟုတ်လား၊ သူ့အမေရော . အဲ့ . နေ နေပါဦး၊ ငါဒီကလေးကို မြင်ဘူးနေသလိုလိုပဲ"

အဘိုးကြီး စကားကြောင့် ရွှေဘုန်းလူ ထခုန်မတတ်ကို ဝမ်းသာသွားကာ





"ဟာ . အဘ ဒီကလေးကို သိတယ်ပေါ့ ဟုတ်လား"

"အေး . ငါ ဒီကလေးမျက်နှာကို ရင်းရင်းနှီးနှီးကို သိနေတယ်ကွ၊ ဒီကလေး ဘယ်သူ့ကလေးပါလိမ့်"

"ဟာ . လုပ်ပါ၊ လုပ်စမ်းပါ၊ သတိရလိုက်စမ်းပါ အဘရာ၊ ကျွန်တော့်အတွက် အရမ်းကို အရေးကြီးလို့ အဘရဲ့ ရွှေဉာဏ်ရှင်ကို ဖွင့်ခိုင်းပါ အဘရယ်၊ ဒါ . ဒါ အဘတို့ ရပ်ကွက်ထဲက ကလေးပေါ့နော်၊ ဟုတ် . ဟုတ်တယ်မဟုတ်လား"

"အေး . ဟုတ်တော့ ဟုတ်သလိုလိုပဲကွ၊ နေပါဦး ငါ့ဦးနှောက်တလည်းလေ၊ အသက်ကြီးလေ မှိုတက်လေနဲ့ ဘာကိုမှ စဉ်းစားလို့ကို မရဘူး"

အဘိုးကြီး စဉ်းစားခန်းဝင်နေတာ တရုတ်မဘောင်းဘီထဲ အီးပေါက်သလို လည်နေ၍ အဖြေက တော်တော်နှင့်မထွက် . . .

"အဘ ဒီအိမ်မှာ ကလေးအမေ ရှိလား"

ရွှေဘုန်းလူ စိတ်မရှည်တော့၊ တအဲအဲငိုနေသော ကလေးတိုကြည့်ပြီး နားတွေ ထူပူကာ စိတ်တွေ ပို၍ ရှုပ်ထွေးနောက်ကျိလာသည်။

"မရှိဘူးကွ၊ မင်း ဘာလုပ်မလို့လည်း"

"ဒီကလေးကို နို့တိုက်ခိုင်းမလို့ပါ အဘရယ်"

"ဒါ မင်းတို့ကလေး မဟုတ်ဘူးလား"

"မဟုတ်ပါဘူး အဘရယ်၊ ကျွန်တော်တို့ ဘန်ဂလိုရှေ့မှာ လာချသွားလို့ ကျွန်တော်တို့ ဒီကလေး မိဘကို လိုက်ရှာနေတာပါဗျာ၊ ကျွန်တော်တို့ ရန်ကုန်က ရှယ်လူသားတွေပါ၊ ခုတော့ အူတူတူလူသားလေးတွေဖြစ်ပြီး ချောင်းသာမှာ ဖားလက်တက်ကလေးတွေပို ယက်



www.burmeseclassic.com

www.burmeseclassic.com



တန်ယက်တန် ဖြစ်နေရပါပြီ"

ချမ်းမြေ့ ငိုမလို ရယ်မလို မျက်နှာကြီးဖြင့် ဝင်ရှင်းပြ၏။

အဘိုးကြီး တကယ်ယုံသွားဟန်ဖြင့် ရွှေဘုန်းလူကိုတစ်လှည့် တအဲအဲငိုနေသော ကလေးကိုတစ်လှည့် အကဲခတ်ပြီး. . .

"အေး. . အေးပါ၊ ငါ ကူညီပါ့မယ်ကွာ၊ ဘေးအိမ်က မမယ်မတော့ ဒီကလေးကို နို့တိုက်ပေးနိုင်မှာပါ၊ အဲ သူ့ယောကျ်ားလည်း တိုင်းကျော်ပဲကွ"

"ဟာ. . ဟုတ်လား၊ ဒါဆို ကျွန်တော့်ကို ပေးတွေ့ပါ အဘရယ်"

အဘိုးကြီး မမယ်မဆိုသော အမျိုးသမီး အိမ်ကို သူကိုယ်တိုင် ဦးဆောင်၍ ဝင်သွားပြီး. . .

"မယ်မ. . မယ်မရေ"

"ရှင်. ."

"လာစမ်းခဏ နင့်ယောကျ်ားရော"

"ငါးကင် သွားရောင်းတယ်လေ အဘရဲ့၊ ဘာလုပ်ဖို့တုန်း"

နို့ဘောက်ဘက်ဖြင့် အိမ်ရှေ့မှာ ထွက်လာသော မမယ်မဆိုသူကို ကြည့်လိုက်တာနှင့် နို့တိုက်မိခင်ဆိုတာ အသေအချာ ခန့်မှန်းနိုင်၏။

"ဒီမှာ ရန်ကုန်က ဧည့်သည်တွေ၊ နင့်ယောကျ်ားကိုလည်း တွေ့ချင်လို့၊ နင့်ဆီကလည်း အကူအညီ တောင်းမလို့"

"သြော်. . ဟုတ်ကဲ့. . ကျွန်မ ဘာကူညီရမလဲ"

မမယ်မဆိုသူက ရွှေဘုန်းလူတို့ကို သဘောကောင်းသော အ





ပြုံးဖြင့် ပြုံးပြရှာ၏။

"ဟို. . ဟိုလေ နို့. . နို့တိုက်ပေးစေချင်လို့ပါ"

"ရှင်. . ဘယ်. . ဘယ်နို့ကို တိုက်ရမှာလဲ"

"ဒီနို့ကိုလေ"

ရွှေဘုန်းလူ အယောင်ယောင် အမှားမှားဖြင့် မမယ်မဆိုသူ၏ ရင်ဘတ်ကို လက်ညှိုးထိုးပြ၏။

"အို. ."

မမယ်မ လက်ကလေးနှစ်ဖက်ယှက်ကာ ကိုယ်လေး ကျုံ့သွား၏။

"ဟာ. . ဟော့ကောင် ဘုန်းလူ၊ မင်းဟာလေ စကားပြောရင် ဘယ်တော့မှ လိုရင်းကို ရောက်အောင် မပြောနိုင်ဘူး၊ ဒီ. . ဒီလိုပါ အစ်မ၊ ဒီကလေးက ကျွန်တော်တို့ ကလေးလည်း မဟုတ်ပါဘူး၊ ကျွန်တော်တို့ တည်းခိုတဲ့ ဘန်ဂလိုရှေ့မှာ လာပစ်ထားလို့ ခဏသိမ်းထားတာပါ၊ အခု ကလေးက နို့ဆာနေလို့ အစ်မများ ဒီကလေးကို နို့တိုက်ပေးနိုင်မလားလို့ အကူအညီ တောင်းတာပါ"

"သြော်. . အဲလိုလား၊ ရပါတယ်"

"ဟားဟားဟား. . ဒီ ဦးဦးရဲ့ တားလိုပဲ တွားကျိုးနေတာ. . ဘိုးဘိုး. . တွားကျိုးကြီး. . တွားကျိုးကြီး"

"အုိ"

ဇော်ထက် သူသွားကျိုးနေတာကို မေ့ပြီး စကားတွေ ဖောင်ဖွဲ့အောင်ဝင်ပြောနေချိန်မှာ တိုင်းကျော်ဆိုသော ကလေးမှာ သူ့ကိုပင် သွားကျိုးနေသည်ဟု အဖော်ညှိပြီး ပျော်ရွှင်ခုန်ပေါက်နေသဖြင့် ဇော်



www.burmeseclassic.com

www.burmeseclassic.com



ထက်မှာ သူ့ပါးစပ်ကိုသူ အချိန်မီပြန်စေ့လိုက်ရသည်။ ရှက်လိုက်သည်မှာ ပြောဖွယ်ရာမရှိတော့။

ခုန်ပေါက်ပျော်ရွှင်နေသော မြေးကိုကြည့်ပြီး အဘိုးကြီးကပါးဖော်ထက် ပါးစပ်ကို အသေအချာ ပြူးကြည့်သည်။

"ဟဲ့. . ဟဲ့. . ဟဲ့"

ဖော်ထက်ရှက်ရှက်နှင့် ရယ်ပြသဖြင့် သွားကျိုးတာကြီးကို ပြူးနေအောင် မြင်လိုက်ရသော အဘိုးကြီးလည်း သူ့မြေးလိုပင် တခွိခွိဖြင့် ရယ်ပြန်သည်။

ရွှေဘုန်းလူနှင့်ချမ်းမြေ့ရယ်ချင်စိတ်ကို မနည်းမျိုချ၍နေရ၏။

အရေးထဲမှာ ဖော်ထက်သွားကျိုးတာက ဟာသရသ မြောက်နေရတယ်လို့. . .









# အခန်း (၁၁)

မမယ်မ ယောက်ျား ကိုတိုင်းကျော် ငါးကင်ဗန်းကြီးကိုင်ကာ အိမ်ပေါ်တက်လာ၏။

ရွှေဘုန်းလူတို့ကို မြင်တော့ ဘာမျှမပြောင်းလဲသော အမူအရာဖြင့် ငါးကင်ဗန်းကို ကြမ်းခင်းပေါ်ချကာ ဝင်ထိုင်၏။ ရွှေဘုန်းလူသဘောပေါက်လိုက်သည်။ ဒီလူဟာ လက်ထပ်စာချုပ်မှာ အသိသက်သေ လိုက်ပေးထားသော ကိုတိုင်းကျော် မဟုတ်ဘူး ဆိုတာပင်။ အသိသက်သေလက်မှတ်ထိုးပေးထားသော ကိုတိုင်းကျော်ဆိုလျှင် အနည်း



www.burmeseclassic.com

www.burmeseclassic.com



ဆုံးတော့ ညကကိစ္စကို အနည်းငယ် စမြုံ့ပြန်မှာ သေချာ၏။

"ကျွန်တော့်ကို တွေ့ချင်တာ ဘာကိစ္စလည်း အစ်ကိုတို့"

"ဒီလိုပါ ညက ကျွန်တော်တို့သူငယ်ချင်းတွေ ဒီရွာထဲမှာလာပြီး ပျော်ကြပါးကြတယ်၊ အဲ. . သောက်ကြစားကြတယ်ပေါ့ဗျာ. . အဲ. . အဲဒီထဲမှာ ကိုတိုင်းကျော်ရော ပါသလားလို့ ဟိုလေ. . ကျွန်တော်တို့ကို ခင်ဗျားသိတယ် မဟုတ်လား"

"ဟင့်အင်း မသိပါဘူး"

"အင်"

"ဟုတ်တယ် ကျွန်တော် တကယ်မသိတာပါ"

ရွှေဘုန်းလူ စိတ်လေသွားသည်။ သူတို့အဖြစ်က အစရှာဖို့ အတော်လေးခက်နေ၏။ ကောက်ရိုးပုံထဲအပ်ဆင်းရှာလျှင်တောင် ခုလောက်ဆို တွေ့နေလောက်ပြီ။

"ဒါဆိုရင် ဒီအရပ်ထဲမှာ ကိုတိုင်းကျော်ဆိုတဲ့လူ. . အဲ. . ဒါမှမဟုတ် သီရိဟိုတယ်မှာလုပ်နေတဲ့ မန်နေဂျာ ကိုသန်းအောင်ရဲ့အိမ်. . ဒါမှမဟုတ် ဒေါ်ခင်မေဆိုတဲ့ အမျိုးသမီး. . ကျွန်တော်တို့ သူတို့တွေကို တွေ့ချင်တယ် သူတို့ဘယ်မှာနေသလဲဆိုတာကို သိချင်တယ်"

"ကျွန်တော်က စုံစမ်းပေးရမယ်ပေါ့"

"ဟုတ်တယ်. . အဲဒီအတွက် ခင်ဗျားကို မနစ်နာစေရပါဘူး"

"ကောင်းပြီလေ ကျွန်တော်စုံစမ်းပေးမယ်"

"အဲ. . ခင်ဗျားတို့ကို အကူအညီတောင်းစရာ နောက်တစ်ခုရှိသေးတယ်"

"ဘာလဲ"





"ဒီကလေးရဲ့ အမေ စုစုကျော်ဆိုတာလည်း စုံစမ်းပေးရမယ်၊ ပြီးတော့ ဒီကလေးကို ခင်ဗျားတို့ ခဏလောက် စောင့်ရှောက်ပေးထားကြပါ"

ရွှေဘုန်းလူ ဇော်ထက်ဘက်ကို လှည့်ပြီး မျက်ရိပ်လှမ်းပြ၏။ ဇော်ထက်အကင်းပါးသူပီပီ သူ့ခါးကြားမှာ ထိုးထားသော လယ်သာခေါက်အိတ်ထဲမှ တစ်သောင်းတန် နှစ်ရွက်ကို ထုတ်လိုက်သည်။

"ရော့. . . ဒါကလေးကို စောင့်ရှောက်ခ အနေနဲ့ပေးတာ. . ၊ နောက်ထပ်ပေးဦးမှာ၊ ခင်ဗျားသာ ကျွန်တော်တို့တွေ့ချင်တဲ့ လူတွေကို ရှာပေး. . တွေ့ရင် သီရိဟိုတယ်က အခန်းနံပါတ် (၁၀၈)မှာ ကျွန်တော်တို့ ရှိတယ်"

"ကောင်းပြီလေ. . အဲ. . ခင်ဗျားတို့ ဒီကလေးကို အပြီးထားပြီး လစ်ပြေးမှာတော့ မဟုတ်ပါဘူးနော်"

ထိုလူ ကလေးကိုကြည့်ပြီး စိတ်မချသလို မယုံကြည်သလို လေသံဖြင့် မေး၏။

"ဟာ. . ခင်ဗျားတို့ ထင်နေတဲ့ လူစားမျိုး မဟုတ်ဘူးဗျ၊ ဒီကလေးကို ညနေကျရင် လာပြန်ခေါ်မယ်၊ ကျွန်တော်တို့လည်းသူ့ အမေတို့တွေ့ပြီး ဒီကလေးကို ပြန်ပေးချင်နေတာပါဗျ၊ အခု ကျွန်တော့်သူငယ်ချင်း တစ်ယောက်ကို ရှာရမှာမို့ ဒီကလေးကို ခင်ဗျားတို့ဆီ ခဏအပ်ထားတာ"

ချမ်းမြေ့နှင့် ရွှေဘုန်းလူ အတည်ပေါက်နှင့် ဟောက်ခဲ့ပြီး စကားစကို မနည်းဖြတ်ချကာ ကလေးကို ထားခဲ့ရ၏။ ဒီကလေး ဘယ်သူ့ကလေးပဲဖြစ်ဖြစ် သူ့အမေပေါ်လာရင် ဒီအိမ်မှာ လာခေါ်ခိုင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရုံပင်။ ခုလောလောဆယ် ဒီအရှုပ်ထုပ်ကလေး ကိုယ့်လက်က လွတ်ဖို့က အရေးအကြီးဆုံးမဟုတ်လား။









# အခန်း (၁၂)

တစ်နေကုန် ရဲနိုင်ကို လိုက်ရှာနေကြ၍ ဘန်ဂလိုကို ပြန်ရောက်တော့ ညနေလေးနာရီပင် ထိုးနေပြီ။ သုံးယောက်သား ပင်ပန်းလွန်း၍ ခြေထောက်တွေပင် ယိုင်ထိုး၍နေပြီ။

"ဟူး ပင်ပန်းလိုက်တာကွာ ချောင်းသာကို ပျော်ချင်လို့ လာကာမှ မပျော်ရပဲ ဘဝပါပျက်မဲ့ကိန်း ကြုံနေရပြီကွာ"

ရွှေဘုန်းလူ ခပ်ညည်းညည်းဆိုရင်း ဘန်ဂလို လှေကားပေါ်ကို လှမ်းတက်လိုက်သည်။

"အစ်ကို. . အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ဘန်ဂလိုပေါ်မှပြေးဆင်းလာသော မိန်းကလေးတစ်ယောက်က ရွှေဘုန်းလူ၏ လက်မောင်းကို အတင်းကိုင်လှုပ်ပြီး ခေါ်သဖြင့် ရွှေဘုန်းလူနှင့်အတူ ဇော်ထက်နှင့်ချမ်းမြေ့ပါ ပါးစပ်အဟောင်းသားခတွဖြင့် ကြောင်စိစိဖြစ်ကုန်၏။

"ဟင်. . ဘာ. . ဘာလဲဟ ဘယ်သူလဲ"

"ကြည့်. . အစ်ကိုကလေ ကိုယ့်ရဲ့အသစ်စက်စက် မိန်းမကို ဘယ်သူလဲလို့ မေးနေသေးလားလို့. . ဟွန်း"

"ဗုဒ္ဓေါ. . ဘုရားကယ် ကယ်ပါ"

"ဒါဆို. . မင်းက စုစုကျော်ပေါ့"

"အင်းလေ. . အဲ. . ဒါနဲ့သားရော. . သားလေးရောဟင် အစ်ကို"

"မင်းကွာ မင့်ကဘာမို့လို့ မင်းကလေးကို ငါ့အိပ်ရာပေါ်မှာ ထားသွားရတာလဲ မင်းကလေးအမေ မဟုတ်ဘူးလား"

ရွှေဘုန်းလူ ခါးထောက်ရန်တွေ့ပစ်လိုက်၏။ ဒေါသသံတွေနှင့်မို့ စုစုကျော်ဆိုသော ကောင်မလေး မျက်လုံးလေး ပေကလပ်ပေကလပ်ဖြင့် ဘာမျှပြန်မပြောရဲရှာ။

"ရွှေဘုန်း မင်းဒီအချိန်မှာ ဒါတွေပြောမနေနဲ့ ညကငါတို့ ဘာတွေဖြစ်ခဲ့ကြသလဲ ဆိုတာကိုပဲ အရင်ဆုံးမေး"

ချမ်းမြေ့စိတ်လောစွာဖြင့် ဝင်၍ သတိပေးသည်။

"ညကငါတို့ဘာတွေဖြစ်ခဲ့ကြသလဲ မင်းနဲ့ငါနဲ့ဘာဖြစ်ခဲ့လို့ မင်းက ငါ့အခန်းထဲ ရောက်နေရတာလဲ"





"ညက အစ်ကိုပဲ သူများတို့သားအမိကို အတင်းခေါ်လာပြီးတော့. . ဟင့်"

စုစုကျော် မျက်ရည်လေး တစမ်းစမ်းဖြင့် ခြေစောင့်ကာ ဆို၏။

"အခု ညီမသားလေး ဘယ်မှာလဲ ကလေးနို့ဆာနေရောပေါ့"

"ဩော်. . ခုမှ ကလေးကို နို့တိုက်ရကောင်းမှန်းသိတယ်ပေါ့ ဟုတ်လား"

"ညီမ အစ်ကိုနဲ့လိုက်မှာမို့လို့ ဆပ်စရာရှိတဲ့ အကြွေးလေးတွေကို လိုက်ဆပ်နေရတာပါ အစ်ကို၊ အခု အစ်ကိုနဲ့ပဲ ညီမတို့သားအမိ နေတော့မှာလေ၊ ဒါကြောင့် အသိမိတ်ဆွေတွေကို နှုတ်ဆက်နေရတာနဲ့ ကြာသွားတာပါ"

"ဘာ"

ရွှေဘုန်းလူ ဝမ်းခေါင်းသံကြီးဖြင့် အော်လိုက်သည်။ မျက်လုံးတွေလည်း အဆမတန် ပြူးကျယ်ထွက်လာကာ ခန္ဓာကိုယ်က အလန့်တကြားဟန်ဖြင့် နောက်သို့ပင် ယိုင်နဲ့သွားသလိုလို. . .

ဇော်ထက်နှင့်ချမ်းမြေ့လည်း အံ့ဩလွန်း၍ ပါးစပ်အဟောင်းသား။

"မင်း. . မင်းကငါနဲ့နေမလို့ ဟုတ်လား"

"အင်းလေ. . အစ်ကိုပဲ ညီမတို့သားအမိကို တစ်သက်လုံး ထားရ စောင့်ရှောက်သွားမယ်ဆို ညီမက မဖြစ်နိုင်ပါဘူး၊ ကလေးတစ်ယောက် အမေမို့ အစ်ကိုနဲ့မတန်ပါဘူးလို့ ငြင်းတော့ အစ်ကိုပဲပြောခဲ့တာလေ"

"ငါ. . ငါဘာပြောခဲ့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန့် . . အစ်ကိုကလေ မေ့ပြန်ပြီပေါ့၊ အစ်ကိုပဲပြောပြီး မင်းမှာ ကလေးဘယ်နှယောက်ရှိရှိ တစ်ဒါဇင်ရှိလည်း ငါဟာ ဒီကလေးတွေရဲ့ အဖေအဖြစ် မင်းနဲ့ထာဝရရှင်သန်နိုင်ပါတယ်ဆို"

"အောင်မလေး . . မြတ်စွာဘုရား ဗုဒ္ဓေါကယ်တော်မူပါ"

ရွှေဘုန်းလူ မယုံနိုင်လောက်အောင် သွေးပျက်သွားပြီး ဒူးတွေ တောင်တုန်လာ၏။ သူညက အဲဒီလောက်တောင် ပိုးစိုးပက်စက် မူးပြီး အဲဒီလောက် အခြေအနေကြီးကို ဖန်တီးခဲ့သတဲ့လား။

ချမ်းမြေ့နှင့်ဇော်ထက်ကို လှမ်းကြည့်ပြီး စစ်ကူတောင်းတော့လည်း သကောင့်သားနှစ်ယောက်က ပခုံးလေးကို ဟန်ပါပါတွန့်ပြကြ၏။ ကိုယ့်ပြဿနာ ကိုယ်ရှင်းဆိုသည့် သဘောပေါ့။

"နေ . . နေပါဦး မင်းနဲ့ငါ ဘယ်မှာတွေ့တာလဲ"

"ဒေါ်ခင်မေ . . အိမ်မှာလေ"

"ဟမ် . . . ဒေါ်ခင်မေ၊ ဟို . . လက်ထပ်စာချုပ်ထဲမှာ အသိသက်သေလုပ်ထားတဲ့ မိန်းမလား"

"အင်းပေါ့"

"သူကဘာလဲ မင်းနဲ့ဘာတော်လဲ"

"ဘာမှမတော်ဘူး၊ ညီမကို ငယ်ငယ်ကတည်းက မွေးစားထားတာ ညက အစ်ကိုတို့ရှေ့မှာ ဒေါ်ခင်မေက ညီမကို ရိုက်နေလို့ အစ်ကိုက ဝင်ဆွဲပြီး ဒီမိန်းကလေးကို လက်ထပ်ယူမယ်လို့ပြောပြီး ရပ်ကွက်လူကြီးတွေခေါ်ပြီး တစ်ခါတည်းလက်မှတ်ထိုး လက်ထပ်ယူခဲ့တာလေ၊ ဟော့ဒီမှာတွေ့လား . . အစ်ကို ကိုယ်တိုင်ဝတ်ပေးခဲ့တဲ့ လက်ထပ်လက်စွပ်ကလေး"





ရွှေဘုန်းလူ သွေးခုန်နှုန်းတွေ ဒိန်းခနဲဆောင့်ခုန်လေပြီ။ ဒါဟာ ဇေနဲ့သူ့ရဲ့ စေ့စပ်လက်စွပ်ကလေး . . .

"ဟား . . သွားပြီ၊ အဲဒါ . . အဲဒါ မင်းကိုမပေးနိုင်ဘူး၊ ငါ့ဘဝမှာ အရေးအကြီးဆုံး တန်ဖိုးအထားရဆုံးလက်စွပ် . . ပြန်ပေး . . ပြန်ပေး"

စုစုကျော့လက်ကို အတင်းယူပြီး လက်စွပ်ကို အတင်းဆွဲချွတ်၏။ လက်စွပ်ကကျပ်နေသဖြင့် မနည်းဆွဲချွတ်နေရ၏။

"အား . . နာတယ် နာတယ်၊ ဖြည်းဖြည်းချွတ်ပါ အစ်ကိုရယ် အတင်းကိုဆွဲချွတ်တော့တာပဲ"

"ဟေ့ . . တိုးတိုးအော် လူတွေကြားရင် မတော်မတရား ထင်နေကြဦးမယ်"

စုစုကျော့ ရွှေဘုန်းလက်ထဲမှ အတင်းရုန်းထွက်ပြီး လက်စွပ်ကို သူကိုယ်တိုင် ချွတ်ပေးသည်။

"ရော့ . . ခုတစ်မျိုး တော်ကြာတစ်မျိုး 2 in 1 လူကြီး၊ ကဲ ပြောညီမသားလေး . . အစ်ကို့ရဲ့သားရော"

အောင်မလေး မေးပုံကိုက ကိုယ်နဲ့ မွေးထားတဲ့ ကလေးကျနေတာပဲ . . .။

"မသိဘူး ရွာထဲက အိမ်မှာခဏအပ်ထားခဲ့တယ်"

"ဟော့တော် . . ဖြစ်ရလေ၊ အစ်ကိုကလည်း ဖအေလုပ်ပြီး . . ကိုယ့်သားသမီးကို အဲဒီလို မျက်နှာလွှဲခဲပစ် ထားရသလားလို့"

"အယ်"

လည်ချောင်းထဲ ဂေါက်သီးဆယ်လုံးလောက် နင်နေသော ပုံစံဖြင့် မျက်လုံးပြူးနေသော ရွှေဘုန်းလူကို ကြည့်ပြီးဇော်ထက်နှင့်ချမ်းမြေ့



www.burmeseclassic.com

www.burmeseclassic.com



ငိုအားထက် ရယ်အားသန်နေရ၏။

“ဒီမှာစုစုကျော် ငါတို့က ဒေါ်ခင်မေအိမ်ကို ဘာလာလုပ်တာလဲ. . . ဒေါ်ခင်မေအိမ်က ဖဲဝိုင်ခံတဲ့ အိမ်လား”

ချမ်းမြေ့လိုရင်းကိုသိချင်၍ ကြားဖြတ်ဝင်မေး၏။

“အင်း. . ဟုတ်တယ် အစ်ကိုတို့အဖွဲ့ ညက အဲဖော်လာရှာတာလေ”

“ဟမ်”

“ဒါ. . ဒါဆို ကိုသန်းအောင်ပြောတဲ့ ဆောင်ကြာမြိုင်ပေါ့”

“အင်း. . ဒါပေမဲ့ ညက အစ်ကိုတို့လာတဲ့အချိန်မှာ ဒေါ်ခင်မေက ညီမကိုရိုက်နေလို့ အစ်ကိုတို့ဝင်ရှင်းနေတာနဲ့”

“တော်ပြီ. . တော်ပြီ. . ငါဒီလောက်ဆို ကောင်းကောင်းသဘောပေါက်ပြီ ဆက်မပြောနဲ့တော့”

ရွှေဘုန်းလူ စုစုကျော်ကို ရှေ့ဆက်ပြီး မပြောစေလိုတော့ အခြေအနေတွေအားလုံးကို သူတို့အားလုံး မူးမူးရူးရူးနဲ့ စိတ်လွတ်ကိုယ်လွတ် ဖန်တီးခဲ့ကြမိသော. . အရှုပ်တွေသည် ရှင်းဖို့အတော်ပင် ခက်ခဲလိမ့်မည်။

ရန်ကုန်သားတွေချောင်းသာမှာ မအူမလည်နှင့် ရွာဆော်လာလုပ်ကြတာပဲ. . ခုတော့ မရှုမလှနဲ့ မရှုနိုင်မကယ်နိုင် ဖြစ်ကြရပြီ။

ရဲနိုင်သတင်းကိုတော့ ခုထိအစရှာမရသေး။







# အခန်း (၁၃)

“ဟင်. . ကလေးကို ဒီအိမ်မှာ ထားခဲ့တာ ဟုတ်လား”

စုစုကျော် လေးတွဲစွာ မေးလိုက်ပြီး သူ့ပုံစံမှာ တစ်စုံတစ်ခုကို အတော်လေး ထိတ်လန့်နေပုံလည်းပေါ်၏။

“အင်းလေ ဘာဖြစ်လို့လဲ အဲဒီအိမ်က ကိုတိုင်းကျော်ကို သိလို့လား”

ရွှေဘုန်းလူ အမေးကို စုစုကျော်ခေါင်းကိုတွင်တွင်ခါသည်။

သူမ၏အကြည့်တွေက မမယ်မတို့အိမ်ဘေးနားက အဘိုးကြီးအိမ်သို့

www.burmeseclassic.com

www.burmeseclassic.com



ကျိုးကြည့်ကြောင်ကြည့် ကြည့်နေရှာ၏။ သူမ၏ကိုယ်ကိုလည်း ရွှေဘုန်းလူနားကွယ်ကာ ရပ်နေသေး၏။

"ဟော့. . ကလေးဝင်ခေါ်လေ ဘယ်ကိုကြည့်နေတာလဲ"

ရွှေဘုန်းလူ သတိပေးတော့မှ စုစုကျော် မျက်လုံးလေး ပုတ်ခတ်ပုတ်ခတ်ဖြင့် မမယ်မအိမ်ထဲကို ဝင်သွား၏။

မမယ်မအိမ်ထဲမှ ရွှေဘုန်းလူကို လှမ်းကြည့်နေပြီး ကလေးကို စုစုကျော်လက်ထဲ ထည့်ပေး၏။

စုစုကျော် သူ့ကလေးချီပြီး ထွက်အလာ အဘိုးကြီးက သူ့ အိမ်ထဲမှ အထွက်နှင့်သွားဆုံ၏။

"ဟင်. . မိစု နင်ကဒီကို ဘယ်လိုရောက်လာတာလဲ"

"သြော်. . အ. . အဖေ ကျွန်မ သားလေးကို လာပြန်ခေါ်တာပါ"

"ဟင်. . ဒီကလေးက နင့်ကလေးပေါ့ ဟုတ်လား"

"ဟုတ်. . ဟုတ်ပါတယ်"

"ဟမ်. . မိန်းမယုတ် ကလေးကိုမွေးတုန်းကမွေးပြီး နင်က ပစ်ထားတယ်ပေါ့ ဟုတ်လား၊ ဒါကြောင့် ငါ့စိတ်ထဲ ဒီကလေးကို အသေအချာ မြင်ဘူးပါတယ်လို့ ထင်နေတာ"

"မဟုတ်ပါဘူး အဖေရယ် ကလေးကိုပစ်မထားပါဘူး၊ ကျွန်မ ယောကျ်ားယူလိုက်ပြီးအဖေ၊ ဟောဟိုမှာလေ ညကမှလက်ထပ်လိုက်တာ မယုံရင်သူ့ကိုမေးကြည့်၊ ကလေးကိုသူ့နဲ့ခဏထားပြီး အိမ်ခန်းသွားပြန်အပ်တာပါ. . ဟုတ်. . ဟုတ်တယ်နော် အစ်ကို"

"ဟုတ်တယ်. . အဲ. . မ. . မဟုတ်ပါဘူး မဟုတ်ဘူးအဘ





သူပြောတာ မဟုတ်ဘူး. . အဲ. . ဟုတ်လည်းဟုတ်တယ်၊ ဟုတ်တယ်ဆိုတာကလည်း ကျွန်တော့်အသိစိတ်နဲ့ ဟုတ်ခဲ့တာ မဟုတ်ဘူး"

ရွှေဘုန်းလူ အဘိုးကြီး နားလည်အောင် လိတ်ပတ်လည်အောင် မပြောတတ်။ သူများကို နားလည်အောင်ရှင်းပြဖို့ နေနေသာသာ သူ့ကိုယ်တိုင်လည်း ခုချိန်ထိ ထိုပြဿနာကို ဘယ်လိုဖြေရှင်းရမှန်းမသိ။

"ဟာ. . ဘာတွေလဲကွ မင်းစကားကို ရှင်းအောင်ပြောစမ်းပါဒါ. . ငါ့ခွေးမကွ"

"ဗျာ"

ရွှေဘုန်းလူရင်ထဲ ဖြေမဆည်နိုင်သော သောကတွေ တနင့်တပိုး တိုးပြီးရင်းတိုးနေသဖြင့် အရှင်လတ်လတ်ပင် အသက်ကို ငေါက်ခနဲသာ ထွက်လိုက်ချင်တော့၏။

ဘူမသိ ကိုးမသိ မူးမူးရူးရူးနှင့် တွေ့ကရာမိန်းမကို လက်ထပ်လိုက်ပြီး သူများလင်ဖြစ်ရုံနှင့်အားမရသေး ခုတော့လင်ငယ်ပါ ဖြစ်ရပြီ။ ကိုယ့်မျက်နှာကို မသေမချင်းသာ ကတ္တရာလမ်းမနှင့် လွှဲလွှဲရိုက်လိုက်ချင်တော့၏။

တော်တော်သောက်သုံးမကျတဲ့ လူငနွားဆိုပြီးတော့ပေါ့. . .

"ဒီ. . ဒီမှာ အဘ၊ ကျွန်တော်အဘကို သေသေချာချာ ရှင်းပြချင်တယ်ဗျာ၊ ဒါပေမဲ့ အချိန်ခဏလေးနဲ့တော့ မရဘူး၊ အဘ ကျွန်တော့်ကို အချိန်ပေးနိုင်မလား"

"မလိုဘူး ရှင်းမပြနဲ့ ငါက အစောကြီးကတည်းက ဒီကောင်မလေးနဲ့ငါ့သားကို သဘောတူတာ မဟုတ်ဘူး၊ ဒီကောင်မလေးကိုယူလို့



www.burmeseclassic.com

www.burmeseclassic.com



ငါ့သားသေရတာ၊ ခုတော့ငါ့သားသေတာ လပိုင်းပဲရှိသေးတယ် ဒင်းက နောက်လင်တစ်ယောက်ထပ်ယူတယ်"

"မဟုတ်ပါဘူး အဘရယ် ညက ကျွန်တော်အရက်မူးပြီး သူ့ကို လက်ထပ်ဖြစ်သွားတာ မနက်မိုးလင်းတော့ ကျွန်တော်ဘာမှကို မသိတော့ဘူး၊ ဒီကိစ္စတွေဟာ ကျွန်တော့်ရင်ထဲက ဆန္ဒတွေနဲ့မှ မဟုတ်တာ၊ နောက်ပြီး အဘချွေးမကို ကျွန်တော်ခုချိန်ထိ ဘာမှကို မကျူးလွန်ရသေးပါဘူး အဘရယ်၊ ကျွန်တော်တို့သူငယ်ချင်းတွေ ညကဘာတွေဖြစ်ခဲ့ကြမှန်း လုံးဝကို မသိဘူး၊ အခု ကျွန်တော်တို့မှာ ပါလာတဲ့ငွေတွေလည်း ဘယ်သူတွေယူလို့ ယူသွားမှန်းကို မသိတော့ဘူး၊ ကျွန်တော်တို့ ဒီရှင်းမရတဲ့ ပြဿနာကြီးကြောင့် တော်တော်လေးကို စိတ်ဆင်းရဲနေကြရတယ် အဘရယ်"

ရွှေဘုန်းလူ ငိုမလို ရယ်မလို ရှင်းပြတော့မှ အဘိုးကြီး အင်တင်တင်မျက်နှာဖြင့် စုစုကျော်ကို ခပ်မဲ့မဲ့လှည့်ကြည့်ပြီး. . .

"ညည်းရဲ့မွေးစားအမေက ညည်းအတွက် အမိဖမ်းပေးလိုက်ပြန်ပြီပေါ့၊ ဟုတ်လား စုစုကျော်. . ဒီမှာသူငယ် မင်းလည်းငါ့သားလို မသေချင်ရင် ကိုယ့်ရပ်ကိုယ့်ရွာကို အမြန်သာပြန်ပေတော့၊ သားသမီးချင်း ကိုယ်ချင်းစာလို့ သတိပေးတာ ဒါပဲ"

အဘိုးကြီး စကားကို ခပ်ပြတ်ပြတ်ပြောပြီး သူ့အိမ်ထဲ ဝင်သွားသည်။ စုစုကျော် ကလေးကိုချီပိုးထားရင်း တသိမ့်သိမ့်ရှိုက်ငို၍သာနေသည်။ ဘာမျှပြန်မပြောနိုင်ရှာ။

ရွှေဘုန်းလူ သက်ပြင်းလုံးကြီးကို လေးပင်စွာချပြီး ဟိုတယ်ရှိရာသို့ ပြန်လာလိုက်သည်။





အနောက်မှ စုစုကျော်တို့သားအမိ လိုက်လာသလား လိုက်မလာဘူးလားဆိုတာကိုလည်း လှည့်မကြည့်ချင်။

ခုချိန်မှာ ဖြစ်သင့်သည်က အဘိုးကြီးပြောသလို ရန်ကုန်ကို အမြန်ပြန်မှပင် ဒီအရှုပ်ထုပ်တွေရန်က လွတ်မှာ. . .

ခက်နေသည်က ရဲနိုင်ကိုလည်း ပြန်မတွေ့သေးသလို ချမ်းမြေ့၏ကားကိုလည်း ဘယ်မှာပေါင်ထားသလဲဆိုတာ သေချာမသိရသေး။

ဇေရေ. . ဇေ့စကားကို ကိုယ်နားမထောင်ပဲ လူပျိုလက်ကျန်ရက်တွေ့ကို ကဲချင်လို့. . ခုတော့ကိုယ့်ဘဝ ရေတိမ်မှာနစ်နေရပြီ။

BURMESE CLASSIC .com

ဒါတွေကို ဇေမသိပါစေနဲ့။





www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၄)

"ဟော့ . . မင်းငါ့နောက်ကို ဘာလိုက်လုပ်ပြန်ပြီလဲ"

ဘန်ဂလိုရှေ့ရောက်တော့ နောက်မှ စုစုကျော်၏ ကလေးငိုသံကြောင့် လှည့်ကြည့်လိုက်ပြီး မျက်နှာငယ်လေးနှင့် သူ့နောက်မှ ခပ်ကုပ်ကုပ်လိုက်လာသော စုစုကျော်ကို လေသံခပ်ပြတ်ပြတ်ဖြင့် မေးလိုက်သည်။ စုစုကျော် မျက်လုံးလေး ကလယ်ကလယ်ဖြင့် မျက်ရည်ဝဲ့ကာ အားကိုးတကြီးမော့ကြည့်ရှာ၏။

"ညီမတို့သားအမိ ဘယ်ကိုသွားရမှာလဲ အစ်ကိုရယ်၊ ညီမတို့





သားအမိမှာ ပြေးစရာမြေမရှိ၊ နေစရာလည်းအိမ်မရှိ၊ စားစရာလည်း ငွေမရှိနဲ့ ဘဝကို ဘယ်လိုအသက်ဆက်ရှင်ရမလဲ အစ်ကိုရယ်"

စုစုကျော် ပြောရင်းဖြင့် ငိုသံကြီးပါလာကာ အဖျားခတ် တုန်ယင်လာပြီး အီးခနဲငိုချလိုက်သည်။

စုစုကျော် ငိုသလို ရွှေဘုန်းလူပါ ငိုချင်လာ၏။ ရွှေဘုန်းလူ ငိုချင်ရသော အကြောင်းအရင်းက စုစုကျော်တို့သားအမိကို ကရုဏာသက်လွန်း၍ မဟုတ်။

နွေဦးမှာ တလွင့်လွင့်ကြွေသည့် သစ်ရွက်ခြောက်လို ဘဝမျိုး ရောက်နေရသည့် ကိုယ့်အဖြစ်ကို သနားလွန်း၍ဖြစ်၏။

ကိုယ့်အဖြစ်က ခဏခဏမှောက်လျက်လဲနေသော ကလေးငယ်တစ်ယောက်နှယ် ထူပေးမယ့်လူမရှိ၍ မြေပြင်မှာ တဝါးဝါးအော်ငိုနေရသည့်အဖြစ်။ သနားစရာကောင်းလွန်းလှသည်ဟု ကိုယ့်ကိုယ်ကိုယ် ကရုဏာသက်လွန်း၍ပဲဖြစ်သည်။

လောကဓံရဲ့ လှည့်ကွက်ဆိုတာ ဒါပဲလား။ ဒါဆို သားကောင်က ရွှေဘုန်းလူဆိုတဲ့ ကိုယ်ပဲပေါ့။

"အစ်ကို ညီမတို့သားအမိကို ပစ်မထားပါနဲ့နော်၊ အစ်ကိုတာ စောင့်ရှောက်မယ်ဆိုလို့ ဒေါ်ခင်မေပေးနေထားတဲ့ အခန်းလေးမှာ မနေတော့ဘူးလို့ ပြောခဲ့ပြီးသွားပြီ၊ အစ်ကိုသာ ညီမကို မကယ်ရင် ဒေါ်ခင်မေကြီးက ညီမကို လက်ခံမှာမဟုတ်တော့ဘူး"

"ဒီမှာ စုစုကျော် မင်းကိုငါ ဘယ်လိုတောင်းပန်ရမလဲ၊ တကယ်တော့ ညကငါတို့အဲလောက်ထိ မီးကုန်ယမ်းကုန် မသောက်ခဲ့သင့်ဘူး အရှင်းဆုံးပြောရင် ညက ငါတို့ဘာတွေဖြစ်ခဲ့တယ်ဆိုတာတောင် ငါတို့



www.burmeseclassic.com

www.burmeseclassic.com



လုံးဝမမှတ်မိဘူး မင်းနဲ့လက်ထပ်ထားတဲ့ လက်ထပ်စာချုပ်ကြီးနဲ့ မင်းရဲ့ ကလေး ငါ့ဘေးမှာရှိနေလို့သာ ဒီကြမ္မာဆိုးကြီးကို ငါငြင်းချက်ထုတ်လို့ မရတာ၊ ဒါပေမယ့် ဒါဟာ ငါ့ရင်ထဲကလာတဲ့ အမှန်တရားမဟုတ်ဘူး"

"အဟင့်. . ဟင့်. . ကြမ္မာဆိုးတဲ့လား အစ်ကိုရယ်၊ ညီမတို့ သားအမိက အစ်ကို့ဆီကို ကြမ္မာဆိုးတွေ ယူလာတာပေါ့ ဟုတ်လား"

"မဟုတ်ဘူး ကြမ္မာဆိုးတွေကို ငါတို့ကလက်ယက်ခေါ်မိတာ၊ ဒီမှာ စုစုကျော် ငါအရှင်းဆုံးနဲ့ အရိုးသားဆုံး ဝန်ခံရရင် ငါ့မှာချစ်သူရှိတယ်၊ နောက်ငါးရက်လောက်ကြာရင် ငါဟာလက်ထပ်ရတော့မယ့် သတို့သားလောင်းတစ်ယောက်"

မထူးတော့ပြီမို့ ပြောင်ဖွင့်ပြောလိုက်တော့မည်။ ကိုယ် တစ်ခါမှ မသိခဲ့ မပတ်သက်ခဲ့ဖူးသော မိန်းမတစ်ယောက်ကို ဘာများအားနာနေရမှာလဲ လူတိုင်းဟာ ကိုယ့်အတ္တကိုတော့ ကိုယ်ရှေ့တန်းတင်ကြမှာပဲလေ. . . ဒါမှ လူပီသတော့မှာပေါ့။

စုစုကျော် နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်နေအောင် အတော်လေး ဝမ်းနည်းနေရှာ၏။ မျက်ရည်တို့က ဘူးသီးလုံးလောက်ကိုပင် ကြီးမားမလား မသိ။

"အူဝဲ. . အင့်. . အင့်. . အဲ "

"အမလေး. . သားလေးရယ် တိတ်ပါကွယ်၊ မေမေတို့ ဘဝက ကံဆိုးမသွားရာ မိုးလိုက်လို့ရွာဆိုသလိုပဲ၊ မေမေတို့ရဲ့ အကုသလ ဝိပါက်တိုပဲ ယိုးမယ်ဖွဲ့ရတော့မှာပဲ သားရယ် "

ဦးကြီးချက်မနှင့် ပြောဆိုကြေကွဲနေသော စုစုကျော်၏ အသံကြောင့် တခြားဘန်ဂလိုမှ ဧည့်သည်တွေပင် ရှေ့ဘန်းလူကို ဝိုင်းကြည့်





နေကြ၏။ တီးတိုးကဲ့ရဲ့ဝေဖန်ကြသည်။ အားလုံး၏ အကြည့်တွေထဲမှာ ရှေ့ဘန်းလူဟာ ကိုယ်ကျူးလွန်ပြီး ကိုယ့်တာဝန်ကို ခေါင်းရှောင်ချင်တဲ့ လူဗိလိန်ဖြစ်နေရပြီ။

သူတို့က ကိုယ့်ကိုမုဆိုးဟု ထင်နေကြတာ။ တကယ်တော့ ကိုယ် ကသားကောင်ဖြစ်နေရတာ သူတို့မသိကြ။

ညတစ်ညသည် ဘဝတစ်ခုလုံးကို အလောင်းအစားပြုသလို ဖြစ်သွားရသည်။ ထိုထောင်ချောက်ထဲက ဘယ်လိုရုန်း ထွက်ရမလဲ ဆိုသည့်နည်းလမ်းကိုသာ သွေးရူးသွေးတန်းစဉ်းစား ရတော့မည်။

အမှန်တော့ ကိုယ့်အဖြစ်က သေချင်တဲ့ကျား တောပြောင်းဆိုသလို ဖြစ်ခဲ့တာပဲ။

"ဒီမှာ မင်းအဲဒီလို ဦးကြီးချက်မနဲ့ အော်ချက်ထုတ်မနေနဲ့ လူတွေကငါ့ကို တစ်မျိုးထင်ကုန်ကြမယ်၊ ဒီတော့ မင်းကိုငါ ခပ်ပေါ်ပေါ်အခန်းလေး တစ်ခန်းငှားပေးထားမယ်၊ ဒါဟာ မင်းဘဝကို အပြီးတာဝန်ယူဖို့အစပျိုးတာ မဟုတ်ဘူး၊ ခုချိန်မှာ ငါတို့ ဘေးမှာ ဖြေရှင်းရခက်နေသေးတဲ့ ပြဿနာတွေမွှစာကြနေလို့ ဘယ်ကစရှင်းရမလဲ မသိဖြစ်နေတာ၊

မင်းအပေါ်မှာ ငါဟာ ဘာတစ်ခုမှ ကိုယ်ထိလက်ရောက် မကျူးလွန်ခဲ့ဘူးဆိုတာ မင်းလည်းအသိ ငါလည်းအသိ၊ နောက်ပြီး အမှုသမားဆိုတာ အရူးနဲ့ခွဲခြားလို့မရဘူးလေ၊ ဒါကြောင့်ညကဖြစ်ခဲ့တဲ့တိုက်မှာ မင်းကို ငါမူးပြီး လက်ထပ်ခဲ့မိပေမယ့် မင်းကိုတစ်သက်လုံး တာဝန်ယူလို့မရဘူး၊ မင်းနဲ့ တစ်နာရီလေးတောင် ငါ့ကိုယ်ငါ ပတ်သက်ခွင့်မပေးနိုင်ဘူး၊ ဒါကြောင့် မင်းကိုမနစ်နာရအောင် ငါစီစဉ်ပေးမယ်၊



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ခုချိန်မှာ မင်းငါ့ကို မနှောင့်ယှက်ပဲ ငါထားသလိုနေပေးပါ ဟုတ်ပြီနော်”

စုစုကျော်တရှုံ့ရှုံ့ငိုရင်း. . .

“ညီမဘဝက အစ်ကို ထားရာနေ စေရာသွားရတော့မယ့် ဘဝပဲလေ၊ အစ်ကိုပြုလိုသမျှ ပြုပါအစ်ကိုရယ်. . နုရမှာက ညီမတာဝန်ပဲ ညီမတစ်ဘဝလုံး အစ်ကို့ကို ပုံအပ်မှတော့ သဘောပေါ့ အစ်ကိုရယ်”

စုစုကျော် ပြောနေတာတွေသည် ရွှေဘုန်းလူအတွက်တော့ အလွန်ပင် ကျောစိမ့်ချင်စရာ. . .

ဒီအခြေနေဆိုးကြီးကို ဇေသာသိသွားမယ်ဆိုလျှင် ရွှေဘုန်းလူဘဝက လုံးဝကိုမတွေးရဲစရာ. . .

ခုတော့ အနာဂတ်ကို ရဲရဲတောင် မျှော်မကြည့်ရဲသည့် ကိုယ့်အဖြစ်ဘယ်လောက် သနားစရာကောင်းလိုက်ပါသလဲ။

ချမ်းမြေ့သည် ကွက်ကျားဖြစ်နေသော သူ့ဆံပင်ကို အပြောင်ရိတ်ထားသည့် သူ၏ခေါင်းတုံးကို စိတ်ပျက်အားလျော့စွာ ပွတ်ရင်း အကြံအိုက်နေရရှာ၏။

ပြန်စရာ ကားကလည်း မရှိသေး။ ရဲနိုင်ကိုလည်း မတွေ့သေး။ ဒီကြားထဲ ဘူမသိကိုးမသိ လက်ထပ်လိုက်ရသော ရွှေဘုန်းလူကို ပေးဖို့ အကြံဉာဏ်လည်း သိပ်မတွေ့ချင်တော့။

“ချမ်းမြေ့ မင်းရဲ့ခေါင်းတုံးကို တစ်ချိန်လုံး အမိပ္ပါယ်မရှိ ပွတ်နေတော့မှာလား”

ဇော်ထက်အမေးကြောင့် ခေါင်းတုံးကိုပွတ်နေသော ချမ်းမြေ့၏လက်တွေ ရပ်သွားကာ. . သက်ပြင်းကိုဟင်းခနဲ ချလိုက်ပြီး. . .

“ငါတို့ကား ဘယ်ရောက်နေသလဲ ဆိုတာ ဘယ်ကာစ စုံစမ်းရ





မှန်းမသိလို့ အကြံအိုက်နေတာပါကွာ”

“စုံစမ်းလို့ သိရတော့ရော ဒီကားက ပေါင်ထားတဲ့ အခြေနေရောက်နေတာ မင်းဘယ်လိုလုပ်မလဲ”

“တောက်. . အရေးထဲ ကိုသန်းအောင်ကလည်း ရန်ကုန်တက်သွားရတယ်လို့”

“ဟား. . ငါခုမှ သတိရတယ်၊ သူ့ဆီမှာ ဖုန်းတော့ရှိမှာပဲ၊ သူ့ဆီဖုန်းဆက်မေးကြည့်ရင်ရော”

“ဖုန်းနံပါတ်မှ မသိတာ”

“ဒါများကွာ ဒီဟိုတယ်က ဝန်ထမ်းတွေဆီမှာ စုံစမ်းလိုက်ရတာပဲ”

“အေး ဟုတ်တယ်၊ ငါတို့တော်တော် ဉာဏ်မရှိ ခပ်တုံးတုံးကောင်တွေ. . လာ ခုပဲ သွားမယ်”

ချမ်းမြေ့ ဇော်ထက်လက်ကိုဆွဲပြီး အခန်းပြင်ထွက်ရန် ခြေလှမ်းပြင်လိုက်သည်။ ရွှေဘုန်းလူ အခန်းထဲဝင်လာတာနှင့် ဆုံပြီး. . .

“မင်းတို့ ဘယ်သွားကြမလို့လဲ”

“ငါတို့မန်နေဂျာ ကိုသန်းအောင်ကိုဆက်သွယ်လို့ရမယ့်. . ဖုန်းနံပါတ်ကိုသွားစုံစမ်းမလို့”

“မသွားနဲ့. . မောမယ်”

“ဟမ်. . မမောပါဘူး ဒီနားနဲ့ ဟိုနား”

ချမ်းမြေ့ ရွှေဘုန်းလူ၏ မောမယ်ဆိုသော စကားကို သဘောပေါက်လွဲ၏။

“ဟာ. . ဝေးပါ့၊ မသွားနဲ့ မောမယ်ဆိုတာ ငါစုံစမ်းပြီးပြီ၊ သူ့ဖုန်း



www.burmeseclassic.com

www.burmeseclassic.com



နံပါတ်ကိုလည်း ဆက်ကြည့်ပြီးပြီ ဆက်သွယ်မှု ဧရိယာပြင်ပနဲ့ပဲ တိုးတယ်"

ချမ်းမြေ့ရော ဇော်ထက်ရော မောသွား၏။

"ဟာကွာ. . အဓိကသော့ချက်ကို သိနိုင်တဲ့ကောင်တွေက လုံးဝကို ဆက်သွယ်လို့ မရဘူးဖြစ်နေတယ်၊ ဟိုကောင် ရဲနိုင်လည်း ဖုန်းပိတ်ပြီး ဘယ်သွားသေနေလဲ မသိဘူး"

ဇော်ထက် စိတ်ချဉ်ပေါက်စွာဖြင့် ထိုသို့ခပ်ရင့်ရင့်ပြောလိုက်သည်။

"နေဦးကွ ဒီညက ရွှေပင်လယ်စားသောက်ဆိုင်ကို ငါတို့ သွားကြတော့မှာတော့ ကျိန်းသေတယ်"

ချမ်းမြေ့ခေါင်းခါပြီး. . .

"ငါတို့ သွားစုံစမ်းပြီးပြီပဲ. . . ဘာထူးလို့လဲ"

"မင်းသွားစုံစမ်းတာ အူကြောင်ကျား စားပွဲထိုးကို သွားစုံစမ်းတာလေ၊ အဲဒီညက ငါတို့ကို ဘီယာရောင်းလိုက်တဲ့ ကောင်တာမှာ အသေအချာ သွားစုံစမ်းရမှာ"

"ဒါဆို ကျိန်းသေအောင် ဒီည တစ်ခေါက်သွားစုံစမ်းကြမလား"

"အဖြေတိတိကျကျသိရအောင် သွားစုံစမ်းရမှာပေါ့"

ရွှေဘုန်းလူ အကြံကို အားလုံးထောက်ခံကြသည်။

ဇော်ထက်ကမ်းခြေဘက်ကို မျှော်ကြည့်ရင်း. . .

"ငါတို့ ခုလောလောဆယ် ရေသွားကူးကြမယ်ကွာ ချောင်းသာရောက်ကတည်းက ရေတစ်ခါမှ ဆင်းမချိုးရသေးဘူးကွာ"





"မင်းကလည်း အရေးထဲ ကဲဖို့သတိရသေးလားကွာ၊ အေးပေါ့လေ မင်းကသွားတစ်ချောင်းပဲ ကျိုးတာကိုး"

"ဟေ့ကောင်. . အဲဒါလည်း ငါ့အတွက် ဘယ်လောက်ဆုံးရှုံးမှုကြီးလိုက်သလဲ၊ ငါ့သွားကို ဘယ်သူချိုးတာလဲဆိုတာ ငါမသိရမချင်း ငါ့ရင်ထဲက ဒေါသတွေလည်း မပြေယ်နိုင်ဘူးကွာ"

ဇော်ထက် သူ့ပါးစပ်ကြီးကိုဟကာ ကျိုးနေသော သူ့သွားကို လက်ညှိုးတထိုးထိုးဖြင့် မကျေမနပ်ပြော၏။

"မင်းတို့က ဘဝနဲ့မရင်းထားရပါဘူး ဇော်ထက်နဲ့ ချမ်းမြေ့ရာ၊ ငါ့ဘဝကသာ မိန်းမတစ်ယောက်ရဲ့လက်ထဲက ယုန်သူငယ်လေးတစ်ကောင် ဖြစ်နေရပြီး ဘယ်အချိန် ချက်စားခံရမလဲလို့ တွေးပြီးကြောက်နေရတဲ့ဘဝ"

ရွှေဘုန်းလူ၏ မချိတင်ကဲစကားကြောင့် ချမ်းမြေ့ရော ဇော်ထက်ရော အငြင်းမပွားဘဲ ရွှေဘုန်းလူ၏ဒုက္ခကို မျှဝေခံစား ပေးသည့်အနေဖြင့် ငြိမ်ကျသွားသည်။

"ကဲပါကွာ ဒီကိစ္စကို ဖြေရှင်းဖို့နည်းလမ်းတစ်ခုက သူ့ အလိုလိုရောက်လာမှာပါ၊ ငါတို့လည်း ဘာကြောင့် ငါ့ခေါင်းက ဆံပင်ကွက်ကျားဖြစ်ရသလဲဆိုတဲ့အဖြေနဲ့ ငါ့ကားဘယ်ရောက်သွားလဲဆိုတဲ့ အဖြေကို ရှာရဦးမှာပါ"

"အစ်ကိုချမ်းမြေ့ခေါင်းကဆံပင်နဲ့ ကိုဇော်ထက်ရဲ့သွားတစ်ချောင်း ဘာကြောင့်ကျိုးလဲဆိုတာ ညီမသိတယ်"

အခန်းဝတွင် ဘယ်အချိန်ကတည်းက ရောက်နေမှန်းမသိသော စုစုကျော့အသံကြောင့် အားလုံးအခန်းဝကို ပြိုင်တူလှည့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြသည်။ ဇော်ထက် ကိုယ့်နဖူးကို ကိုယ်ဖတ်ခနဲ ရိုက်ပြီး . .

"ဟာကွာ ငါတို့မေ့နေတာတွေ တချို့တစ်ဝက်ကို စုစုကျော်သိနေလိမ့်မယ်လို့ အစောကြီးကတည်းက စဉ်းစားထားသင့်တယ်"

"ပြောပါဦး မင်းသိသလောက်မြင်သလောက်တွေ ငါတို့ကိုပြောပြပါ"

"ဟုတ်ကဲ့ ညီမပြောပြပါ့မယ်"









# အခန်း (၁၅)

"ဗျို့ . . ဒေါ်ခင်မေ"

သန်းအောင် အသံပေးပြီး ဒေါ်ခင်မေ၏ နှစ်ဆောင်ပြိုင်အိမ်ကြီးထဲကို လှမ်းဝင်လိုက်သည်။ သန်းအောင်နောက်မှ ရွှေဘုန်းလူတို့ တစ်သိုက် အရှိန်လေးတွေ တက်ကာပါလာကြ၏။

"ဝေ့ . . ဘယ်သူတုန်း"

"ကျွန်တော်ပါ . . သန်းအောင်ပါ"

"သြော် . . . အေးလာပြီ . . လာပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွီ"

အသံနှင့်အတူ အိမ်တံခါးမကြီး၏ တံခါးချပ်ကျွီခနဲ ပွင့်လာသည်။

"ကဲ. . လာရင်းကိစ္စကိုပြော"

ဒေါ်ခင်မေ အမေးနှင့်အတူ ရွှေဘုန်းလူတို့အဖွဲ့ကို သန်းအောင်ပခုံးထက်မှ ကျော်ကြည့်၏။ ညကြီးအချိန်မတော် အချဉ်လုံးလေးတွေ လိုမ့်လာပြန်ပြီပေ့ါဟူသော အတွေးနှင့်အတူ သွားသုံးဆယ့်နှစ်ချောင်းလုံးပေါ်အောင် ဖြီးကာရယ်လိုက်ပြီး. . .

"သြော် ဧည့်သည်တွေပါလာတာပဲ. . အဟင်း. . ဟင်းဟင်း ဝင်ကြပါ. . ဝင်ကြပါ"

"ဒါ. . ကျွန်တော့်ဟိုတယ်က ဧည့်သည်တွေလေ၊ ဟိုတယ်မှာ မလွတ်လပ်လို့ ဒီမှာလာကဲကြတာ"

"သြော်. . ဟုတ်လား၊ အဟင်း. . ဒီမှာကတော့ ပျော်စရာတွေ တစ်ပုံတစ်ပင်ရှိတယ်. . အားလုံး လိုတရစေရမယ်"

"ကဲ. . ကြားတယ်နော် ဘော်ဒါတို့ ပိုကာဒေါင်းချင်ရင် လည်း ရတယ် ယမကာလေးကို ကောင်မလေးနဲ့ မြည်းချင်ရင်လည်းရတယ် အားလုံးက ဒီမှာအကုန်ရှိတယ်"

"အိုခေ. . အိုခေ. . ဒါမျိုးကိုကြိုက်တယ်၊ အေ့. . အခုလောလောဆယ် ကျွန်တော်ပိုကာဒေါင်းမယ်၊ ချမ်းမြေ့ မင်းဘာလုပ်မှာလဲ ငါနဲ့အဖော်ညှိမှာလား"

ရဲနိုင်နှင့် ဇော်ထက်က ပိုကာဒေါင်းဖို့ အားသန်ကြ၏။ ထို့ကြောင့် အာလေးလျှာလေးအသံဖြင့် ချမ်းမြေ့ကို အဖော်ညှိသည်။





"ရတယ် မင်းတို့ဒေါင်းရင်. . ငါလည်းဒေါင်းမယ်၊ အဲ. . ဒါပေမဲ့ ငါသောက်ဦးမှာနော်. . "

ရွှေဘုန်းလူကတော့ ဘာဆန္ဒမှ အကောင်အထည်မဖော်. . အိမ်ကြီးကို ဟိုငေးဒီကြည့်ဖြင့် မှုန်မှုန်နှင့်အကဲခတ်နေ၏။

"မင်းတို့က. . ကြေးကြီးကြီး ဝင်နိုင်လို့လား. . ငါ့မောင်တို့ရယ်"

ဒေါ်ခင်မေ. . သန်းအောင်ကို မျက်စပစ်ပြ၏။ သန်းအောင်ကလည်း အထာနှင့်ပြန်၍ မျက်ရိပ်ပြသည်။

"ဟာ. . ဒီမှာ အဒေါ်ကြီး၊ ကျွန်တော်တို့အားလုံး ဘောစိတွေချည်းပဲ၊ ရှင်းတယ်နော် ဘယ်လောက်ကြေးကြီးမလဲ ကျွန်တော်တို့ ဝင်မယ်ဗျာ. .၊ ဒီလောက်ကြေးလေးကတော့ မမှုဘူး. . ကားတစ်စီးလုံးတောင် လောင်းကြေးထပ်ရဲတယ်ဗျ. . ပေါက်တယ်နော်. . "

သန်းအောင်. . ဒေါ်ခင်မေနား ကပ်၍ တီးတိုးတီးတိုးဖြင့်ပြောနေသည်။ ဘာတွေပြောနေမှန်းတော့မသိ. . . ဒေါ်ခင်မေ မျက်နှာမှာ ချက်ချင်းဝင်းလက်သွားကာ. . .

"အို. . ကောင်းလိုက်တာ၊ မမခင်မေတို့ကလည်း ဒီလို အမိုက်စားလေးတွေကိုမှကြိုက်တာ. . လာကြ အပေါ်မှာ ရှယ်ဝိုင်းတွေရှိတယ်၊ ကြေးကြီးသမားတွေပဲ သီးသန့်ဆော့တာ. . "

ဒေါ်ခင်မေ ဦးဆောင်ခေါ်ရာသို့. . ရွှေဘုန်းလူတို့အဖွဲ့ ဂိုက်ပေးကြမ်းကြမ်းဖြင့် လိုက်တက်ခဲ့ကြ၏။ အပေါ်မှဝိုင်းက အရှိန် အတော်လေးရနေသည့်ပုံ. . .

"တစ်အိမ်ပဲဝင်လို့ရတော့မယ်. . မင်းတို့ထဲက ဘယ်သူဝင်မ



www.burmeseclassic.com

www.burmeseclassic.com



လဲ. . ."

"ဟာ. . အကုန်ဝင်လို့မရဘူးလား"

ဇော်ထက်ဒေါ်ခင်မေကို. . စောဒကတက်ကြည့်၏။

"မရတော့ဘူး"

ဝိုင်းထဲမှကစားသမားတွေက ဇော်ထက်တို့အဖွဲ့ကို ရှုတည်တည်ဖြင့် စူးစမ်းသလိုကြည့်ကြ၏။ ရွှေဘုန်းလူ. . အခြေအနေကိုဝင်ထိန်းသည့်အနေဖြင့်. . .

"ဇော်ထက်မင်းပဲဝင်လိုက်ကွာ. . ငါတို့ကဘေးကနေ ဝင်ထိုးလည်းရတာပဲ. ."

"ဟုတ်တယ်. . မင်းတို့သောက်ကြဦးမလား၊ အစ်ကို စီစဉ်လိုက်မယ်လေ"

သန်းအောင်စကားကြောင့် ရဲနိုင်အာရုံပြောင်းသွားကာ. . .

အင်းလေ. . ကျွန်တော်တို့ဆက်သောက်မယ်၊ အဟဲ. . ထုံးစံအတိုင်းရှယ်လေးတွေခေါ်ပေးလေ. ."

ရဲနိုင်. . ကိုသန်းအောင်နားကို ကပ်၍ သူတို့ဆန္ဒတွေကို တောင်းဆို၏။

"ရမယ်. . ရှယ်လေးတွေရမယ်၊ ကဲ. . . ဒေါ်ခင်မေ ခင်ဗျား ကြားတယ်နော်. ."

"အဟင်း. . ဟင်း. . ကြားပါ့ရှင်. . ကြားပါ့ . . ခဏစောင့်နော်. . သမီးတွေကိုခေါ်ပေးမယ်. ."

ဒေါ်ခင်မေ. . ဝိုင်းနားမှ အခန်းအပြင်သို့ထွက်သွား၏။

ဇော်ထက်ကတော့ ဝိုင်းထဲဝင်ထိုင်ပြီး. . သူ့ရှေ့သို့ တဖတ်ဖတ်





ချကာ ဝေနေသောဖဲချပ်တွေကို တစ်ချပ်ချင်းကောက် ပြီးထပ်ကြည့်နေ၏။

ရွှေဘုန်းလူတို့လည်း ဖဲဝိုင်းနှင့်မလှမ်းမကမ်းရှိ ဆက်တီခုံတွေမှာ ဝင်ထိုင်လိုက်ကြသည်။ အခန်းထဲတွင် ဖဲချပ်ချင်းရိုက်မိသည့် တဖတ်ဖတ်အသံတွေက လွှမ်းမိုး၍နေ၏။ ထိုအချိန်အထိ အမူးမလွန်သေး။

ဒေါ်ခင်မေ. . အခန်းထဲပြန်ဝင်လာသည် အနောက်မှာ အဖျော်ယမကာအစုံကို ဗန်းထဲထည့်ပြီး လိုက်ဝင်လာသော ကောင်မလေးနှစ်ယောက် ညကြီးသန်းခေါင်း ပြင်ဆင်ထား လိုက်ကြပုံများ ဇာတ်ထဲကမင်းသမီးတွေများလားဟု ထင်ရလောက်၏။

"ကဲ. . မင်းတို့စိတ်ကြိုက်ရွေး. . အဲ. . နောက်တစ်ယောက် ရှိသေးတယ်နော်လာဦးမှာ. ."

ရဲနိုင်ရော. ချမ်းမြေ့ပါ. . ထိုကောင်မလေး နှစ်ယောက်တို့ မျက်လုံးတွေပြူးထွက်မတတ် ကြည့်နေကြသည်။ ထိုကောင်မလေးနှစ်ယောက် ရှက်ကိုးရှက်ကန်းရယ်ပြီး. . အဖျော်ယမကာတွေကို. . ချမ်းမြေ့ရှေ့မှာ ရှိနေသော စားပွဲခုံပေါ်ကို ညင်ညင်သာသာ တင်လိုက်သည်။

ပြီးနောက်. . နှစ်ယောက်စလုံး ချမ်းမြေ့နှင့်ရဲနိုင်နားသို့ ဇွတ်ခနဲ ဝင်ထိုင်လိုက်ကြသည်။

"အဟီး. . ဂွတ်နိုက်. ."

ချမ်းမြေ့ဘာပြောရမှန်းမသိသဖြင့် သွားကြီးဖြီးကာ ပါးစပ်ထဲ တွေ့ကရာ နှုတ်ဆက်လိုက်၏. .

"အဟင်း. ခစ်. ခစ်. ခစ်. ဂွတ်နိုက်ပါရှင်. . ဂွတ်နိုက်ပါ"

ကောင်မလေးတစ်ယောက်က ချမ်းမြေ့ပခုံးပေါ် မှေးတင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ခပ်ညည့်ညည့်ပြော၏။ ကျန်တစ်ယောက်က ဖန်ခွက်တွေထဲကို ဘလက်လေဘယ် ပုလင်းအဖုံးဖွင့်ကာ . . ငှဲ့ထည့်ပြီး ရေခဲတုံးလေးတွေကို ညှပ်ဖြင့်ယူပြီး . . ပလုံခနဲ နေအောင်လှမ်းထည့်လိုက်၏။

"ကဲ . . ရော့ . . အစ်ကိုတို့ သောက်လိုက်ကြပါဦး၊ ပြီးရင် . . လန်းကြတာပေါ့နော် . . အဟင်း . ခစ် . ခစ် . ခစ် . . "

"အိုခေ . . အိုခေ . . အစ် . . အစ်ကိုတို့က လှန်ချင်နေတာ"

"အို . . ဘာလဲ . . ဘာကိုလှန်ရမှာလဲ . . အဟင်း . . ခစ် . . ခစ် . . ခစ်"

"သြော် . . ဆော . . ဆော်ရီး . . လှန်တာမဟုတ်ဘူး လန်းမှာလန်းမှာကွ . . ဟား . . ဟား . . ဟား . . "

"သွား . . ဘာမှန်းလဲမသိဘူး . . ခစ် . . ခစ် . . ခစ် . . "

အသံစာစာလေးတွေနှင့် မြိုင်ထနေကြသော ကောင်မလေးတွေ၏ ပခုံးပေါ်ကို ချမ်းမြေ့နှင့် ရဲနိုင်တို့ လက်တွေက ပါမစ်မယူပဲ လှမ်းဖက်နေကြ၏။

ရွှေဘုန်းလူ တစ်ယောက်တည်း . . ကောင်မလေးတွေ ငှဲ့ပေးထားသော ယမကာခွက်ကို တစ်ငုံချင်းဇိမ်ခံသောက်နေ၏။

ချမ်းမြေ့ဘေးမှကောင်မလေး ဖန်ခွက်တစ်ခွက်ထဲ အရက်ငှဲ့ရေခဲတုံးခပ်ကာ . . ဖဲဝိုင်းတွင်ထိုင်နေသော ဇော်ထက်ကိုသွားပေး၏။

"ရော့ . . ဒါလေးသောက်လိုက်ပါဦး . . ရှင် . . "

ဇော်ထက် တဟီးဟီးဖြင့် သွားကြီးဖြဲကာ ရယ်ပြီးလှမ်းယူရင်း။

"သိုင်းကျူး . . သိုင်းကျူး . . အိုခေ . . ရိုက်ဒ်"

ရွှေဘုန်းလူသောက်တာများ၍ ဝိတ် လျှော့ချင်လာသည်။





"ညီမလေး . . ဝိတ်လျှော့ချင်တယ် ဘယ်နေရာသွားရမလဲ"

"သြော် . . လာလေ . . သူများလိုက်ပို့ပေးမယ် . . "

ရဲနိုင်ဘေးမှ ကောင်မလေးပျာပျာသလဲ ထလာ၏။

"အို . . နိုး . . နိုး . . ရတယ် . . ဘယ်နေရာမှာလဲပဲ ပြောလိုက်တိုယ့်ဟာကိုယ်သွားမယ် . . "

"ဟုတ်တယ်ညီမ . . လာ . . ထိုင် . . သူ့မှာခြေထောက်လေးချောင်းပါတယ် . . သူ့ဟာသူသွားပါစေ . . "

"အို . . အဟင်း . . ဟင်း . . အစ်ကိုကလည်း နောက်တတ်တယ် . . ခြေထောက်က နှစ်ချောင်းထဲလေ . . "

"ဟာကွာ . . သူ့ဟာသူ ဘယ်နှချောင်းပါပါ၊ ဒါကအဓိက မဟုတ်ဘူး ညီမလေးကသာ ကိုယ့်ကိုပန်းသီးစိတ်ကလေးကို ခွံ့ပေး . . ဟစ် . . ဟစ် . . ဟစ် . . "

ရဲနိုင် . . ကောင်မလေးလက်ကို အတင်းဆွဲပြီး သူ့ဘေး မှာထိုင်စေ၏။ ထို့နောက် . . ပြီတီတီရယ်သံတွေ အခန်းထဲမှာ လွင့်ပျံ့သွားသည်။ ဇော်ထက်တို့ ဖဲဝိုင်းကလည်းကြေးကြီးကြီးနှင့် နွှဲ၍ကောင်းနေဆဲ။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၆)

လေ့ကားထစ်တွေမှ ဆင်းလာသော ရွှေဘုန်းလူခန္ဓာကိုယ်သည် လေထဲမှာမြောက်နေသလိုခံစားနေရ၏။ စိတ်ထဲမှာ လွတ်လပ်ပေ့ါပါးသောခံစားမှုတွေ တလိပ်လိပ်တိုးဝင်လာပြီး ဘာတွေကို ပျော်ရွှင်နေမှန်းကိုမသိ။

ပျော်နေတာမှ ရင်ထဲကိုလှိုက်လှိုက်ပြီးကို ပျော်နေမိသည်။

"အဟင့်ဟင့်ဟင့်. . . အန်တီရယ် သမီးတောင်းပန်ပါတယ်၊ သမီး ဒီအလုပ်တွေ မလုပ်ပါရစေနဲ့တော့၊ ဒီအိမ်ကြီးရဲ့ အောက်ခြေသိမ်းအလုပ်တွေ လုပ်ဆိုရင် သမီးလုပ်ပါ့မယ်"





"ဒီမှာ စုစုကျော် ညည်းငါ့ကို အာခံနေတာလား၊ ညည်းအရွယ်ရောက်ကတည်းက ညည်းကိုဘယ်သူထိမ်းသိမ်းလာခဲ့တာလဲ၊ ဘယ်သူကျွေးမွေးလာခဲ့သလဲ"

ဒေါ်ခင်မေ၏အသံက အထက်စီးနင်းဆန်ကာ စူးရှကျယ်လောင်နေ၏။ ရွှေဘုန်းလူ သန့်စင်ခန်းထဲဝင်ပြီး အပေ့ါသွားနေရာမှ. . ထိုအသံကိုကြားပြီး အသာနားစွင့်နေလိုက်သည်။

ကောင်မလေးတစ်ယောက်၏ တောင်းပန်တိုးရှိုးငိုရှိုက်သံကို ရွှေဘုန်းလူ စိတ်ဝင်စားသွားသည်။ သန့်စင်ခန်းထဲမှ အမြန်ထွက်လိုက်ပြီး အသံလာရာဘက်သို့ အကြည့်တွေကိုဝေ့ပြီး ရှာလိုက်သည်။

တွေ့ပါပြီ. . ထမင်းစားခန်းဘေးရှိ အခန်းဝရှေ့တွင် တသိမ့်သိမ့် ရှိုက်ငိုနေသော ကောင်မလေးနှင့် ဒေါ်ခင်မေဆို သောမိန်းမကြီး. . .

"ကဲ. . ထ အပေါ်မှာ ဧည့်သည်တွေစောင့်နေကြတယ်"

ဒေါ်ခင်မေ အတင်းဆွဲထူနေ၏။

"ဟင့်အင်း. . သမီးကလေးနေမကောင်းလို့ မသွားပါရစေနဲ့ အန်တီရယ် သမီးတောင်းပန်ပါတယ်. . ."

ကောင်မလေး အတင်းရုန်းသည်။

"အောင်မယ်. . . ကောင်မ ငါ့ကိုညည်းက ဆန့်ကျင်နေတာပဲ အင့်. . ဟာ. ."

"ဖြန်း. . ဖြန်း"

ပါးရိုက်ချက်ကပြင်းလွန်း၍ ခပ်လှမ်းလှမ်းမှာ ရပ်ကြည့်နေသော ရွှေဘုန်းလူပင် ပါးတွေကျိန်းသလိုလို ပူသလိုလိုခံစားလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးကို ကြည့်တော့လည်း သူမလုပ်ချင်သည့် အလုပ်ကို သေရင်သေပါစေ မလုပ်ဘူးဆိုသော ဖွဲ့နှင့်ပေနေ၏။ ကောင်မလေး မလုပ်ချင်ဘူးဟု ဇွတ်ငြင်းနေသော အလုပ်သည် ဘာအလုပ်မို့လဲ. . .

"ရိုက်ပါ. . ရိုက်ပါ အန်တီရယ်၊ အန်တီစိတ်ကျေနပ်တဲ့ အထိသာ ရိုက်ပါ. . သမီးအပေါ် ထပ်ကိုတော့ မတက်ပါရစေနဲ့"

ကောင်မလေး မျက်ရည်တွေ တွင်တွင်ကျကာ ငိုသံပါကြီးဖြင့် တောင်းပန်တိုးလျှိုး၏။

"ကဲ. . မတက်ချင်ဦး"

"ဖြန်း. . ဖြန်း. . ဖြန်း"

"ဖုန်း. . ခွပ်. . အင့်. ."

"ဝုန်း. ."

"အား. . ."

ပါးတွေ စိတ်ရှိလက်ရှိ ရိုက်လိုက် အနားမှာရှိသော ဖန်ပန်းအိုးဖြင့် ခေါင်းကိုရိုက်လိုက်၊ ကျောကုန်းတွေလက်တွေ နေရာအနှံ့ကို စိတ်ရှိလက်ရှိ ရိုက်နေသည်မှာ တိရစ္ဆာန်တစ်ကောင်ကို ညှင်းပန်းနှိပ်စက်နေသည့် ပုံစံမျိုး. . .

ကြည့်ရင်းကြည့်ရင်း ရွှေဘုန်းလူ ဒေါသတွေ အစုလိုက် အပြုံလိုက်တိုးထွက်လာပြီး. . .

"ဒီမှာ. . အန်တီ တော်ပါတော့ဗျာ၊ ခင်ဗျား တော်တော်လေး လွန်လာပြီ၊ ကျွန်တော်ရပ်ကြည့်နေတာကြာပြီ. . ဟိုမှာ အသက်တောင် မြော့မြော့ပဲ ကျန်မယ်ထင်တယ်၊ လူသားချင်း စာနာစိတ်ကလေးတော့ ထားဦးမှပေါ့ဗျာ"





"ဒီမှာ. . ဒါ ငါတို့ အလုပ်ကိစ္စပါကွယ်၊ မင်းဝင်မပါ,ပါနဲ့"

"ဝင်မပါလို့မရဘူး၊ ကျွန်တော်က ကျွန်တော့်ရှေ့မှာ ခုလိုမတရားတာမြင်ရင် လက်ပိုက်ကြည့်မနေတတ်ဘူး"

"ဒါဆို. . မင်းသူ့ကို တာဝန်ယူမလား၊ ငါကသူ့ကို တာဝန်ယူထားရတာ၊ ငါခိုင်းတဲ့ အလုပ်ကို မဖြစ်မနေ လုပ်ကိုလုပ်ရမှာပဲ. . . ငါခိုင်းတာမလုပ်ရင် ငါ့အလုပ်အရိပ်မှာလာမခိုနဲ့၊ ဟဲ့. . ကောင်မ ကြားတယ်နော်. . နင့်ကို ကာကွယ်ပေးမယ့်သူရှိတုန်း ဒီကနေ အထုပ်ပိုက်ပြီး ဆင်းပေတော့"

"ဟာ. . ခင်ဗျား အဲလိုတော့ မလုပ်နဲ့လေ"

ရွှေဘုန်းလူ မျက်ရည်လည်ရွဲနှင့် မျက်ဝန်းဝိုင်းကြီးဖြင့် ပင့်ကြည့်နေသော ကောင်မလေးကို ကရုဏာသက်စွာဖြင့် ကြည့်လိုက်သည်။

ကောင်မလေးရုပ်က ဆိုးတော့မဆိုးပါဘူး. . ရုပ်က ခပ်ချောချောလေး။ ဒီလိုအိမ်မျိုးမှာ အနှိမ်ခံပြီးနေနေရတာ ဘယ်လောက်သနားစရာကောင်းလိုက်သလဲ။

ရွှေဘုန်းလူ၏ ရီဝေဝေအသိစိတ်တွေက ကောင်မလေး၏ မျက်ရည်ရွှဲကြီးတွေဆီမှာပင် စုစည်း၍နေသည်။

"ဟဲ့. . ကောင်မ ဆင်းလေ"

"ဟင့်အင်း. . မ. . မဆင်းပါရစေနဲ့ အန်တီရယ်"

"ဟာ. . ငါ့ကို ဒေါသထွက်အောင်လုပ်နေပြန်ပါပြီ၊ သွားစမ်း သွား. . . ဆိုရင် ခုချက်ချင်း ထွက်သွားလိုက်"

ဒေါ်ခင်မေ ကြမ်းပြင်တွင် ကျုံ့ကျုံ့လေး ထိုင်နေသော ကောင်



www.burmeseclassic.com

www.burmeseclassic.com



မလေးကို သူ့ခြေထောက်တွေဖြင့် ဆောင့်ဆောင့်ကန်ကာ အတင်းနှင်လွှတ်၏။ ဆံပင်တွေကို အတင်းဆွဲဆောင့်နေ၏။

"အမလေး. . အား. . အစ်ကို၊ ကယ်. . ကယ်ပါ ညီမကိုကယ်ပါ အစ်ကိုရယ်"

ရွှေဘုန်းလူ ရှေ့မှာ အငိုမျက်နှာလေးဖြင့် ကျုံ့ကျုံ့ ထိုင်ကာ အသနားခံနေသော ကောင်မလေးကို ကြည့်ပြီး အံတစ်ချက်ကြိတ်လိုက်သည်။

"တော်. . တော်တော့ဗျာ၊ ကောင်းပြီ ဒီကောင်မလေးကို ကျုပ်တာဝန်ယူတယ်ဗျာ"

ဒေါ်ခင်မေ မဲ့လိုက်ပြီး ရွှေဘုန်းလူကို မယုံသလို မျက်နှာပေးဖြင့် မျက်လုံးတွေ မှေးကျဉ်းစွာကြည့်၏။

ချမ်းမြေ့ အနားကို ရောက်လာ၏. . .။

"ဟေ့ကောင် ရွှေဘုန်းလူ မင်းဘာလုပ်နေတာလဲ လာလေကွာ အပေါ်မှာ ကောင်းနေပြီကွ"

ချမ်းမြေ့ခြေလှမ်းတွေ ဒယီးဒယိုင်ဖြင့်. . . ရွှေဘုန်းလူနား လျှောက်လာကာ ကြမ်းခင်းတွင် ကျုံ့ကျုံ့လေးထိုင်ငိုနေသော ကောင်မလေးကိုငုံ့ကြည့်ပြီး. . .

"သူက ဘာလုပ်နေတာလဲ ငိုနေတာလား ရယ်နေတာလား အေ့. . ."

"ငိုနေတာကွ၊ ကဲ. . အဒေါ်ကြီး ခင်ဗျားကိုပြောပြီးပြီနော်. . သူ့ကို ကျုပ်တာဝန်ယူတယ် ဒီတော့ မရိုက်ပါနဲ့တော့"

ရွှေဘုန်းလူ ထိုသို့ပြောပြီး လှည့်ထွက်၏။ ဒေါ်ခင်မေ လက်





လွှတ်မခံ ရွှေဘုန်းလူ၏ ပခုံးကို ဆတ်ခနဲလှမ်းဆွဲပြီး. . .

"နေပါဦး တာဝန်ယူတယ်ဆိုတာ ပါးစပ်နဲ့တာဝန်ယူ လို့မရဘူးလေ"

"ဒါဆို ဘာနဲ့ တာဝန်ယူရမှာလဲ"

"စာချုပ်စာတမ်းနဲ့လေ"

"ဩော်. . ဒါများစကားထဲ ထည့်ပြောနေရသေးတယ်. . ယူလာခဲ့. . ဘာစာချုပ်ပဲယူလာယူလာ လက်မှတ်အကုန်ထိုးပေးမယ်၊ လိုအပ်ရင် ကျုပ်သူငယ်ချင်းတွေပါ အကုန်ထိုးခိုင်းမယ်"

"ကောင်းပြီ ငါကလည်း ဒါမျိုးမှကြိုက်တာ၊ ဟဲ့. . ကောင်မ နင်ကြားတယ်နော် နင့်အကောင်တွေက နင့်ကိုတာဝန်ယူမယ်တဲ့. . နင် အထုပ်ပြင်လိုက်တော့"

"ဟင့်အင်း. . အဲလိုမလုပ်နဲ့ အစ်ကို၊ ညီမက ကလေးတစ်ယောက် အမေပါ"

ကောင်မလေး ခေါင်းတစ်ခါခါ လက်တစ်ခါခါဖြင့် ငြင်း၏။

"မင်းဘာမှအပူနဲ့တော့ မင်းတို့သားအမိကို တစ်သက်တာ ထာဝရ စောင့်ရှောက်မယ် ဟုတ်ပြီလား. . နော် ချမ်းမြေ့"

"ဒါပေါ့ ကောင်းတယ်၊ အဟဲ. . ကလေးတစ်ယောက်ပါတော့ မင်းမပင်ပန်းရပဲ ကလေးအဖေ ရာထူးကိုရတာ ဘယ်လောက် အဆင်ပြေလိုက်သလဲ. . ဟဲဟဲဟဲ"

ချမ်းမြေ့ကပါ ဝမ်းပန်းတသာ ထောက်ခံချက်တွေပေး၏။

"အို. . အစ်ကိုတို့လို သူဌေးသားနဲ့ ညီမ မတန်ပါဘူးအစ်ကို ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ကောင်မလေး. . မင်းမှာ ကလေးဘယ်နှယောက်ရှိရှိ တစ်ဒါဇင်ရှိလည်း ငါဟာ ဒီကလေးတွေရဲ့အဖေအဖြစ် မင်းနဲ့ ထာဝရ ရှင်သန်နိုင်ပါတယ်"

ကောင်မလေး၏ အငိုမျက်နှာမှာ ရှက်ရိပ်နှင့်ဝမ်းသာ ရိပ်ရော ကာ လမင်းအစင်းတစ်ရာ သာသွား၏။

"ကဲ. . ကောင်းပြီ၊ ဒါဆို ငါတို့ရဲ့ရပ်ကွက်လူကြီးတွေရှေ့မှာပဲ မင်းကိုလက်မှတ်ထိုးခိုင်းမယ်. . . ငါတို့ဘက်က အသိသက်သေ နှစ် ယောက်နဲ့ မင်းတို့ဘက်က အသိသက်သေနှစ်ယောက် လက်မှတ်ထိုး ပါ"

"ရတယ် ရပ်ကွက်လူကြီး မကလို့ ပုသိမ်ခရိုင်က ခရိုင်မှူးပဲ ခေါ်လာလာ. . ထိုးပြီးသားပဲ. . ဟား. . ဟား"

"ဟုတ်တယ်. . ထိုးမယ်. . အပြီးကိုထိုးမယ်"

ရွှေဘုန်းလူနှင့် ချမ်းမြေ့ တစ်ယောက်ပခုံး တစ်ယောက်ဖက် ကာ သဘောကျစွာ ရယ်နေကြသည်။ သူတို့ဘယ်လို အခြေနေမျိုးမှာ ရင်ဆိုင်နေကြရသလဲဆိုတာ နည်းနည်းလေးမှ ပြန်ဆန်းစစ်မကြပုံမ ပေါ်. . .။ အသိစိတ်တွေသည် ကိုယ်နှင့်မကပ်သလို ပေါ့ပါးသွက်လက် လွန်းနေကြ၏။

ထို့နောက်မှာတော့ ဘယ်အချိန်ကတည်းက ခေါ်ထားမှန်းမသိ သော ရပ်ကွက်လူကြီးဆိုသော အဘိုးကြီးနှစ်ယောက်နှင့် အသိသက် သေတွေ လက်မှတ်ထိုးကာ ရွှေဘုန်းလူသည် စုစုကျော်ကို တရားဝင် ဇနီးမယားအဖြစ်လက်မှတ်ထိုး ယူလိုက်ရ၏။

ဒေါ်ခင်မေမှာ ချမ်းမြေ့အား အသိသက်သေနေရာတွေမှာ





လက်မှတ်ထိုးခိုင်းနေသည်မှာ ဘယ်နှကြိမ် မြောက်မှန်းပင်မသိတော့. .

ချမ်းမြေ့ကလည်း ခေါင်းမဖော်တမ်းပင် ထိုးပေးသမျှ စာချုပ် တွေပေါ်မှာ ပျော့ပျော့ကြီးကို လက်မှတ်ထိုးပေးနေ၏။

"ကဲ. . ရွှေဘုန်းလူ ရပ်ကွက်လူကြီးတွေကို ကျွေးမွေးဧည့်ခံ စားရိတ်နဲ့ အကျိုးဆောင်ခလေးရှင်းပေးဖို့. . "

ဒေါ်ခင်မေ လက်ဝါးဖြန့်လိုက်၏။

ကိုသန်းအောင်ကပါ ဝင်၍. . .

"ဟုတ်တယ် ရွှေဘုန်းလူ၊ အစ်ကိုတို့နယ်မှာက လက်ထပ်ပေး တဲ့ သတိုးသမီးတွေကို အသိအမှတ်ပြုကောင်းချီးပေးတဲ့ ရပ်ကွက်လူကြီး တွေကို ထိပ်တန်းဧည့်ခံပွဲတွေနဲ့ ဧည့်ခံကျွေးမွေးရတယ်ကွ. . . အဲဟဲ နောက်ပြီး အသိသက်သေလက်မှတ်ထိုးပေးတဲ့သူတွေကိုလည်း ရေမီး အစုံ ပြုစုရသေးတယ်"

"အမ်. . ဟုတ်လား ဒါဆိုလည်း ရော့ဗျာ"

ရွှေဘုန်းလူ ခါးကြားတွင်ထိုးထားသော လည်သာပိုက်ဆံ ခေါက်အိတ်ကို ဆတ်ခနဲ ဆွဲထုတ်ပြီး ကိုသန်းအောင်ကို ထိုးပေးလိုက် သည်။

"အဲဒီထဲမှာ ရှိတာတွေနဲ့ ကြိုက်သလောက်သာသုံး လောက် လား မလောက်ရင် ထပ်ပေးမယ်"

"အဲ. . မင်္ဂလာဧည့်ခံပွဲအတွက်ဆိုတော့ မလောက်လောက် ဘူး ထင်တယ်"

"ရတယ် လောက်ငှရစေမယ်၊ ကဲ. . ချမ်းမြေ့ မင်းပိုက်ဆံ အိတ်ပါ ပေးလိုက်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် ပေးရမှာပေါ့၊ ကိုယ့်သူချင်းအတွက်လက်ဖွဲ့တယ်သဘောထားမယ်. . ရော့"

ချမ်းမြေ့ပါ သူဘောင်းဘီဘေးအိတ်ထဲထည့်ထားသော ပိုက်ဆံအိတ်ကို ကိုသန်းအောင်လက်ထဲ ထည့်ပေးလိုက်သည်။

"ကဲပါလေ မင်္ဂလာကိစ္စကို ဘယ်တော့စီစဉ်ကြမလဲ၊ ဒီညတော့ အချိန်မမီတော့ဘူး"

"ရတယ် ကြိုက်တဲ့ အချိန်သာစီစဉ်ကြ၊ မစီစဉ်လည်းရတယ် အဓိကက ညားဖို့က အဓိက မဟုတ်လား. . . ဟားဟ"

"ဒါဆို စုစုကျော်က မင်းမိန်းမဖြစ်သွားပြီဆိုတော့ မင်း အနေနဲ့ လက်ထပ်လက်စွပ်ကလေးတော့ ဆင်မြန်းပေးသင့်တယ်မဟုတ်လား ဒါတို့ရဲ့ အရပ်ထုံးတမ်းစဉ်လာပဲ"

"ဩ. . ဒီလိုလား ရတယ် ဆင်ပေးရမှာပေါ့"

ရပ်ကွက်လူကြီးဆိုသော အဘိုးကြီးဝင်ပြောသည့် စကားကို ရွှေဘုန်းလူ နည်းနည်းလေးတောင် မကန့်ကွက် မငြင်းဆန်ပဲ သူ့လက်ထဲတွင် ဝတ်ထားသော ဖနှင့်စေ့စပ်ထားသည့် စေ့စပ်လက်စွပ်ကို ဆွဲချွတ်၍ စုစုကျော်လက်ထဲကို ထည့်ပေးလိုက်သည်။

"ကဲ. . ကျေနပ်ပြီနော် နောက်ထပ်ကြိုးမတားနဲ့နော်. . ပေးစရာဆိုလို့ ခါးထဲကဘောင်းဘီနဲ့ အကျႌတွေပဲရှိတော့တယ် အဟဲ. . ဟဲ"

ရွှေဘုန်းလူ တဟဲဟဲဖြင့် ရယ်၍မဆုံးတော့. . ဘာကြောင့် ရယ်နေသည် ဆိုတာကိုလည်း သူကိုယ်တိုင်မသိ. . .။



အောင်မြင်စာပေ





# အခန်း (၁၇)

"ဟာ. . ယုတ်. . ယုတ်မာလိုက်တာကွာ. . ဒါ. ဆို. . နင်နဲ့ ရွှေဘုန်းလူ လက်ထပ်စာချုပ်မှာ ငါက အသိသက်သေနဲ့ လက်မှတ်ထိုးပေးရင်း. . ငါ့. . ငါ့ကိုပါ. . ကားအပေါင်စာချုပ်ကို တစ်ခါတည်း ရောပြီး. . လက်မှတ်ထိုးခိုင်းလိုက်တာပေါ့. . ဟား. . ဟာကွာ. ."

"ဟုတ်တယ်. . ကိုချမ်းမြေ့. . . တကယ်တော့အဲဒီညက ကိုချမ်းမြေ့တို့အားလုံး အသိစိတ်တွေ ပျောက်အောင် မြှိမ့်မြှိမ့်လေးစားလို့ရနိုင်တဲ့ မူးယစ်ဆေးတစ်မျိုး ယမကာထဲမှာ အထည့်ခံလိုက်ရလို့ပဲ"

အောင်မြင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟာ."

ရွှေဘုန်းလူနှင့်ဇော်ထက်ပါ မျက်လုံးအပြူးသား ပါးစပ်အဟောင်းသားနှင့် ကြောင်စီစီတွေဖြစ်ကုန်ကြသည်။ ဒါဆို သူတို့ ဆေးခပ်ခံကြရတာပေါ့. . ဒါကြောင့်မိုးလင်းတော့. . ညကအဖြစ်အပျက်တွေကို လုံးဝပြန်ပြီး သတိမရတော့ခြင်းပဲ ဖြစ်မည်။

"အေးပါ. . ရွှေဘုန်းလူ ညည်းကိုလက်ထပ်လိုက်ရတဲ့ ပြဿနာနဲ့ ကားအပေါင်စာချုပ်ကိစ္စကိုတော့ရှင်းပြီ၊ ဒါနဲ့ ငါ့သွားတစ်ချောင်းကျိုးတာနဲ့ ချမ်းမြေ့ဆံပင်ကွက်ကျားရိပ်ခံရတဲ့ ကိစ္စကရော. ."

ဇော်ထက်အမေးကြောင့် ညှိုးနေသော စုစုကျော် မျက်နှာမှာ အပြုံးရိပ် ခပ်ရေးရေးထင်သွားသည်။

ပြီးနောက်. . တအင်းအင်း ငိုနေသောကလေးကို အငိုတိတ်စေရန် နို့လှန်တိုက်လိုက်၏။ ကလေးအငိုတိတ်ကာ နို့ကို အငမ်းမရဆို့နေ၏။

စုစုကျော်၏ ပွင့်လင်းလွန်းသော ကလေးနို့လှန်တိုက်ခြင်းသည် သူမအတွက် အင်မတန်ရိုးရှင်းပေမယ့် ရွှေဘုန်းလူတို့ သူငယ်ချင်းသုံးယောက်အတွက် အနည်းငယ် အနေခက်စေသော အထူးအဆန်းတစ်ခု ဖြစ်သွား၍ ကိုယ်စီမျက်နှာလွှဲလိုက်ကြ၏။

သူ့ကလေး အားရပါးရ နို့စို့နေပုံကို ငုံကြည့်ပြီးမှ. . .

"အဲဒီညက ဒေါ်ခင်မေ အိမ်မှာ ကိုရဲနိုင်နဲ့ ဖဲဝိုင်းက လူတွေရန်ဖြစ်ကြတယ်၊ ဖြစ်ရတဲ့အကြောင်းက ကိုရဲနိုင်က အဲဒီဖဲဝိုင်းထဲက လူကို ဖဲခိုးရိုက်တယ်ဆိုပြီး ပြဿနာရှာရာက စဖြစ်ကြတာ"

"ဟမ်. . တ. . တကယ်ရန်ဖြစ်ကြတာလား"





"ဟုတ်တယ် အဲဒီရန်ပွဲမှာ သူတို့ဘက်က လူအုပ်ကများတယ်လေ၊ အဲဒီမှာ ကိုဇော်ထက်သွားတစ်ချောင်းကျိုးသွားတယ်၊ ကိုချမ်းမြေ့ကတော့ ဖဲသမားတစ်ယောက်ရဲ့ စက်ကတ်ကြေးစာ မိပြီး ဆံပင်တွေဟိုတစ်ကွက် ဒီတစ်ကွက်ဖြစ်အောင် အရိပ်ခံ လိုက်ရတယ်၊ အမှန်တော့ အဲလိုအခြေအနေမျိုးဖြစ်အောင် သူတို့တမင်ဖန်တီးလိုက်ကြတာပဲ. . အဲလို ရုန်းရင်းဆန်ခတ်ဖြစ်နေချိန်မှာ . . ညီမကလေးနဲ့ ကိုဘုန်းလူကို အပါခေါ်ခဲ့ပြီး အဲ့ဒီအိမ်ကြီးထဲကနေ လွတ်အောင်ရုန်းထွက်ခဲ့ရကြရတယ်၊ ညီမတို့နောက်က ကိုဇော်ထက်နဲ့ ကိုချမ်းမြေ့တို့နှစ်ယောက် ပြေးထွက်လာကြတယ်၊ ပြီးတော့ဘန်ဂလိုကို ပြန်ရောက်လာကြတယ်"

"ဒါဆို. . ရဲနိုင်ကရော ဘာဖြစ်သွားလဲ၊ ညည်းရှင်းပြတဲ့ အထဲမှာ ရဲနိုင်ကိစ္စမပါဘူးနော်. ."

"ညီမ ကိုရဲနိုင် အကြောင်းကိုတော့မသိဘူး၊ အဲ့ဒီညက အဲဒီအိမ်ကြီးထဲမှာ ကိုရဲနိုင်ကျန်ခဲ့တယ်. ."

"ဟမ်. . ဒါ. . ဒါဆို. . ရဲနိုင် အဲ့ဒီအိမ်ကြီးထဲမှာ ပဲရှိရမှာပေါ့. ."

"အဲဒါမှ. . ကွိုင်. . သူ. . သူတို့ ရဲနိုင်ကို လက်လွန်ခြေလွန်လုပ်ပြီးမှ မြေပဲမြှုပ်လိုက်ကြပြီလား. . ဒါမှမဟုတ်ရေနစ်ပြီးတော့ပဲ သတ်လိုက်ကြပြီးလားကွာ. ."

ချမ်းမြေ့သူ့ခေါင်းတုံး သူပွတ်ကာ. . ငိုသံပါကြီးဖြင့် စိုးရိမ်တကြီး ပြောရှာ၏။

"ဒါဆို. . ငါတို့ဘယ်လိုလုပ်ကြမလဲ ဘုန်းလူ၊ အဲ့ဒီအိမ်ကို ပြန်သွားကြမလား. .၊ ရဲနိုင်ကိုထုတ်ပေးရင်ထုတ်ပေး မထုတ်ပေးရင်. ."



www.burmeseclassic.com

www.burmeseclassic.com



စခန်းမှာအမှုသွားဖွင့်ကြမယ်. . ”

“ငါတို့အမှုသွားဖွင့်မယ်ဆိုရင်. . အထောက်အထား ခိုင်လုံမှ ဖြစ်မှာပေ့ါကွ. . ”

ဇော်ထက်စကားကို ဘုန်းလူဝင်၍ ကန့်ကွက်၏. . ။

“ဒါဆိုဘယ်လိုလုပ်ကြမလဲ. . ”

ရုတ်တရက် ဖုန်းထမြည်လာသည်. . ။

“ဟာ. . အရေးထဲ. . ဖုန်းကလည်း မြည်ပြန်ပြီကွာ. ”

ရွှေဘုန်းလူ စိတ်ပျက်စွာ ခပ်ညည်းညည်းပြောပြီး ဘောင်းဘီအိတ်ထဲမှ ဖုန်းကိုထုတ်လိုက်သည်. . ။

“ဟာ. . ဇေ. . ဇေ့ဆီကကွ. . ကွိုင်ပဲ. . ငါကို ကွိုင်ပူဖို့ ဆက်တာ ငါသိနေတယ်. . ”

ရွှေဘုန်းလူမြည်နေသော ဖုန်းကို. . သရဲသဘက်ကို မြင်၍ကြောက်သလိုမျိုး ပြူးပြူးပျာပျာဖြင့်ကြောက်ကာ အထိတ်တလန့်ဆို၏. . ။

“လာမယ့်ဘေးသာ စပီကာဖွင့်ပြီး ပြောတွေ့လိုက်တော့ ကိုယ့်လူ. . နားမှဒိမ်းကျင့်ခံရတာလောက်တော့ ဖြုံမနေနဲ့တော့. ”

ဇော်ထက်က ကောင်းချီးပေး၏။ ရွှေဘုန်းလူ မထူးတော့ပြီ ဒီမှာ ဖြစ်ပျက်နေတာတွေကို ဇေလေးမြင်ရတာမှ မဟုတ်တာ. . ဒီတော့ ကိုယ့် လိပ်ပြာမလုံလဲ. . သူမသိတာမဟုတ်။

“ဟဲလို. . ဇေလေးရေ. . ”

ရွှေဘုန်းလူ ရှုတ်နောက်နောက်လေသံဖြင့် ပြန်၍ထူးလိုက်၏။

“ရှင် အရမ်းပျော်နေတယ်ပေါ့. . ဟုတ်လား ဘုန်း. . ”





“ဟာကွာ. . မပျော်ပါဘူး ကိုယ့်မှာဇေလေးကို သတိတွေအရမ်းရနေတာကွ. . ”

“ဒါဆို. . ဘာလို့ဖုန်းတွေ ပိတ်ထားရတာလဲ. . ရှင်တို့ သူငယ်ချင်းလေးယောက်သွားတာ ဖုန်းလေးလုံးပါသွားတယ်လေ၊ ရှင့်ဆီကိုခေါ်တော့လည်း ဖုန်းပိတ်. . ကျန်တဲ့သူတွေကို ခေါ်တော့လည်း ဖုန်းကပိတ်နဲ့ လေးယောက်စလုံး ဖုန်းပိတ်ပြီး ဘာတွေလုပ်နေကြတာလဲ. . ဟမ်. . ”

ဇေယျာနွယ့်လေသံမှာ ဒေါသကြောင့် ဖုန်းထဲမှာပင် မာထန်၍နေ၏။ ချမ်းမြေ့နှင့်ဇော်ထက် ဇက်ပုသွားကြသည်။

သူတို့ သူငယ်ချင်းတွေ ဒီမှာကမ္ဘာပျက်နေတာကို သူမ မသိလေတော့ ဒီလိုပဲပြောတော့မှာပေ့ါ။ ကိုယ်တွေမှာသာ ဖုန်းမဖွင့်ထားနိုင်လောက်အောင်ကို ဗျာများနေကြသည့်အဖြစ်။

“ကိုယ့်ဖုန်း ဓါတ်ခဲအားနည်းနေလို့ ဖုန်းပိတ်ထားရတာပါ ဇေရာ. . ”

“ရှင်. . ဘယ်တော့ပြန်လာမှာလဲ၊ ဒီနေ့ဆိုရင် လေးရက်ရှိသွားပြီ၊ နောက်တစ်ရက်နှစ်ရက်ဆို မင်္ဂလာပွဲစပြီဆိုတာကိုရော သတိရသေးရဲ့လား၊ ဒယ်ဒီနဲ့မာမီဆိုရင် ရှင့်ကိုအရမ်း စိတ်ဆိုးနေကြတယ်. . ၊

မင်္ဂလာပွဲအတွက် ဇေက အလုပ်တွေ အရမ်းရှုပ်နေပြီး. . ရှင်က အေးအေးဆေးဆေး ခရီးထွက်သွားလို့လေ. . ”

“သိပါတယ်ဇေရယ် ကိုယ်အဲ့ဒီအတွက်လည်း အနူးအညွတ်တောင်းပန်ပါတယ်၊ အန်တီနဲ့အန်ကယ်ကိုလည်း ကိုယ်ပြန်လာမှ ဒူးကျနပ်တဲ့အထိ တောင်းပန်မှာပါ. . အဟီး. . ဖုန်းထဲကနေလည်း ဇေနဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆင့်အကြိမ်ကြိမ် တောင်းပန်ပါတယ်လို့ ပြောပေးနော်. . ဇေ. . ”

ပါးစပ်လေးနှင့်တောင်းပန်ရတာပဲ ကိုယ့်အသားပဲ့ပါတာမှမဟုတ်တာ ခုချိန်မှာသူတို့စိတ်ကွက်ပြို့ငြင်လို့မဖြစ် သူတို့သဒ္ဓါ ကြည်ဖြူစွာပေးလို့ သူ့သမီးကို ပေါင်းဖက်ခွင့် ကြုံရတာ. . .

ကျေးဇူးရှင်ယောက္ခမကြီးတွေ၏ ရွှေစိတ်တော်မညှိုးရအောင် ဖင်ထောင်သည့်အထိ တောင်းပန်ဦးညွှတ်ရမှာက ရွှေဘုန်းလူ၏ သမိုင်းတစ်ပုဒ်ဖြစ်သင့်သည်။

“ဒါနဲ့ ချမ်းမြေ့ရဲ့ လိပ်ခေါင်းရော ဖြတ်ပြီးပြီးလား. . ”

ဖုန်းထဲမှမေးလိုက်သော ဇေယျာနွယ့်အမေးကြောင့် ချမ်းမြေ့ မျက်နှာကြီး ရှုံ့မဲ့သွားသည်။ ရွှေဘုန်းလူကိုလည်း ခပ်ကျိတ်ကျိတ်ဆဲနေ၏။ ရွှေဘုန်းလူရယ်ကျဲကျဲဖြင့် ချမ်းမြေ့ကို လှမ်းကြည့်ရင်း. . .

“မဖြတ်ရသေးပါဘူးကွာ ဒီကောင့်လိပ်ခေါင်းက ဆရာ မနိုင်နှစ်ဆောင်ပြိုင်ကြီး. . ”

“ဟင်. . ဘာဖြစ်လို့လဲ. . လုံးဝကုလို့မရတော့ဘူးတဲ့လား”

“ကုဖို့ အချိန်နည်းနည်းယူနေရတယ်. . ဒီကောင်လိပ်ခေါင်းက နည်းတာမှ မဟုတ်တာ၊ သူ့စအိုဝမှာ ပြူတစ်ပြူတစ်နဲ့ ကိုယ်တို့မှာ သူ့လိပ်ခေါင်းထွက်လာတိုင်း သားရေကွင်းနဲ့ ထိုင်ထိုင်ဆော်ပေးနေရတယ်. . ”

“ဟာ. . ဟော့ကောင်. အယုတ်တမာကောင် မဟုတ်က ဟုတ်ကတွေမပြောနဲ့. . ”

ချမ်းမြေ့ရွှေဘုန်းလူ၏ လက်မောင်းကို ခပ်ဆတ်ဆတ် ထိုးပြီး လေသံတိုးတိုးဖြင့် မကျေမနပ်ပြော၏. . ။





“ရှုံ့စရာကြီး ဘုန်းရယ် တော်ပါတော့ မပြောပါနဲ့. . ၊ ဇေ ခုပဲ ထမင်းစားပြီးလို့ ထမင်းစားခန်းထဲက ထွက်လာတာလေ စားပြီးတာတွေ ပြန်အန်ထွက်တော့မှာပဲ. . ”

“ဒီပုံအတိုင်းဆို. . သတို့သားအရန် လုပ်ခိုင်းလို့ ဖြစ်ပါတော့မလား ဖော်ထက်တို့ကိုပဲ လုပ်ခိုင်းလိုက်ပါလား. . ”

ဖော်ထက်သူ့ဘက်ကို လှည့်လာသော ဇေယျာနွယ့်စကားကြောင့် သူ့သွားကြီးကိုဖြဲပြီး အသံတိတ်လက်ညှိုးထိုးကာ လက်တစ်ဖက်က မော်တာထက်မြန်သော မြန်နှုန်းဖြင့် ခါပြလိုက်သည်။

သူ့သွားကျိုးနေ၍ သတို့သားအရန်မလုပ်ဘူး ဆိုသည့် ငြင်းချက်ထုတ်သည့်သဘော. . ။

“အူဝဲ. . အဲ. . အဲ. . အင်း. . အူဝဲ. . အူဝဲ. . ”

ရွှေဘုန်းလူ ဖုန်းပြောနေရင်းမှ စုစုကျော်၏ ကလေးငိုသံကြောင့် ဖုန်းကိုလက်ဖြင့်ကာ,ကာ ခြေမကိုင်မိလက်မကိုင်မိဖြစ်၍ သွားသည်။

“ဘုန်း ကလေးငိုသံကြားတယ်၊ ဘေးမှာ ဘယ်က,ကလေးရှိနေလို့လဲ. . ”

ဇေ့ အမေးကြောင့် ရွှေဘုန်းလူ မျက်နှာမှာ အဆမတန် အိုစာသွားသလိုပင်. .

“ဟာ. . ဇေကလည်း၊ ဘယ်ကလာ. . အဲ. . အဲ့ဒါ ဖော်ထက်ရဲ့ဖုန်းခေါ်တဲ့ အသံပါကွ. . ဒီကောင်က ကလေးအဖေဖြစ်ချင်နေတဲ့ကောင်ဆိုတော့ ဖုန်းထဲမှာ ကလေးငိုသံကို ထည့်ထားတာ. . ”

“သြော်. . မသိပါဘူး၊ ဇေက ဘုန်းများ ချမ်းမြေ့လိပ်ခေါင်းကို



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကူဖြတ်ပေးရင်းနဲ့ မိန်းမရုပ်ကလေးတောင် ရသွားတာများလား လို့ . . ”

ဇေစကားကြောင့် မှန်လိုက်တာဇေရယ်ဟု ငိုချင်းချပြီး ထပ်ခါတလဲလဲသေချင်စိတ်တောင် ပေါက်သွားရ၏။ ဇေ့ ခန့်မှန်းချက် ကွက်တိမှန်နေတယ်ဆိုတာ ဇေများသိခဲ့ရင် ခုချက်ချင်းပင် ဖုန်းထဲကနေအတင်းခုန်ပေါက်ပြီး တိုးဝင်လာမလားမသိ။ ပြောမရဘူး တိုးဝင်လျင်ဝင်လာနိုင်သည်။ သို့သော် ခြောက်ကပ်ကပ်ရယ် သံကိုပေးလျက် . .

“အဟဲ . . မ . . မနောက်ပါနဲ့ . . ဇေရာ . . ”

“ဒါပဲနော် ဖိတ်စာတွေလည်း အားလုံးဝေပြီးသွားပြီ၊ ဘုန်းပဲအမီပြန်လာပါ . . ဇေအတိုင်းအတာတစ်ခုအထိပဲ . . ခွင့်ပြုနိုင်မယ် . . ၊ အတိုင်းအတာထက်ကျော်ရင်တော့ ဘုန်းရဲ့သူငယ်ချင်း ချမ်းမြေ့မှာ လိပ်ခေါင်းမကလို့ ဆင်ခေါင်းပဲဖြစ်နေဖြစ်နေ လုံးဝလက်မခံဘူး၊ ဇေ အကြောင်းသိတယ်မဟုတ်လား . . ”

“အင်းပါ . . အင်းပါ . . စိတ်ချ ကိုယ်အမြန်ဆုံးပြန်လာမယ်၊ ဒါပဲနော်ဇေ ညကျမှ အေးအေးဆေးဆေး ဖုန်းပြန်ခေါ်မယ် . . အခု ဟိုကောင်ဖင်ကလိပ်ခေါင်းအပြင်ကို တိုးထွက်နေလို့ သားရေကွင်းနဲ့ပစ်ပြီး ပြန်သွင်းပေးလိုက်ဦးမယ် . . ဘိုင့် . . ဘိုင့် . . ”

ရွှေဘုန်းလူ စကားစဖြတ်ကာ . . ဖုန်းကိုကမန်းကတန်း ပိတ်လိုက်၏။ ပြီးနောက် စုစုကျော်ဘက်သို့ အံတကြိတ်ကြိတ်နှင့် မျက်လုံးပြူးပြီးကြည့်ကာ . .

“ဟော့ . . ဒီမှာ မင်းနည်းနည်းတော့ အလိုက်ကန်းဆိုး သိကွာ၊ ငါ ဖုန်းပြောနေတယ်ကွ ဒီအချိန်က ငါ့ဘဝအတွက် ဘယ်လောက်အ





ရေးကြီးတဲ့ အချိန်လည်းဆိုတာ မင်းသိသင့်တယ်၊ ငါ့ဘဝမှာ ဇေ့ အမုန်းတွေ အထင်လွဲမှုတွေကိုသာ ခံရရင် အရှင်လတ်လတ်တွင်းတူးပြီး ကိုယ့်ကိုယ်ကိုယ် မြေမြှုပ်ပစ်ရုံပဲရှိတော့မယ်”

ရွှေဘုန်းလူ၏ရင်ထဲမှ ခံစားချက်အမှန်တွေထွက်လာသည့်အထိ ဒေါသတွေ ရင်မှာဗလောင်းဆူသွားသည်။

စုစုကျော်ဘာမျှပြန်မပြောရဲ . . မျက်လုံးလေးပေကလတ်ပေတလတ်ဖြင့် မျက်ရည်လေးဝေ့ကာ ခေါင်းငုံ့သွားသည်။ သူမမှာ ဘာအခွင့်အရေးမှ မရှိနိုင်တာ . . သူမလည်း သိမှာပါလေ . . ။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၈)

ချောင်းသာကို ရောက်တာ ငါးရက်ရှိပြီ။ ပြဿနာတွေကို ပြီးပြတ်အောင်မဖြေရှင်းရသေး။ ရဲနိုင်ကိုလည်း ဘယ်မှာရှာရမှန်းပင် မသိတော့. . စုစုကျော်ပြောသလို ဒေါ်ခင်မေ့အိမ်ကြီးထဲမှာ ရှိနေသည်ဆိုလျှင်တောင် အကောင်းအတိုင်း ရှိပါတော့မလား။

အမှန်ဆို ရန်ကုန်က ကိုယ့်မင်္ဂလာပွဲကလည်း သုံးရက်လောက်သာကျန်တော့သည်။ ဖေကလည်း ဖုန်းတွေတဂွမ်ဂွမ် ဆက်ပြီး ရန်လုပ်နေပြီး ပြန်မလာဖြစ်ရသည့် အကြောင်းအရင်းကို အကြောင်းပြပြော





နေရသဖြင့် အကြောင်းပြစရာတွေကလည်း ဦးနှောက်ကထပ်မထွက်တော့. . .

ဒီထက်အချိန်ဆွဲထားလျှင် မင်္ဂလာပွဲပျက်ဖို့သာ ကျန်တော့၏။

“ရွှေဘုန်း. . မင်းပြန်ရင်ပြန်နှင့်လိုက်တော့ကွာ ဒီကကိစ္စတွေကို ငါတို့ဘာသာပဲ ရှင်းလိုက်တော့မယ်. . ”

ချမ်းမြေ့နှင့်ဇော်ထက် စိတ်တူကိုယ်တူပြန်လွှတ်ခြင်းဖြစ်သည်။

“ငါပြန်တာကတော့ ဟုတ်ပါတယ်ကွာ ဒါပေမဲ့ ဟိုသားအမိကိစ္စကို ဘယ်လိုလုပ်ထားခဲ့ရမှာလဲ. . ဒီပြဿနာကြီးက ငါ့ဘဝတစ်ခုလုံးကို ကောက်ရိုးမီးလို တစ်စထက်တစ်စပိုပြီး လောင်ကျွမ်းလာနေမှာ၊ ဖေသိလို့ လုံးဝမဖြစ်တဲ့ ကိစ္စကြီးမို့ ငါဒီအတိုင်းထွက်သွားရုံနဲ့ ပြဿနာအားလုံး ပြေလည်သွားလိမ့်မယ်လို့ မင်းထင်လား”

ရွှေဘုန်းလူ စိတ်ပျက်လွန်းတာမှ ပြောဖွယ်ရာပင်မရှိတော့. . ပြဿနာငရဲမီးကြီးကို ဖင်ခုထိုင်ထားရသလို ချောင်းသာကမ်းခြေမှာ စိတ်လွတ်ကိုယ်လွတ် အပန်းဖြေလာကြသူ သူငယ်ချင်းတွေရော ကိုယ်ပါ ဒီရောက်ကတည်းက. . အဲ့ဒီပြဿနာဖြစ်ပြီးနောက်ပိုင်း တစ်စက္ကန့်လေးတောင်မှ အပျော်တွေက ကိုယ့်အနားမှာမနေတော့. .

“စုစုကျော်ကို သဘောပေါက်နားလည်အောင်တော့ ပြောပြရမှာပဲကွာ ငါတို့ပြောကြည့်ပါဦးမယ်. . ”

“မထင်ဘူး. . ဒီအချိန်မှာ ငါကသူ့အတွက် ဟီးရိုးဝင်လုပ်ထားတဲ့ ကယ်တင်ရှင်ကြီး၊ သူလွယ်လွယ်နဲ့ ဘယ်အလွတ်ပေးမှာလဲ. . ”

စိတ်ပျက်အားလျော့စွာ ပြောလာတော့ ဇော်ထက်နှင့် ချမ်းမြေ့ သနားသလို အကြည့်တွေဖြင့်ကြည့်ပြီး သက်ပြင်းပြိုင်တူ ချလိုက်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဒီကောင့်အဖြစ်က ကယ်ပါဦး. . ကယ်ကြပါဦးလို့. . ကယ်ပါ ယူပါတစာစာအော်ရမယ့်အဖြစ်ကို ရောက်မှန်းမသိ ရောက်နေတာပဲ ခုလောလောဆယ် စုစုကျော်တို့သားအမိ စားဝတ်နေရေးကို ဖြေရှင်းပေးနေရတာပဲကြည့်လေ"

ပိုက်ဆံအိတ်က ပျောက်ရတဲ့ကြားထဲ သူတို့ သားအမိတွေ၏ အခန်းခစားစရိတ်ကိုပါ တာဝန်ယူနေရတော့. . . ဇော်ထက်ဆီမှာရှိနေသော ငွေတွေလည်း ကုန်လုနီးပါးဖြစ်နေပြီ. . ။

"ငါတို့ကားကိုပြန်ရဖို့အတွက် ဒေါ်ခင်မေအိမ်ကို သွားကြမယ်ကွာ. . "

ရွှေဘုန်းလူ စိတ်လောကြီးစွာဖြင့် ထရမ်းလိုက်သည်။

"ထင်သလောက်မလွယ်ဘူး ရွှေဘုန်း၊ ငါတို့မှာရှိနေတဲ့ ကားအပေါင်စာချုပ်က သူတို့ဆီမှာလည်းရှိနေနိုင်တယ်လေ၊ ငါတို့သွားဖြရင် သူတို့ကလည်း ငါတို့ကိုတစ်စစီဆွဲထုတ်ပစ်ကြလိမ့်မယ်. . "

"ဟုတ်တယ်ရွှေဘုန်း ငါတို့တခြားနည်းလမ်းနဲ့ ဖြေရှင်းကြတာပေါ့. . "

"ဒါဆို ရဲစခန်းမှာ အမှုဖွင့်မယ်ကွာ၊ ငါတို့ကိုအဲ့ဒီညက မူးယစ်ဆေးတစ်မျိုးကို အရက်ထဲ ထည့်တိုက်ပြီး ပါသမျှကို အကုန်သိမ်းတဲ့ ကိစ္စမှာ စုစုကျော်က အဓိကသက်သေပဲ. . "

"ရွှေဘုန်း မင်းပြောတာသဘာဝကျတယ်၊ အဲ့လိုလည်း လုပ်သင့်တယ် လုပ်ကိုလုပ်ရမယ်. . ဒါပေမဲ့တစ်ခုတော့ရှိတယ်၊ အဲ. . တစ်ခု မကဘူးကွ. . နံပါတ်တစ် မင်းစခန်းကိုတိုင်ချက်ဖွင့်ရင် မင်းဒီမှာနေ





ရဦးမှာ၊ နံပါတ်နှစ် မင်းရဲ့ မင်္ဂလာပွဲ အလိုလိုပျက်သွားပြီး မင်းနဲ့ရော လည်း လုံးဝကိုပြတ်စဲသွားလိမ့်မယ်. . ၊ နံပါတ်သုံး မင်းက စုစုကျော်ကို ပေါင်းသင်းမှာမဟုတ်တဲ့အတွက် စုစုကျော်က ဒီအမှုမှာ သက်သေလိုက်ပေးမယ်လို့ မင်းအပြည့် အဝယုံကြည်လား. . မင်းမင်္ဂလာပွဲကို လာမဖျက်ရင်တောင်ကံကောင်း. . "

ချမ်းမြေ့အမေးကြောင့် ရွှေဘုန်းလူ ငိုင်တွေသွားသည်။

"ငါ. . ငါလေ သေသာသေလိုက်ချင်ပါတယ်ကွာ. . "

လက်ဆယ်ချောင်းလုံး ဆံပင်ထဲကို ထိုးဖွပြီး ခပ်ညည်းညည်းဆိုလိုက်သော ရွှေဘုန်းလူအဖြစ်က တကယ့်ကို ကူကယ်ရာမဲ့နေသော အခြေအနေ. . ။

"အစ်ကိုတို့အခက်အခဲကို ညီမကူညီပါရစေအစ်ကို. . "

သူတို့စကားဝိုင်းထဲ တိုးဝင်လာသောအသံကြောင့်. . သုံးယောက်စလုံးစကားတွေရပ်ပြီး ဘန်ဂလိုလှေကားခြေရင်းမှာ ရပ်နေသော စုစုကျော်ကို မလုံမလဲလှည့်ကြည့်ကြ၏။

ပြောနေကြသော အကြောင်းအရာတွေထဲမှာ သူ့အကြောင်းတွေလည်းပါတာကိုး. . ။

"ညည်းက ဘာကိုကူညီမှာလဲ. . "

"အစ်ကိုတို့ ဆုံးရှုံးထားတဲ့ကားနဲ့ ပိုက်ဆံအိတ်တွေပြန်ရဖို့ပေါ့. . "

သူမကူညီမည့်အထဲမှာ ရွှေဘုန်းလူနှင့် ဇေယျာနွယ် မင်္ဂလာပွဲမှာ မနှောင့်ယှက်ဘူးဆိုသော ကတိစကားတော့မပါ. ။

"ပိုက်ဆံအိတ်တွေက ပြန်မရလည်း ကိစ္စမရှိပါဘူး အိုတဲ့ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ဗိုက်ဆံတွေကလွဲပြီး ထွေထွေထူးထူးပါတာမှ မဟုတ်တာ၊ အဲဒီက,က ကားသော့ရတာနဲ့ ကိုယ့်ကားကို ကိုယ်ပြန်ယူနိုင်ဖို့ပဲ. ."

"အဲ့ဒီကိစ္စကို မပူပါနဲ့ အစ်ကိုတို့ရယ် ညီမကူညီနိုင်ပါတယ်"

စုစုကျော့ပုံစံက ကိုယ်တွေဘက်မှာ အပြည့်အဝရပ်တည်နေပုံဖြင့် အတော်လေးကို စိတ်အားထက်သန်နေ၏။

"ကိုယ့်သူငယ်ချင်းရဲနိုင်လည်း အဲ့ဒီအိမ်ကြီးထဲမှာရှိမရှိ သိချင်တယ်. ."

"ညီမ အိမ်ကြီးထဲဝင်ပြီး ရှိမရှိကိုအသေအချာစုံစမ်းပေးပါမယ် အစ်ကို. ."

"ငါတို့လည်း လိုက်ကြမယ်လေ"

"အများကြီးလိုက်စရာ မလိုဘူးအစ်ကို. . . ညီမနဲ့အတူ တစ်ယောက်လောက် လိုက်လာရင်ရပြီ. ."

"ဘယ်သူလိုက်ရမလဲ. ."

ဇော်ထက်အမေးကြောင့် စုစုကျော့. . ရွှေဘုန်းလူ ဘက်ကိုမရဲတရဲ ငေ့ကြည့်ပြီး. . .

"ရပါတယ်. . အစ်ကိုတို့ထဲက ဘယ်သူလိုက်လိုက်ပါ"

"ငါလိုက်သွားမယ် ချမ်းမြေ့. ."

ရွှေဘုန်းလူ. . ဒီလောက်တော့ စွန့်စားရမှာပေါ့။ ခု ဖြစ်နေရင်ဆိုင်နေရတဲ့ ပြဿနာထုကြီးထဲမှာ ကိုယ့်ပြဿနာက ထုထည်အကြီးဆုံး. . ကိုယ့်အတွက်အသက်တမျှ အရေးကြီးနေသောအချိန်။

"မင်းဖြစ်ပါ့မလား. . . တစ်စုံတစ်ခုဖြစ်ခဲ့ရင် မကောင်းဘူး၊ မင်းက မင်္ဂလာဆောင်ရမယ့် သတို့သားလောင်းတစ်ယောက်"





ချမ်းမြေ့. . ရွှေဘုန်းလူကို မသွားစေချင်. . ။

"ဟုတ်တယ်. . ရွှေဘုန်း. . မင်းမသွားသင့်ဘူး. ."

ဇော်ထက်ကပါ. . ဝင်၍ထောက်ခံ၏။ သူငယ်ချင်းတွေ လာကြတုန်းက စိတ်တူကိုယ်တူနဲ့ ပျော်ဖို့ရွှင်ဖို့ လာခဲ့ကြသည်။ ခုပြဿနာကြုံနေကြရတော့လည်း. . ပြဿနာကိုရင်မဆိုင်ချင်၍ ရှောင်ကပ်ပြီး ရှောင်ပုန်း၍မနေသင့်. . ။

ရွှေဘုန်း ခုလို. . အခြေအနေမျိုးရောက်ရတာ ကိုယ်တွေရဲ့ ပရောဂမကင်း. . သူအလိုဆိုရင် ခုလိုအပျော်ခရီးထွက်ဖို့ သတိမရ။ ကိုယ်တွေ သုံးယောက်ကမဲဆွယ်ခဲ့၍ သူစိတ်ပါသွားကာ ဇေ့ကို အကြောင်းအမျိုးမျိုးပြပြီး လိုက်လာခဲ့ခြင်းဖြစ်သည်။

သူ့အနာဂတ်အတွက် ကိုယ်တွေမှာ တာဝန်အပြည့်အဝရှိသည်။ ဇေနှင့်ပြဿနာမဖြစ်ရေး. . လမ်းမခွဲရေး. . မင်္ဂလာပွဲ မပျက်ရေး. . စသည့်အချက်တွေ မဖြစ်ရအောင်သူတို့အတတ်နိုင်ဆုံး ကာကွယ်ရမည်။

"ငါလိုက်သွားမယ်. . ချမ်းမြေ့. ."

ဇော်ထက်. . ဝင့်ဝင့်စားစားကြီး မတ်တတ်ရပ်ပြီး အခိုင်အမာ ချလိုက်သည်။

"မင်း. . မလိုက်ပါနဲ့ကွာ. . ငါပဲလိုက်သွားပါ့မယ်၊ ငါ့ကားကိုစွ ငါပဲရှင်းမယ်"

ချမ်းမြေ့ကလည်း သူလိုက်မည်ဟု. . သူ့ တာဝန်ကိုသူယူ၏။

"ကိုဇော်ထက်ပဲလိုက်ခဲ့ပါ ဒါပေမဲ့ ခုချက်ချင်းတော့ မဟုတ်ဘူး၊ ခုတော့ ကျွန်မပဲ အရင်သွားကြည့်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



စုစုကျော် ကြားထဲကနေပြီး ဘယ်သူလိုက်ရမယ်ဆိုတာကို ဝင်ပြီး အဆုံးအဖြတ်ပေးလိုက်သဖြင့် သုံးယောက်စလုံး ဘယ်သူမှထပ်ပြီး မကန့်ကွက်တော့။

"အစ်ကို. . အစ်ကိုသားကို. . ဂရုစိုက်ပါနော်. . "

စုစုကျော်၏ မှာကြားခြင်းတွေက ပိုင်စိုးပိုင်နင်းနိုင်လွန်း၏။

ရွှေဘုန်းလူ ကျောစိမ့်သွားပေမယ့် ခေါင်းကိုခပ်ဖြည်းဖြည်း ညိတ်ပြလိုက်သည်. . ။

စုစုကျော်. . လက်ဖြာသောအကြည့်ဖြင့် နွေးထွေးစွာ ကြည့်ပြီး ပြုံးပြသည်။

ရွှေဘုန်းလူလည်း အသက်မပါသော အပြုံးတုတစ်ခုဖြင့် ပြန်၍ ပြုံးပြလိုက်သည်။









# အခန်း (၁၉)

"ညည်း ဘာလာလုပ်တာလဲ၊ ငါတို့ ညည်းဘဝရှေ့ရေးအတွက် စီစဉ်ပေးပြီးသွားပြီလေ. . "

အိမ်ကြီးထဲဝင်ဝင်ချင်း စီးမေးလိုက်သော ဒေါ်ခင်မေ စကားလေးကြောင့် စုစုကျော် ဟန်မပျက်ပြုံးလိုက်ပြီး. . .

"သမီးသိပါတယ် အန်တီရယ်၊ အဲဒီအတွက် သမီးလေ အန်တီတို့ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး"

"ဒါဆို ဘာလာလုပ်တာလဲ. . "



www.burmeseclassic.com

www.burmeseclassic.com



"အန်တီတို့ကို ကျေးဇူးတင်ကြောင်းလာပြောတာ၊ နောက်ပြီး သမီးတို့သားအမိ ရန်ကုန်ကိုလိုက်သွားတော့မလို့"

"အင်းလေ ဘာပဲဖြစ်ဖြစ်ညည်းတို့သားအမိ ရှေ့ရေးအတွက် ငါ တို့စီစဉ်ပေးရကျိုးနပ်တာပေါ့၊ အဟင်းဟင်း. . ရန်ကုန်သားတွေလည်း ဆိုသေးတယ် အကုန်လုံး မအူမလည်တွေချည်းပဲ၊ ငါတို့ အကွက်ထဲကို သိပ်တောင် မခေါ်လိုက်ရဘူး သူ့အလိုလိုကို ဝင်လာတာပဲ. ."

"အဟင်း. . ဟုတ်တယ်နော်၊ သူတို့ပုံစံတွေက သိပ်ပြီး ထက် မြက်တဲ့ ပုံစံလည်း မပေါ်ဘူး၊ အခု သူတို့ရန်ကုန်ပြန်တော့မလို့ စီစဉ်တာ ပဲ ကြည့်လေ"

"ကားကိစ္စကရော သူတို့မှာ ကားအပေါင်ခံထားတဲ့ စာချုပ်ကြီး ရှိနေရဲ့သားနဲ့ ဘာဖြစ်လို့ ကားကိုလာမရွေးတာလဲ"

"မရွေးတော့ဘူး ထင်တယ်အန်တီရယ်၊ အဲဒီကားက သမီး ယောကျ်ားကားမဟုတ်ဘူး ချမ်းမြေ့ဆိုတဲ့လူရဲ့ကားလေ"

"သြော်. . စိန်တိုးရဲ့ စက်ကတ်ကြေးစာမိသွားတဲ့ ကောင်လေး ရဲ့ ကားလား"

"အင်း. . ဟုတ်တယ်၊ သူတို့မှာ ဒီထက်တန်ဖိုးကြီးတဲ့ကားတွေ ဆယ်စီးလောက်ရှိတယ်တဲ့၊ အခု ရန်ကုန်က ကားလာကြိုမှာလေ. . . နောက်မှ သူတို့ရဲ့ ဒရိုင်ဘာကို လာရွေးခိုင်းမှာလို့ ပြောသံကြားတယ်"

"ဟယ်. . သူတို့က အဲဒီလောက်တောင် ချမ်းသာကြလား"

"အန်တီတို့ သမီးတို့ ထင်တာထက်တောင်ပိုသေးတယ်၊ သမီး ယောကျ်ားဆိုရင် သူ့မိဘတွေက ဟိုတယ်ပိုင်ရှင်တွေတဲ့"

"အလဲ့. . ညည်းတော့ တစ်ချီတည်းနဲ့ပွတာပါပဲလားအေ"





"အဲဒါကြောင့် အန်တီကျေးဇူးကို သမီးဘယ်သက်မမေ့ဘူးလို့ ပြောတာပေါ့၊ သြော်. . ဒါနဲ့ ကားအပေါင်စာချုပ်တွေ ဘာတွေကို လည်း အဆင်သင့်လုပ်ထားဦးနော်"

"ရှိပေ့၊ ငါ့အခန်းထဲက ဗီရိုအံဆွဲမှာ အဆင်သင့်ပဲ၊ ဒီလောက် သိန်းနှစ်ဆယ်တန်တဲ့ စာချုပ်ကို ငါကအလွယ်ထားပါ့မလားအေ"

"သြော်. . အန်တီကို မရှင်းတာ မေးရဦးမယ်"

"ဘာမေးမှာလဲ. . ."

"အဲဒီညက ကိုသန်းအောင်နဲ့ ပါလာတာ လေးယောက်နော်၊ ဘာဖြစ်လို့ အခုသုံးယောက်ပဲရှိတော့တာလဲ၊ တစ်ယောက်ကော ဘယ် ရောက်သွားပြီလဲ"

"မပြောချင်ပါဘူးအေ၊ အောင်လုတို့ ဖော်ကြီးတို့ လက်သံ လည်း ညည်းသိတဲ့အတိုင်းပဲ၊ ဟိုက သူတို့ကိုလက်သံပြောင်လိုက်တော့ သူတို့လည်း ပြန်ကျွေးလိုက်တာ မြော့မြော့ပဲကျန်တော့တယ်လေ၊ အဲဒါ နဲ့ ဒီအိမ်မှာ အသက်ထွက်ရင် ကျုပ်တို့ကို အမှုပတ်မှာစိုးလို့ သဲဖြူကျွန်း ဘက်မှာ သွားပြီးပစ်ထားလိုက်တယ်၊ သေသလား ရှင်သလားတော့ မသိတော့ဘူး. . မသေရင်တော့ ဆေးရုံရောက်နေလောက်ပြီပေါ့"

"ဘာသတင်းမှ မကြားလောက်ရင်တော့ သေနေလောက်ပြီ ထင်တယ်နော်"

စုစုကျော် သူမသိချင်တာတွေကို အစ်အောက်ပြီး မေးနေ၏။

"ရောက်တုန်းရောက်ခိုက် ငါ့ကို ကော်ဖီလေး ဖျော်ပေးသွား စမ်းပါအေ၊ ဟိုကောင်မတွေ ခိုင်းဖို့ တစ်ယောက်မှကို မအားကြဘူး ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဪ . . အင်း . . အင်းပါ ဖျော်ပေးမယ်လေ . . "

စုစုကျော် ဒေါ်ခင်မေနားကနေ အခွင့်အရေးရတုန်း လစ်ထွက်လာလိုက်ပြီး မီးဖိုခန်းဘက်ဆီသို့ ဝင်မလိုလို ဟန်ရေးပြပြီး ဒေါ်ခင်မေ အခန်းထဲသို့ ခိုးကြောင်ခိုးဝှက် ဝင်ခဲ့လိုက်သည်။

ဒေါ်ခင်မေကတော့ မသိ သူ့ကို ကော်ဖီ ဖျော်ပေးနေသည်တု ပင်စိတ်ချ လက်ချယုံကြည်ထားပုံနှင့် ဧည့်ခန်းထဲမှာ ခပ်ငြိမ့်ငြိမ့်လေး ထိုင်ကာ ကိုရီးယားကား ကြည့်နေ၏။

စုစုကျော် ဗီရိုဖွင့်သံမကြားအောင် ခပ်ကျိတ်ကျိတ် ဖွင့်ကာ အံဆွဲကို အသာဆွဲဖွင့်လိုက်သည်။

တွေ့ပါပြီ ကားသော့နှင့် အတူယှဉ်၍ ထည့်ထားသော စာချုပ် တစ်စောင် ကမန်းကတန်းဖွင့်ဖတ်ကြည့်တော့ . . ကားအပေါင်စာချုပ် ချမ်းမြေ့ကိုယ်တိုင် လက်မှတ်ထိုးထား၍ ဘယ်လိုမှ မမှားနိုင် . . .

စုစုကျော် အခန်းဝကို စိတ်မလုံသလို လှည့်ကြည့်ပြီး စာချုပ်ကို အသေအချာခေါက်ပြီး ကားသော့နှင့်အတူရင်ဘတ်ကြားထဲသို့ ထိုးထည့်လိုက်၏။

ပြီးနောက် ထမင်းစားခန်းဘက်သို့ ခပ်သွက်သွက်ပြန် လျှောက်လာကာ ကော်ဖီဖျော်ဖို့ ရေနွေးဓါတ်ဘူးကို လှမ်းယူလိုက်သည်။

ကော်ဖီကို ခပ်မြန်မြန်ဖျော်ပြီး ဒေါ်ခင်မေရှိရာဘက် ဧည့်ခန်းဆီသို့ ဟန်မပျက် လျှောက်လာလိုက်သည်။

ဒေါ်ခင်မေ တီဗီ ကနေ အကြည့်မခွာပဲ . .

"ညည်းကလည်း ကော်ဖီလေးတစ်ခါသွားဖျော်တာကြာလိုက်တာအေ"





"နို့ဆီ လိုက်ရှာနေရလို့ပါ အန်တီရယ်"

"ဒါနဲ့ ညည်းတို့ ရန်ကုန်ကို ဘယ်တော့ သွားမှာမို့လဲ"

"ဒီနေ့ ညနေ ရန်ကုန်က ကြိုတဲ့ကားရောက်မယ်၊ ဒီနေ့ ညနေ မရောက်ရင်တော့ မနက်ဖြန် မနက်ပေါ့၊ ဒါကြောင့် အန်တီတို့ကို လာနှုတ်ဆက်ထားတာပါ"

"သူတို့ ကားလာရွေးမယ့် အစီအစဉ်ကို ငါ့ဆီကို ကြိုအကြောင်းနော်"

"အင်းပါ . . အန်တီ၊ ဒါနဲ့ ကားကရော ဘယ်မှာထားလို့လဲ"

"သန်းအောင်ရဲ့အိမ်မှာ . . "

"ကိုသန်းအောင်ရော ရန်ကုန်သွားတာပြန်ရောက်ပြီလား . . "

"မရောက်သေးဘူး သူ့မိန်းမကိုတော့ အသေအချာမှာထားတယ် ကားကိုစောင့်ရှောက်ဖို့၊ ကားကို သန်းအောင်တို့ အိမ်က ဂိုဒေါင်ပုတ်ကြီးထဲမှာ ပဲရှိသေးတယ် . . . "

"ဪ သူတို့ကားလာရွေးရင် အတိုးပါထည့်တောင်းဖို့ မမေ့နဲ့နော် အန်တီ . . . "

"ခင်မေပါအေ . . . တခြားသူမဟုတ်ပါဘူး ညည်းကိုတောင် သင်ကောင်းကောင်း ရွေးပေးနိုင်သေးတာပဲ . . . "

ဒေါ်ခင်မေ စုစုကျော်သိချင်တာတွေကို အိတ်သွန်ဖာမှောက် ပြောပြနေ၍ စုစုကျော် ဘာမှထပ်မေးစရာ အကြောင်းမရှိတော့ . .

ကိုယ်လိုချင်တာ အခုက ကိုယ်ရနေပြီမို့ ဒီအိမ်ကြီးထဲမှ အမြန်ဆုံးထွက်ဖို့ပဲ ရှိတော့၏။

"ဪ အန်တီ သမီးကို ဘာခိုင်းဦးမလဲဟင် ခိုင်းစရာရှိတာကို



www.burmeseclassic.com

www.burmeseclassic.com



ခိုင်းပါ၊ ရန်ကုန်မသွားခင်လေး ကိုယ့်ကျေးဇူးရှင်ကို ခြေဆုပ်လက်နယ်ပြု ပေးသွားချင်လို့ပါ. . ”

“မခိုင်းတော့ပါဘူးအေ ကျုပ်ခိုင်းနေရင် ညည်းလင်က ကြာလို့ဆိုပြီး လိုက်လာနေဦးမယ်၊ ညည်းရန်ကုန်ရောက်ရင်သာ ဂွင်ကြီးကြီးတွေ့ရင် ငါတို့ကို အကြောင်းကြား ညည်းလင်ရဲ့ သူငယ်ချင်းကလေးတွေက ယုန်သူငယ်လေးတွေလိုပဲ ငါတို့ အတွက် ငွေတွင်းကြီးတွေဆိုရင်လည်း မမှားဘူး. . ”

“ဟုတ်ကဲ့ စိတ်ချပါ အန်တီ၊ ဒါဆို သမီးသွားမယ်နော် သားကို အစ်ကိုနဲ့ထားခဲ့ရတာ. . . ”

“အေး. . အေး . . ”

စုစုကျော် ပို၍ယုတ္တိတန်စေရန် ဒေါ်ခင်မေကို ကျုံ့ကျုံ့လေး ထိုင်ပြီး ဦးချကန်တော့ခဲ့သည်။

ဒေါ်ခင်မေ ပီတိသံကြီးဖြင့် ဆုမပေးတတ်ပေးတတ် ပေးရှာ၏။

စုစုကျော် ပေးတဲ့ဆုနဲ့ပြည့်ပါစေဟု ပြောပြီး အိမ်ကြီးထဲမှ အမြန်ဆုံးလစ်ထွက်လာခဲ့လိုက်၏. . . ။









# အခန်း (၂၀)

စုစုကျော်နှင့် ဇော်ထက် သန်းအောင်၏ ခြံထဲသို့ အခြေအနေ အကဲခတ်ရင်းဝင်ခဲ့လိုက်သည်. . . ။

“ကားက ဒီထဲမှာဆို. . တွေ့လည်း မတွေ့ပါလား”

စိတ်စောစွာမေးလိုက်သောကြောင့် စုစုကျော်မျက်ရိပ် မျက်ကဲ လှမ်းပြပြီး လက်ကလေးကာပြသည်။

စုစုကျော် ကိုသန်းအောင် အိမ်ရှေ့သို့ ရောက်သည်နှင့်

“မသင်းရွှေ မသင်းရွှေရေ. . ”



www.burmeseclassic.com

www.burmeseclassic.com



"ဟေ. . ဘယ်သူလဲ. . ."

"ကျွန်မပါ စုစုကျော်. . ."

"ဪ. . အေး. . လာပြီ လာပြီ. . ."

ခြေတံရှည် အိမ်ကလေးထဲမှ ကိုသန်းအောင်၏ မိန်းမထွက်လာသည်။ စုစုကျော်ကိုမြင်တော့ ပြုံးပြပြီး လှေကားမှ ဆင်းလာ၏။ ဇော်ထက်ကိုလည်း အကဲခတ်သလို လှမ်းကြည့်လိုက်သေး၏။

"ပြော. . ဘာကိစ္စလဲ စုစု . . ."

"အန်တီလွှတ်လိုက်တာ ကားယူခိုင်းတာလေ. . ."

"ဪ. . လာရွေးပြီးလား . ."

"အင်းပေါ့ . . ."

"အဟီး. . လုပ်ကွက်တွေကတော့ ပိုင်ပါ့တော်၊ ငါ့ယောက်ျား တောင်ပြန်မလာသေးဘူး ပွဲကဖြစ်သွားပြီလား"

"အစ်မယောက်ျားပြန်လာရင်. . အန်တီလေးက ပေးသင့်သလောက်တော့ ပေးမှာပေါ့"

"အေးပါ. . ကားက ဟိုဘက်က ဂိုဒေါင်ပျက်ကြီးထဲမှာ တာလပတ်ကြီးနဲ့ အုပ်ထားတယ်၊ ဒါနဲ့ ကားသော့ရော ပါလို့လား"

"ပါတယ် ဒီမှာလေ၊ အဟင်း ကားလာယူမှတော့ ကားသော့ပါမှာပေါ့"

"ဪ. . အေး. . အေး. . ဝင်ယူ မောင်းသွားကြ၊ ငါ အနောက်မှာ ထမင်းအိုးကြီးတန်းလန်းနဲ့ ဝင်ကြည့်လိုက်ဦးမယ်"

"လုပ်. . လုပ်. . အစ်မလုပ်စရာရှိတာလုပ် ညီမတို့က ကားယူပြီး သွားမှာပဲ၊ ညီမက အိမ်လိုက်ပြရုံသက်သက်ပဲ. ."





"အေးပါ"

မသင်းရွှေ အိမ်ထဲသို့ သုတ်သီးသုတ်ပျာ ပြန်ဝင်သွားသည်။

"ကဲ. . ကိုဇော်ထက် အချိန်မရှိတော့ဘူး ကျွန်မတို့ကားယူပြီး ဒီတနေ့ အမြန်ထွက်မှ ဖြစ်မယ်"

"အင်း. . ဟုတ်တယ် စုစုကျော်၊ တော်ကြာ သူတို့ရိပ်မိသွားကြပြီး လိုက်လာကြလိမ့်မယ်"

"လိုက်လာလည်း ရှင်းလို့ရတယ်၊ စာချုပ်က ကျွန်မတို့လက်ထဲမှာရှိနေပြီပဲ၊ သူတို့ ဘယ်လိုမှ ပြဿနာရှာလို့ မရနိုင်ပါဘူး"

စုစုကျော် ထိုသို့ပြောပြီး ဂိုဒေါင်ရှိရာဘက်သို့ ခပ်သုတ်သုတ် ထွက်သွား၏။ ဇော်ထက် စုစုကျော်၏ စိတ်ရင်းအတိုင်း ကူညီနေမှုကို ခိုးကျုးမိသလို သွက်လက်ထက်မြက်ပုံကိုလည်း စိတ်ထဲမှာ နည်းနည်းတော့ သဘောတွေ့မိ၏။

ဒီကောင်မလေး သေချာကြည့်လေ လှလေပဲ။ ကလေး ရှိနေလို့သာ ကလေးအမေလို့ သိထားရတာ ဝတ်ကောင်းစားလှတွေ ဆင်မြန်းပေးကြည့် တကယ့်ကို အပျိုရုံးအောင်ကို လှမှာ။

"ကိုဇော်ထက် လာလေ အမြန်. . ."

အနောက်မှာ သိမ်းကျုံးပြီး ကြည့်နေမိသော ဇော်ထက် သူခိုးလူမိဆိုသလို ရှက်ကိုးရှက်ကန်းဖြင့် ခေါင်းတဆတ်ဆတ် ညိတ်ပြီး စုစုကျော် တွန်းဖွင့်နေသော ဂိုဒေါင်တံခါးကို ကူ၍တွန်းဖွင့်ပေးလိုက်သည်။

ရုတ်တရက် တံခါးဘောင်မှ သစ်သားတန်တစ်ခု ပြုတ်ကျလာသဖြင့်. . .

"ဟာ. . စုစုကျော် . . ."



www.burmeseclassic.com

www.burmeseclassic.com



ဇော်ထက် စုစုကျော်၏ ကိုယ်ကို အချိန်မီလှမ်းဆွဲလိုက်သည်။ ရုတ်တရက်မို့ စုစုကျော်၏ ကိုယ်လေးမှာ ဇော်ထက်ရှိရာဘက်သို့ ယိမ်းထိုးလာ၏. . ။

နှစ်ယောက်သား အရှိန်မထိန်းနိုင်ပဲ မြေကြီးပေါ်ပြိုလဲ ကျသွား၏ အရေးထဲမှ အရာပေါ်ရသည့်အဖြစ်။

ဇော်ထက်က အောက်မှ ပက်လက် ဇော်ထက်ကိုယ်ပေါ်မှ စုစုကျော် ကိုးရိုးကားရား ယက်ကန်ယက်ကန် ဖြစ်နေသည်။

"မင်းဘာဖြစ်သွားသေးလဲ စုစုကျော်. . ."

"ဟင့်အင်း ကိုဇော်ထက်သာ အချိန်မီ ဖမ်းမဆွဲနိုင်ရင် ကျွန်မတော့ ခေါင်းကွဲမှာ သေချာတယ်. . ."

နှစ်ယောက်သား မြေပြင်မှ အတင်းကုန်းရုန်းထလိုက်ကြသည်။ စုစုကျော်ပုံစံကတော့ မည်သို့မျှ ခံစားရပုံမပေါ်. . ဇော်ထက်မှာသာ ရင်တွေခုန်ကာ ခြေလှမ်းတွေပင် ဒယီးဒယိုင်ဖြင့်. . .

စောစောက အတွေ့အိအိလေးတွေက သူ့အာရုံကို ဖမ်းစားနေဆဲ. . .။









# အခန်း (၂၁)

ဇော်ထက်ကားယူလာပြီးသည်နှင့် ရွှေဘုန်းလူတို့ ဆေးရုံရှိရာသို့ ထိုကားဖြင့်ပင် ထွက်ခဲ့ကြ၏။

ရဲနိုင်ကို သဲဖြူကျွန်းပေါ်မှာ ရွှေဘုန်းလူနှင့် ချမ်းမြေ့ သွားရှာသည် မတွေ့. . ။

ဆေးရုံများရောက်နေလောက်ပြီလားဟူသော မျှော်လင့်ချက်ဖြင့် ဆေးရုံကိုထွက်လာကြခြင်းဖြစ်သည်။

"ဆေးရုံမှာ ရှိရောရှိပါ့မလားကွာ. . ."



www.burmeseclassic.com

www.burmeseclassic.com



ဇော်ထက် ကားမောင်းနေရင်းမှ မျှော်လင့်ချက်မဲ့သော လေသံဖြင့်ဆို၏. . ။

"ချောင်းသာကမ်းခြေတစ်ခုလုံးလည်း နှံ့အောင်ရှာပြီးပြီ၊ သဲပြင်ကျွန်းပေါ်မှာလည်း သူ့နာမည် အကြော်ကြော်အော်ခေါ် ပြီးပြီ၊ လုံးဝမတွေ့ဘူး. . အဲ. . ဘုန်းကြီးကျောင်းတွေမှာလည်း သွားရှာပြီးပြီ၊ လုံးဝကို အစအနမတွေ့ဘူး . . . "

"ရေတွေဘာတွေများနစ်ပြီး သေပြီလားမသိပါဘူးကွာ"

ချမ်းမြေ့ ငိုသံပါကြီးဖြင့်ပြော၏။

"အဲဒါတော့ မဖြစ်နိုင်ဘူး ရေနစ်သေရင်လဲ အလောင်းပေါ်လောက်ပြီလေ၊ အဲဒါဆို ကမ်းခြေတခုလုံးသိတယ် ခုဟာက ဘာသံမှ မကြားရတော့ ရေနစ်သေတယ်လို့ ပြောလို့မရဘူး"

စုစုကျော်စကားက ဖြစ်နိုင်ခြေရှိနေသည်မို့ အားလုံးငြိမ်သက်သွားကြသည်။ ဒီကောင်ဘာမှ မဖြစ်ပါစေနဲ့လို့ပဲ ဆုတောင်းရတော့မှာပဲ။

ဆေးရုံက ပုသိမ်မြို့ပေါ်မှာမို့ သူတို့ကားကို အတော်လေး မောင်းလိုက်ရသည်။

ဆေးရုံဝင်းထဲ ကားချိုးဝင်လိုက်သည်နှင့် သူတို့အားလုံး ကားပေါ်မှာ အကုန်လုံးဆင်းကာ ဆေးရုံဝင်းထဲသို့ ရေးကြီးသုတ်ပျာဖြင့် ဝင်လာခဲ့ကြ၏။ စုစုကျော်တို့ သားမိက ကားထဲမှာ ကျန်ခဲ့၏။

ဆေးဝါးကုသဆောင်တွေ ဘက်ကို လှည့်ပြီးရှာကြ၏. .

"ဆရာမ ဒီဆေးရုံကို လွန်ခဲ့တဲ့ လေးရက်လောက်က ပိုင်ရှင်မဲ့ လူနာတစ်ယောက်များ ထိခိုက်ဒဏ်ရာတွေနဲ့ ရောက်လာသလား ခင်





ဗျာ"

ရွှေဘုန်းလူ နာ့စ်တစ်ယောက်ကို အလောတကြီးမေးလိုက်၏။

"ဪ ရှင်တို့က သူ့ပိုင်ရှင်တွေလား"

"ဟုတ်. . ဟုတ်ပါတယ်. . "

"လာ. . လာ. . ဒါဆို ကျွန်မနဲ့လိုက်ခဲ့. . "

"ဗျာ. . ဟုတ်ကဲ့"

ရွှေဘုန်းလူ ထိုနာ့စ်နောက်သို့ လိုက်ခဲ့၏။ အရိုးအကြောဌာနဘက်သို့ ချိုးကွေ့ဝင်လိုက်သည်နှင့် ကုသဆောင်ထဲရှိ လူနာတစ်ချို့ အော်ဟစ်ညည်းတွားသံကို ကြားရ၏။

နာ့စ် အခန်းတစ်ခုထဲသို့ ဝင်ခါနီး ရွှေဘုန်းလူကိုလှည့်ကြည့်၏။

"ဒီမှာလေ ရှင်တို့လူနာ"

ခုတင်ပေါ်တွင် ဆန့်ဆန့်ကြီး လှဲနေသော အသားမဲမဲ ကုလားကြီးတစ်ယောက်ကိုတွေ့တော့ ရွှေဘုန်းလူလန့်သွား၏။

"အဲ. . အဲဒါ. . ကျွန်တော်တို့ လူနာမဟုတ်ဘူးခင်ဗျာ၊ ကျွန်တော်တို့လူနာက အဲဒီလူကြီးလို ထုံးကျွမ်းနေတဲ့ အသားအရေမျိုး မဟုတ်ဘူး၊ အသားဖြူဖြူ အရပ်ရှည်ရှည် ရုပ်က တရုတ်နေအောင်လို ချောမျိုးခင်ဗျာ . . . "

"အင်းဒါဆိုရင်တော့ ရောက်မလာဘူးရှင့်. . "

ရွှေဘုန်းလူ စိတ်ဓာတ်ကျသွားသည်. . ။

"ဟုတ်ကဲ့ ဒါဆိုရင်လည်း သွားခွင့်ပြုပါဦးဆရာမ၊ ကျေးဇူးတင်ပါတယ်"

ရွှေဘုန်းလူ နာ့စ်ကိုကျေးဇူးတင်စကားဆိုပြီး ထွက်လာလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ တံ့နွေးသောခြေလှမ်းတွေဖြင့် တခြားအဆောင်တွေဘက်မှာ တွေ့လိုတွေ့ငြား လျှောက်ကြည့်လိုက်၏။

ရုတ်တရက် ဆီးသွားချင်လာ၍ သန့်စင်ခန်းထဲသို့ ဝင်ပြီး ကိစ္စ ရှင်းရသေးသည်။

အိမ်သာထဲမှအထွက် ဘေစင်မှာ လက်ဆေးတုန်းရှိသေးသည် အနောက်မှ ပခုံးကိုလာပုတ်သောကြောင့် လှည့်ကြည့်လိုက်သည်။

"အောင်မလေး . . ဘာ . . ဘာကြီးလဲ . ."

မျက်နှာတွေရော ခေါင်းတွေရော လက်တွေရော တစ်ကိုယ်လုံးပတ်တီးအဖွေးသားနဲ့ လူတစ်ယောက်။ မျက်လုံးပေါက် နှာခေါင်းနှင့် ပါးစပ်ပေါက်သာ ပေါ်သောပုံစံကြောင့် ရောမကားထဲမှ မမ်မီရုပ်တွေနှင့်ပင်တူသေး၏။

ထိုလူလက်ဟန်ခြေဟန်ဖြင့်ပြောနေ၏ ရွှေဘုန်းလူ ပိုက်ဆံတောင်းသည်ဟုပဲ ခပ်လွယ်လွယ်သဘောပေါက်လိုက်ပြီး အိတ်ကပ်ထဲမှ ငါးရာတန်တစ်ရွက်ကိုထုတ်ပြီးပေး၏။

"ရော့ . . ခင်ဗျားကို ကုသိုလ်ယူတာ . ."

ထိုလူ ငါးရာတန်ကို ဆတ်ခနဲပုတ်ချလိုက်သည်။

မယူဘူး ဆိုသည့်သဘော . . .

ရွှေဘုန်းလူ ကြောင်သွားသည်။

"ဟ . . ဘာလုပ်တာလဲ၊ ခင်ဗျားကို စေတနာနဲ့ပေးတာလေ ဘာလို့ ဒီလိုလုပ်ရတာလဲ၊ ခင်ဗျာတော်တော်ကျေးဇူးကန်းတဲ့လူ . . လူကြည့်တော့ ချိုကျိုးနားရွက်ပဲ့ ချိုင်းထောက်ကို အဖော်ပြုနေရတာ မယူချင်နေပေါ့ဗျာ . . ."





ရွှေဘုန်းလူ ပြုတ်ကျသွားသော ငါးရာတန်ကိုဆတ်ခနဲ ကောက်ယူလိုက်ပြီး အိမ်သာခန်းထဲမှ ထွက်ခဲ့လိုက်၏။

"ဘုန်း . . ဘုန်း . . လူ . ."

အစ်တစ်တစ် အသံနှင့် ကိုယ့်နာမည်ကို ခေါ်သံကြောင့် ရွှေဘုန်းလူ နောက်ကို ပြန်လှည့်ကြည့်လိုက်သည်။

ပတ်တီးအလိပ်လိုက်လူ ခေါ်နေသဖြင့် . . နည်းနည်းတော့ ကြောင်သွားရသည်။ ဒီလူ ငါ့နာမည်ကို ဘယ်လိုလုပ်ပြီး သိနေသလဲပေါ့။

"ဘာလဲ . . ဘာလုပ်ဖို့ ကျုပ်နာမည်ကိုခေါ်တာလဲ . . ."

"ငါ့ . . ငါ့ကို မမှတ်မိဘူးလား . ."

"ခင်ဗျား ဘယ်သူလဲ၊ လူကိုအကြောင်းလာမရိုက်နဲ့နော်"

"ဟေ့ကောင် . . ငါ ရဲနိုင်လေကွာ . . ."

"ဟမ် . . ဘယ်လို . . မင်း . . မင်း ရဲနိုင်လား . ."

ရွှေဘုန်းလူ ရဲနိုင်ဆို၍ လှုပ်လှုပ်ရှားရှားဖြစ်သွားကာ ထိုလူ့ရှေ့သို့ စွေ့ခနဲ ရောက်သွားပြီး ပတ်တီးတွေ ပတ်ထားသည့် လက်မောင်းတွေကို ဝမ်းသာအားရ ဆွဲကိုင်လှုပ်ယမ်းလိုက်သည်။

"အ . . အား . . နာ . . နာတယ် . . အောင်မလေးဗျ ကျိုးနေတဲ့လက်တွေ ကြေကုန်တော့မှာပဲ . . ."

"အေး . . အေးပါကွာ၊ ငါ . . ငါဝမ်းသာလွန်းလို့ပါကွာ၊ ငါတို့ခင်းကို လိုက်ရှာနေတာ တော်တော်လေးကြာပြီကွ . ."

"ငါ့ကို ရန်ကုန်ကလာတဲ့လူတွေ သဲဖြူကျွန်းမှာလဲနေတာတွေ့လို့ ဒီဆေးရုံကိုပို့ပေးကြတာလို့ပြောတယ်၊ ငါသတိရတော့ ငါ့နားမှာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှ မရှိကြဘူး၊ ငါ စကားတောင် ဟဟမပြောနိုင်ဘူး၊ ဒီနေ့မှပဲ စကားနည်းနည်းပြန်ပြောနိုင်တာ. . "

"အေး. . ဟုတ်ပြီ၊ မင်း မောသံကြီးပါနေတယ်. . အသံကြီးက လည်း ခြစ်တစ်တစ်နဲ့ အသံအိုး ပျက်သွားပြီထင်တယ်၊ ဒါပေမယ့် ကိစ္စ မရှိဘူး၊ ဒီရောဂါက မသေနိုင်ဘူး အသက်နဲ့ အဝေးကြီးပဲ. . လာ. . လာ. . ငါတို့ ရန်ကုန်ကိုပြန်ကြရအောင်၊ ဒီနေ့မှ မပြန်ရင် ဇေနဲ့ငါနဲ့ အပြတ်ပဲကွ. . မင်္ဂလာပွဲလဲ ဖျက်ပြီလို့ပြောတယ်ကွာ. . "

"ဟမ်. . ဟုတ်လား. . . "

ရွှေဘုန်းလူ ရဲနိုင်ကို တရွတ်ဆွဲခေါ်ပြီး ဆေးရုံရှေ့မှာ ရပ်ထား သော ကားရှိရာသို့ လျှောက်လာ၏။

"အ. . အား. . ဖြေးဖြေး ဆွဲခေါ်ပါကွာ၊ ငါ့အရိုးတွေ ပြုတ် ကျန်ခဲ့ပါမယ်ကွာ. . "

"အေးပါ မပြုတ်အောင် ခပ်ဖွဖွဆွဲခေါ်လာတာပဲ. . "

"ဟာ. . ရွှေဘုန်း မင်းဘယ်သူ့ကို တရွတ်ဆွဲခေါ်လာတာလဲ"

ချမ်းမြေ့နှင့် ဇော်ထက် ရွှေဘုန်းလူ တရွတ်ဆွဲခေါ်လာသော ပတ်တီးဗရပွနှင့်ရဲနိုင်ကို လုံးဝမမှတ်မိကြ. . ။

"ဇော်ထက် ချမ်းမြေ့ ငါတို့တွေ့ပြီကွ. . တွေ့ပြီ၊ အဲဒါ ရဲနိုင်ပဲ ကွ"

"ဟမ်"

"ဟာ. . သူငယ်ချင်းအဖြစ်က ဆိုးလိုက်တာကွာ၊ လက်ထဲမှာ ခွက်ကလေးတစ်လုံးသာပါရင် သေချာတယ် မင်းကို သနားပြီး ပိုက်ဆံ တွေလှူကြမှာ"





"ဟာ. . ခွီးထဲမှပဲ ငါကို သူတောင်းစားများမှတ်နေသလား"

"ကဲ. . မြန်မြန်လာ၊ ငါတို့ ဒီကနေပဲ ရန်ကုန်ကို တန်းမောင်းကြ တာပေါ့. . "

"အေးဒီလိုပဲ လုပ်ရတော့မှာပေါ့၊ ဒါမှ မနက်ဖြန် ရွှေဘုန်း မင်္ဂလာပွဲမီမှာ"

ဇော်ထက်နှင့် ချမ်းမြေ့ ရဲနိုင်ကို တစ်ဖက်တစ်ချက်စီ ဆွဲ၍ ကားရှိရာသို့ ထွက်လာခဲ့ကြသည်။ ကားထဲကိုတွဲပြီး သွင်းပေးကြသည်။

စုစုကျော် သူ့ကလေးကိုရင်ခွင်ပိုက်လျက် ကားအပြင်မှာ ထွက် ရပ်နေ၏။

"တွေ့လာပြီလား အစ်ကို"

ရွှေဘုန်းလူကို စုစုကျော်လှမ်းမေး၏။

"အေး. . တွေ့ပြီကွ"

ဖြေဆိုသူက ဇော်ထက်. .

"ဒါဆို. . အစ်ကိုတို့ ရန်ကုန်ကိုတန်းပြန်ကြတော့မှာပေါ့နော်"

စုစုကျော်၏ မေးသံကတိုးဖျော့နေ၏။

"အင်း ဟုတ်တယ် ပြန်ကြတော့မယ်၊ မနက်ဖြန်ဆိုရင် မင်္ဂလာ ပွဲတစ်ပြီ၊ မင်းကြားတဲ့အတိုင်းပဲလေ ဇေဆီကဖုန်းတွေ တဂွမ်ဂွမ်လာနေ တာ"

"ညီမဝမ်းသာပါတယ်အစ်ကို၊ ကဲ. . အစ်ကိုတို့ သွားကြတော့၊ ညီမ ဒီမှာပဲ နေခဲ့လိုက်တော့မယ်၊ ကမ်းခြေကို ပြန်ပို့ပေးမနေနဲ့တော့"

ရွှေဘုန်းလူ နားလည်စာနာပေးသော စုစုကျော်ကို ကျေးဇူး တင်မိသလို စိတ်မကောင်းလည်းဖြစ်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဇော်ထက် ရွှေဘုန်းလူပခုံးကို ဆုပ်ကိုင်ကာ တစ်စုံတစ်ခုကို ပြောချင်ဟန်ဖြင့် ချောင်းတစ်ချက်ဟန့်လိုက်သည်။

"ရွှေဘုန်း ငါမင်းကိုပြောစရာရှိတယ်. . အဲ. . ပြီးတော့ စုစုကျော်ကို ရောပေါ့၊ မင်းတို့ငါပြောတာကို အလေးအနက် နားထောင်ပေးကြ"

"ဘာပြောမလို့လဲ ဇော်ထက်"

ချမ်းမြေ့ပါ ကားမောင်းသူနေရာမှာ ဝင်ထိုင်နေပြီး ဇော်ထက် ဘာပြောမလဲဟု နားစွင့်နေ၏။

"မင်း စုစုကျော်ကို ဒီမှာပဲ ထားခဲ့မယ့်အတူတူ၊ ငါ့လက်ထဲကို အပ်လိုက်ပါလား"

"ဟမ်. . မင်းဘာပြောတာလဲ ငါမင်းပြောတာကို နားမလည်ဘူး"

"လာ. . ငါနဲ့မင်း ဟိုနားမှာ စကားသွားပြောမယ်"

ဇော်ထက် ခပ်လှမ်းလှမ်းသို့ ရွှေဘုန်းလူကို လက်ဆွဲပြီး ခေါ်သွား၏။

"ငါ. . စုစုကျော်ကို ကြွေနေပြီကွ"

"ဟာ မင်းကလည်း အဓိပ္ပါယ်မရှိ ဟိုက ကလေးတစ်ယောက်အမေလေကွာ"

"ကျွတ်. . မင်းကလည်း သူက ကလေးတစ်ယောက်အမေဆိုတော့ ငါကရော လူပျိုနုနုထွတ်ထွတ်လေးမို့လား၊ ငါနဲ့ငြိခဲ့တဲ့ ကောင်မလေးတွေသာ ကိုယ်ဝန်ရမယ်ဆိုရင် စုစုကျော်က ကလေးတစ်ယောက်အမေ. . အဟဲ. . ငါက ကလေးအယောက်နှစ်ဆယ်ကျော်နဲ့ အဖေဖြစ်





နေလောက်ပြီကွ"

"ဩော်. . တတ်လည်းတတ်နိုင်ပါရဲ့ကွာ၊ မင်းကကြိုက်ပြန်တော့လည်း ကိုယ့်ကိုယ်ကိုယ် ငယ်ကျိုးငယ်နာဖော်ပြီပေါ့ ဟုတ်လား၊ ဘယ်သူမှတောင် ဖော်ပေးစရာမလိုပါလား"

"မင်းမသိလို့ ကောင်မလေးက ကလေးတစ်ယောက် အမေပေမယ့် အစင်လေးကွ ထိလိုက်ရင် အိနေတာပဲ. . အဟီး"

"ဩော်. . မင်းတို့က ဒီမှာလာပြီးစုစုကျော်ကို လုနေတာပေါ့ ဟုတ်လား"

ချမ်းမြေ့ အနောက်မှာရောက်လာသည်။

"ဟာ. . လုတာမဟုတ်ဘူး. . ဒီကောင်ကွာ ငါဆီက လာပြီးအလျှုခံနေလို့. . "

"ငါကအစောကြီးကတည်းက ရိပ်မိပြီးသား ဒီကောင်အကြည့်တွေက စုစုကျော်အပေါ်မှာ ရိုးမှမရိုးသားတာ၊ ဟိုတစ်နေ့က စုစုကျော် ရေချိုးနေတာကို ချောင်းကြည့်နေတာ. . ငါမသိဘူးများ မှတ်နေလား"

"ဟာ. . ချမ်းမြေ့၊ အဲ့ဒါ ငါချောင်းတာမဟုတ်ဘူး ရေချိုးခန်းထဲမှာရေသံကြားလို့ ဘယ်သူများလဲလို့ ချောင်းကြည့်တော့"

ဇော်ထက်မျက်နှာကြီးရဲကာ. . ရှက်ရှက်နှင့်ပါးစပ်ထဲ တွေ့ကရာ အကြောင်းပြချက်တွေပေး၏။

"တဲပါ. . ငါတို့ စုစုကျော်ကို ရန်ကုန်ခေါ်သွားကြမှာပေါ့"

ရွှေဘုန်းစကားကြောင့် ဇော်ထက် သဘောအကျကြီးကျတာ. .

"အင်းလေ. . . အဟဲ. . ငါကလက်ထပ်ခွင့်တောင်တောင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့မလားလို့. . ဟိုရောက်ရင်. . မင်းတို့နဲ့အတူ တစ်ခါတည်း လက်ထပ်ပွဲလေး ကျင်းပလိုက်မယ်ကွာ. . ”

“မင်းသဘောပဲ. . မင်းကြည်ဖြူရင်. . ငါတို့ကဘာ ကန့်ကွက်စရာရှိလဲ. . ”

သူငယ်ချင်းသုံးယောက် ကားနားသို့ပြန်လျှောက်လာကြသည်။ ရဲနိုင်ကတော့ကားထဲမှ နေ၍နားသာစွင့်နိုင်၏။

“စုစုကျော်. . မင်းရန်ကုန်လိုက်ခဲ့မှ ဖြစ်တော့မယ်. . ”

“ရှင်. . ဘာဖြစ်လို့လဲ. . ကိုဘုန်းလူ. . ”

“မင်းကို. . ဇော်ထက်က မေတ္တာရှိနေလို့. . မင်းတို့ သားအမိနှစ်ယောက်ကို တစ်သက်လုံး စောင့်ရှောက်ချင်ပါတယ်တဲ့”

စုစုကျော်၏ ရှက်ရဲသော မျက်နှာလေးခေါင်းငုံ့သွားသည်။

“ဘယ်လိုလဲ. . လက်ခံမယ်မဟုတ်လား. . ကိုယ်မင်းကို တကယ်ချစ်တာပါ. . ဟို. . မူးလို့ပြောတဲ့စကားလို မဟုတ်ဘူးနော်. . ”

ဇော်ထက် ရွှေဘုန်းလူကိုလှမ်းပြီး ငေါ့လိုက်သေးသည်။

ရွှေဘုန်းလူမသိချင်ဟန်ဆောင် နေလိုက်သည်. . ။

“ကိုယ်. . တကယ်ကို လက်ထပ်ခွင့်တောင်းတာ၊ မင်းတို့ သားအမိကို ဒီမှာထားခဲ့ရမှာ စိတ်မချဘူး. . ငါတို့ကိုကူညီလိုက်တဲ့အတွက် မင်းကို အလွတ်ပေးကြမှာ မဟုတ်ဘူးကွ. . ”

“ညီမ သိပါတယ်အစ်ကို. . ဒါပေမယ့်. . ”

“ဒါပေမယ့်တွေ ဘာတွေလုပ်မနေနဲ့. . . ငါကလူပျိုတစ်ယောက် မိန်းမမရှိဘူး. . မင်းကိုလက်ထပ်လို့လည်း ကန့်ကွက်မယ့်သူမရှိဘူး၊ ခုချိန်မှာ. . မင်းငါ့ကိုချစ်ချစ်မချစ်ချစ်. . မင်းဘဝအတွက်





မင်းသားလေးအတွက် လက်ခံလိုက်ပါ၊ မင်းဘဝ ထာဝရငြိမ်းချမ်း သွားစေရမယ်လို့ ငါက ကတိပေးတယ်. . ”

စုစုကျော်အဖို့ ဒီအချိန်မှာ ရွေးချယ်စရာလမ်းမရှိတော့ ငြင်းနေရင်လည်း ကိုယ်နဲ့ကလေးပဲ. . ရှေ့လျှောက် ဒုက္ခပင်လယ်ဝေဦးမှာ. .

“ညီမ. . လက်ခံပါတယ်. . အစ်ကိုဇော်ထက်. . ”

“အိုကေ. . ဟုတ်ပြီ. . မင်းလိမ္မာတယ်၊ ကဲ. ဖေဖေ့သား. . လာ. . ဖေဖေချီမယ်နော်. . အဟဲ. . ဟဲ. . ဟဲ. . ဖေ့သားကို ဖေကအရမ်းချစ်တာကွ”

စုစုကျော်လက်ထဲမှ ကလေးကို. . လှမ်းခေါ်လိုက်ပြီး တရှုံ့ရှုံ့နမ်းနေ၏။ ဇော်ထက်ဘဝမှာ ဘယ်ကလေးကိုမှ မချစ်တတ်ဘူးဆိုတာ သူငယ်ချင်းအားလုံးအသိ. .

မကိုခင်လို့ ဥကိုခင်တယ်ဆိုတာ ဒီလိုကောင်မျိုးကိုရည်ရွယ်တာ ဖြစ်မည်။





www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၂၂)

"ဟာကွာအရေးထဲ . . ကားကဘာဖြစ်ပြန်ပြီလဲ မသိဘူး"

ချမ်းမြေ့ကားမောင်းနေရင်းမှ ထိုးရပ်သွားသော ခပ်ညည်းညည်းဆိုလိုက်၏ . . ။

"ဆီပြတ်သွားတာထင်တယ် . ."

"ဟာ . . ဒုက္ခပါပဲကွာ၊ အရင်လိုပါတယ်ဆိုမှ အကြောင်းတပေါ်လာပြန်ပြီ . ."

ရွှေဘုန်းလူ သောကပွေနေသော မျက်နှာဖြင့် စိတ်ပျက်စွာ





ညည်းတွားလိုက်သည်။ ထိုအချိန်တွင် ဖုန်းကဝင်လာပြန်သည်။

"ကျွတ် . . ဒီတစ်ခါ ငါ့မိဘတွေ ဆက်တာကွ . . ဖေ ဆက်တာမဟုတ်ဘူး"

"ဟော့ကောင် . . ဘုန်းလူ . . မင်းဘာအချိုးတွေချိုးလဲ ငါတို့လူကြီးချင်း မျက်နှာပျက်အောင် လုပ်နေတာလားကွ၊ မင်္ဂလာပွဲက မနက်ဖြန်စတော့မှာလေ မေ့နေပြီလား . ."

"မ . . မဟုတ်ဘူး . . ဖေဖေ၊ ကျွန်တော်အခု လမ်းမှာ ရောက်နေပြီး . . ကားပျက်နေလို့ကြာနေတာ . . မင်္ဂလာပွဲအမီ ရောက်ရစေမယ်ဖေဖေ . ."

"အေး . . မရောက်ရင်လည်း ငါတို့က နောက်တစ်နေ့ အမွေပြတ်ကြေညာလိုက်ရုံပဲကွ . ."

ပြောချင်ရာပြောပြီး ဖုန်းချသွားသဖြင့် ရွှေဘုန်းလူ ကြက်ကြီးလည်လိမ်ထားသလိုဖြစ်သွား၏။ နောက်တစ်ကြိမ် . . ဖုန်းထပ်မြည်လာပြန်သည်။

"အီး . . ဒီ . . ဒီတစ်ခါ . . ဖေဆီကကွ . ."

မျက်စိမျက်နှာပျက်ကာ . . သောကပွေနေရှာသော ရွှေဘုန်းလူ၏ အဖြစ်ကိုသူငယ်ချင်းတွေလည်း မကူနိုင်မကယ်နိုင် . . စုစုကျော်လည်းရင်တမမနှင့် . .

"ဟဲလို . . ဖေ . . ကိုယ် . . ဖေကို အနူးအညွတ်တောင်းပန်ပါတယ်ကွာ၊ ကိုယ်အခု . . ရန်ကုန်ကိုပြန်လာတဲ့လမ်းမှာ ကားပျက်နေလို့ . . မနက်လောက်မှ ရန်ကုန်ကိုရောက်ဖြစ်မယ် ကိုယ်မင်္ဂလာပွဲအမီ ရောက်ရပါစေမယ်လို့ လုံးဝကိုကတိပေးပါတယ်ကွာ . ."



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်အကြောင်းပြချက်တွေက ကုန်ပဲမကုန်နိုင်တော့ဘူးလား ဘုန်းလူ. . ရှင်ကဘယ်လိုလူစားမျိုးလဲ. . ကျွန်မကိုသက်သက်မဲ့ အရှက်ခွဲနေတာလား. . ဟမ်. . "

လရောင်အောက် လယ်ကွင်းတွေ နံဘေးရှိကားလမ်းမပေါ်တွင်. . ဇေ့အသံစူးစူးလေးက ဒေါသသံတွေအဖြစ် ဖုန်းထဲမှ လျှံထွက်နေ၏။

ချမ်းမြေ့တို့အားလုံးလည်း အသက်ပင်ဝဝ မရှူရဲကြ ဘေးကနေ ငြိမ်ပြီးနားထောင်နေကြ၏။

"ဘုရားပေးပေး. . ကျမ်းပေးပေးပါ. . ဇေလေးရယ် ကိုယ်က ဇေ့ကို အသက်ထက်တောင်ချစ်သေးတာ ဘယ်လိုအရှက်ခွဲရမှာလဲ. . "

"ဒါဆို. . ကျွန်မကသတို့သားမပါပဲ မင်္ဂလာဆောင်ရမှာလား"

"အဲ. . အဲလိုမဟုတ်ဘူး. . ဟိုလေ. မနက်ဖြန်မင်္ဂလာပွဲကို အချိန်မီရောက်ရပါစေ့မယ်. . ဒီညတော့ ဆီဘယ်မှာမှရှာဝယ်လို့မရတဲ့အတွက် လမ်းမှာပဲ မိုးလင်းရလိမ့်မယ်. . ဒါပေမဲ့ စိတ်မပူပါနဲ့ ကိုယ်. . ဇေ့ကိုအရမ်းချစ်တယ်. . ဘယ်လိုမှအဆုံးအရှုံး မခံနိုင်ဘူး. . "

ရွှေဘုန်းလူ ဗီလင်အပြည့်ဖြင့် ပြောကောင်းတုန်းရှိသေးသည် ဇေယျာနွယ်ဖုန်းချသွားသည်။

"ဟာကွာ. . ဖုန်းကချသွားပြီ. . "

ရွှေဘုန်းလူ ဖုန်းကိုနှမြောတသစွာ ကြည့်ပြီးကားလမ်းပေါ်မှာပင်စိတ်ပျက်လက်ပျက် ထိုင်ချလိုက်သည်။ ညရနံ့တွေ သင်းပျံ့နေသောလေပြည်တို့ပင် ရွှေဘုန်းလူအတွက် အေးမြမှုကို မပေးနိုင်တော့။

ချမ်းမြေ့နှင့်ဇော်ထက်လည်း ဖြတ်သွားသမျှကားတွေကို ဆီ





ဝယ်၍ရလိုရငြားတား ကြည့်ကြသည်။ မည်သည့်ကားမှ ရပ်မပေးကြ။ နောက်ဆုံးတော့ ကားပေါ်မှာပင် မိုးလင်းပေါက် ငုတ်တုတ်ထိုင်ငိုက်ခဲ့ကြရ၏။

မနက်မိုးလင်းတော့မှ ဘုရားဖူးယာဉ်ကားတစ်စီးထံမှ ဆီဝယ်၍ရသွားသည်။

"ချမ်းမြေ့. . ကားကိုငါပဲမောင်းမယ်ကွာ. . "

ရွှေဘုန်းလူ ရန်ကုန်အချိန်မီပြန်ရောက်ရေးမှာ အသက်ထက်ပင် အရေးကြီးသဖြင့် ကားကိုအရှိန်နှုန်းမြှင့်၍ မောင်းလေတော့သည်။ ဝီးခနဲ. . ဝီးခနဲ မောင်းလိုက်ပုံများ. . ဒုံးပျံထက်ပင် မြန်နေမလားမသိ။

"ဟာ. . ဟေ့. . ဟေ့ကောင်. . ဖြည်းဖြည်းမောင်းပါကွ၊ ငါတို့အားလုံး မင်းရဲ့မင်္ဂလာပွဲကို ဝိညာဉ်အဖြစ်နဲ့ သွားနေရပါဦးမယ်. . "

"ဆောရီးပဲ သူငယ်ချင်းရေ. . ရန်ကုန်ကို အချိန်မီရောက်ဖို့အတွက် ငါဒီလောက်တော့ ရင်းနှီးသင့်တယ်ကွ. . "

ရွှေဘုန်းလူမောင်းသောကားကို အားလုံးသည်းထိတ်ရင်ဖို ဖြင့် ဇီဖြူသီးဆန်ကောထဲလှိမ့်သလို လှိမ့်ခံရင်းလိုက်ပါလာကြ၏။ အားလုံးရင်တမမ ဘုရားတတတဖြင့် လိုက်နေရသောအချိန်တွင် စုစုကျော်၏ သားထံမှ ထူးခြားစွာဖြင့် တခိုးခိုးတခစ်ခစ်ရယ်သံတွေ ထွက်ပေါ်လာနေသေး၏။ လှောင်တာလား ပျော်နေတာလား ဆိုတာတော့ ဒီကလေးကလွဲပြီး ဘယ်သူသိနိုင်မှာလဲ. . .။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၃)

"ဘုန်းလူ မင်္ဂလာပွဲစဖို့ တစ်နာရီကျော်ကျော်ပဲလိုတော့တယ် နော်"

ဇေအသံကစိတ်လှုပ်ရှားလွန်း၍ တုန်အက်နေ၏။ ရွှေဘုန်းလူလည်း ကားမောင်းနေရင်းမှ ဇောချွေးတွေတဖြိုက်ဖြိုက်ကျနေ၏။

"ရောက်တော့မယ် ကိုယ်တို့ဘုရင့်နောင်တံတားပေါ် ရောက်နေပြီလေ၊ ကိုယ်အခုကားကို အရှိန်နှုန်းမြင့်ပြီး ရဟတ်ယာဉ်မောင်းသလို မောင်းနေတယ်"





"အို. . . အဲလိုမောင်းနေရင် မင်္ဂလာပွဲကို ရောက်မလာပဲ. . ရေဝေးကို တန်းရောက်သွားမယ်"

"ရောက်ခါမှ ရောက်ရော ဇေရယ်၊ ကိုယ်ဇေ့ကို အရမ်းချစ်တယ်၊ ဒါကြောင့်မင်္ဂလာပွဲကို ဘယ်လိုနည်းနဲ့မှ အပျက်မခံနိုင်ဘူးကွ"

ရွှေဘုန်းလူကားကိုလည်း အမြန်မောင်းနေသေးသည် ဖုန်းတလည်းပြောနေသေးသည်မို့ ချမ်းမြေ့မျက်လုံးပြူးနေကြသည်။

ဘေးမှကားတွေလည်း ဇောဖြင့်မောင်းနေသော ရွှေဘုန်းလူတားကို ကွေ့ရှောင်ရင်း. . .

"ကျွိ. ."

"တီ. . တီ. . တီ. ."

"ဟေ. . ကားကိုဘယ်လိုမောင်းနေတာလဲ သေချင်လို့လား။ တစ်နေ့ထမင်းနှစ်နပ်စားရတာ ငြီးငွေ့နေရင်းလည်းပြော"

တခြားကားတွေမှ အမျိုးမျိုးမေတ္တာလှမ်းပို့သံတွေကို လည်းဂရု မစိုက်အား။

"ဘုန်းလူ. . ငါတစ်လှည့်မောင်းမယ်ကွာ. ."

"ချမ်းမြေ့စိတ်ပူစွာဖြင့် သူမောင်းရန်ပြော၏. . ။

"ဘုန်းလူ. . ငါ. . ငါ့အရိုးတွေ ကျိုးစရာမရှိတော့ဘူးနော်. . ဒီတစ်ခါဆိုရင်တော့ ငါ့တစ်ကိုယ်လုံး စိစိညက်ညက်ကြေရုံပဲ ရှိတော့မှာကွ. ."

ရဲနိုင် ဖုတ်လိုက်ဖုတ်လိုက်အသက်ရှူရင်း ထိတ်ထိတ်ပျာပျာ တောင်းပန်ရှာ၏။ ဇော်ထက်ကလည်း မျက်လုံးအပြူးသားဖြင့်. .

"ဘုန်းလူစိတ်ကို ငြိမ်ငြိမ်ထားပြီးမောင်း၊ ငါတို့အသက်တွေက-



www.burmeseclassic.com

www.burmeseclassic.com



မင်းလက်ထဲမှာ ပဲရှိတယ် သိလားသူငယ်ချင်း၊ ငါ့မိန်းမ အသစ်စက်စက်နဲ့ ငါ့ဝမ်းမနာသားလေးနဲ့ အတူနေပါရစေဦးကွာ”

အားလုံး၏ခံစားမှုတွေသည် ရှိလာကိုစတာစီးနေရသလို. . ရင်ကအေးအေး အသည်းတငြိမ့်ငြိမ့်ဖြင့် ကိုယ့်ကိုယ်ကိုယ် စတေးပြီး အဆုံးစီရင်သလို ခံစားနေကြရ၏။

စုစုကျော်ဆိုလျှင် သူ့သားလေးကို ခပ်တင်းတင်းပွေ့ပြီး မျက်လုံးလေးမှေးစင်းကာ. . ဂုဏ်တော်တွေပွားနေသည်ဟု ထင်ရလောက်အောင် ပါးစပ်ကပွစိပွစိ။

ရွှေဘုန်းလူကားမောင်းရင်း. . ဇေယျာနွယ့်ဆီ ဖုန်းထပ်ဆက်ပြန်သည်။

“ဟဲလို. . ဇေ. . ကိုယ်. . ကိုယ်ရောက်တော့မယ် အခု လှည်းတန်းမီးပွိုင့်ကို ကျော်လာပြီ. . ကိုယ့်အတွက်ဝတ်စုံ အဆင်သင့်ပြင်ထားတော့ ဟိုတယ်ရှေ့ကားရပ်တာနဲ့ ကိုယ်အဝတ်အစားလဲမယ်. . အိုကေနော်. . ဇေ. . ”

အားလုံးဘုရားတတတဖြင့်ပင် ဟိုတယ်ရှေ့သို့ရောက်လာ၏။

အားလုံး၏စိတ်ထဲမှာ. . ဟူး. . တော်ပါသေးရဲ့ ငါတို့ သေတွင်းက လွတ်လာကြပြီဟု. . စိတ်ကိုလျှော့ချလိုက်ကြ၏. . ။

ကားကိုဟိုတယ်ဝင်းထဲသို့ ချိုးကွေ့ဝင်လိုက်ပြီး ရွှေဘုန်းလူ ကားစတန်းမှာပင် ကားကိုနေရာကျအောင် ရပ်မနေအားတော့. . .

ဟိုတယ်ဝင်ပေါက်တွင်. . ဇေယျာနွယ်သတို့သမီး ဂါဝန်အဖြူလေးနှင့် ဖုန်းတစ်လုံးကိုင်ကာ. . ဖျိုင်းမလေး ဖျိုင်းထီးကိုမျှော်သလို. . လည်ပင်းရှည်မတတ်မျှော်နေရှာရင်း. . ကားထဲမှ ဒရောသောပါး ဆင်း





ချလာသော ရွှေဘုန်းလူကိုမြင်တော့မှ. . မျက်လုံးအစုံကိုမှိတ်လျက်. . ဟင်းခနဲ သက်ပြင်းလုံးကြီးချလိုက်၏. . ။

ရင်ထဲမှာရှိသော. . အဖုအထစ်တွေကတော့ မပြေသေး တကန့်စီရှင်းရမှာပင်. . ။

“ဇေ. . ကိုယ်ရောက်ပြီ. . ”

ဇေယျာနွယ်. . ခပ်မဲ့မဲ့ပြုံးလိုက်၏ ကြွေရုပ်ကလေးလို လှနေသော ဇေယျာနွယ်ကိုကြည့်ပြီး ရွှေဘုန်းလူအမောတွေပင် ပြေသွားရလောက်အောင် ဇေအရမ်းလှပါသည်။ ချစ်စရာကောင်းလိုက်တာ ။

“ဪ. . ခုတော့. . ရှင်တကယ်လာပြီပေါ့နော်. . ”

“ခွင့်လွှတ်ပါကွာ. . ကိုယ်တောင်းပန်တယ်. . ”

“ဇေက ရှင့်ကို ခွင့်လွှတ်ရမယ် ဟုတ်လား၊ ရှင်လိမ် ပြောတော့ ချမ်းမြေ့လိပ်ခေါင်းခွဲရမှာဆို. . ခုတော့ ရှင်တို့တစ်ဖွဲ့လုံး ချောင်းသာမှာ အလေလိုက်ပြီး အိုနာကျိုးကန်းဖြစ်ပြီး ပြန်လာကြတယ်ပေါ့ ဟုတ်လား”

“ဟမ်. . ဇေ. . ဇေ. . သိနေတယ်ဟုတ်လား. . ”

ဇေစကားကြောင့် အလိမ်ပေါ်ရသော ရွှေဘုန်းလူမျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်အထိ ထိတ်လန့်တုန်လှုပ် သွားရသည်။

“ရဲနိုင်ကို သဲဖြူကျွန်းကနေခေါ်ပြီး ဆေးရုံကို သွားပို့ပေးတာ ဘယ်သူလဲ. . ရှင်သိလား. . ”

“အမ်. . မ. . မသိဘူး. . ”

“ဟွန်း. . မသိရင်မှတ်ထား. . ရဲနိုင်ကို သဲဖြူကျွန်းက နေခေါ်ထုတ်ပြီးဆေးရုံကိုပို့ခဲ့တာ ကျွန်မရဲ့အစ်ကိုနဲ့ယောက်မ လင်မယားပဲ. . ”

“ဟင်. . တ. . တကယ်. . ”



www.burmeseclassic.com

www.burmeseclassic.com



"ဘာငြင်းချင်သေးလို့လဲ. . ဒီတစ်ခါငြင်းရင်တော့ ရှင်အသေပဲနော်. . "

ရွှေဘုန်းလူတွင် ဇေယုံလောက်အောင် ပြောနိုင်သည့် အကြောင်းပြချက်တွေမရှိတော့. . ။

"မ. . မငြင်းချင်တော့ပါဘူး. . ဇေရယ်၊ ကိုယ်. . ကိုယ်လေ သူတို့ဆွယ်လို့ လူပျိုလက်ကျန်ရက်ကလေးတွေကို. . အဲ. အဲ ဒီမှာသွားဖြုန်း မိပါတယ်. . ကိုယ်အပေါင်းအသင်း မှားသွားလို့ပါနော်. . နော်လို့. . "

"ဖြန်း. . ဖြန်း. . "

"အောင်မလေးဗျ. . တကယ်ဆော်တယ်ဗျ"

ရွှေဘုန်းလူဟိုဘက်ပါး. . ဒီဘက်ပါးလည်ထွက်သွားအောင် ဇေ့လက်သံကပြင်း၏။ သူငယ်ချင်းတွေပင် ပါးစပ်အဟောင်းသားဖြင့် အံ့သြကုန်ကြသည်။

"ကဲ. . မင်္ဂလာပွဲစတော့မယ်. . အချိန်မရှိဘူး၊ အဲဒီကိစ္စကိုပွဲပြီးမှဆက်ရှင်းမယ်. . ရှင့်ကို. . မင်္ဂလာဦးညကစပြီး နောက်တစ်လတိတိ အစာရေဆာအငတ်ထားမယ်. . ဘာဆို ဘာမှမကျွေးဘူး. . အဲ. . အပြင်မှာဝယ်စားမယ်တော့ မကြံနဲ့နော်. . ဇေယျာနွယ့်လက်သံ ဘယ်လောက်ပြောင်တယ်ဆိုတာ ခုလက်တွေ့သိပြီ မဟုတ်လား. . "

ဇေယျာနွယ်. . ရွှေဘုန်းလူလက်ကိုဆွဲကာ အဝတ်လဲခန်းရှိရာသို့ ဂါဝန်လေးမကာ,မကာဖြင့် ရှေ့ကလျှောက်သွား၏. . ။

ရွှေဘုန်းလူ၏ ခြေလှမ်းတွေက. . ဇေယျာနွယ့်လောက် အင်အားမရှိသလို. . တုံ့နှေးနေ၏. . ။





အစာရေဆာဖြတ်မယ်ဆိုတာ ကြုံသိမှတော့. . ဘယ်လိုလုပ်အင်အားတွေရှိတော့မှာလဲ. . ရက်စက်ပါပေ့. . ဇေရယ်. . ။

သူငယ်ချင်းတွေအားလုံးကိုလည်း အသေအချာပိတ်ထားရဦးမည်။ ချောင်းသာမှာ အပေလိုက်မိသည့် ကိစ္စကတော့ ရှိစေတော့. . စုစုကျော်ကိုမှားပြီးလက်ထပ်မိသည့်ကိစ္စကတော့ အသက်သာအသေခံလိုက်ကြ. . လုံးဝဖွင့်မပြောမိပါစေနဲ့လို့. . .

ဒီကိစ္စသာ ဇေသိခဲ့မယ်ဆိုလျှင်. . ရွှေဘုန်းလူဘဝက မတွေးဝံ့စရာ. . . တစ်သက်လုံးအငတ်ဘေး ဆိုက်မည့်ကိန်း. . ။

**ရှင်ပေနိုင်းချမ်းမြေ့ကြပါစေ**

WAITHZAR



www.burmeseclassic.com